

လူငယ်တွေပဲဖြစ်ဖြစ် . . .
လူကြီးတွေပဲဖြစ်ဖြစ် . . .
နည်းနည်းဖြစ်ပြီ . . . များများတွေရှိ

# သုည

## အတွေးရသစာစု

---

## ဦးတုန်း(ဓာတု)
## မန္တလေး

design Antt Bwere Zin

# မာတိကာ


- မြန်မာကြက်သားပြုတ်ရည်
- စာရေးသူ၏ အတွေး

၁။ လောကဓံမိုး

၂။ နှာ

၃။ ကိုယ်တိုင်ရေးဝတ္ထုစာအုပ်

၄။ အမေကြည်

၅။ လက်ခေါက်

၆။ ကြည့်မှန်

၇။ မင်္ဂလာဦးည

၈။ သီလသတ္တိ

၉။ ပွဲတင်သံ

၁၀။ စားပွဲဝိုင်း ငိုချင်း

၁၁။ အံ့သွားတစ်ချောင်း

၁၂။ စိတ်ကူးရထား

၁၃။ သုည

၁၄။ ပုံရိပ်

၁၅။ ပိတုန်း

၁၆။ ဒရိုင်ဘာ

၁၇။ ခြင်

၁၈။ အုမ

၁၉။ သွေးကိုက်ခံရသူများ

၂၀။ မီးဖိုဘေးကလူတွေ

# မြန်မာကြွက်သားပြုတ်ရည်

(၁)

ကျွန်တော့်ဘဝတွင် ကံထူးခဲ့သည်ဟု ယူဆရသော အခြင်းအရာများအနက် ဆယ်ကျော်သက်အရွယ်မှာပင် မော်ဒန်ဝတ္ထုတိုများနှင့် ထိတွေ့ခွင့်ရပြီး သင်ကြားပေးခဲ့သူ အင်္ဂလိပ်စာဆရာမကလည်း မော်ဒန်ဝတ္ထုတိုကို နားလည်သူ၊ ပြန်ရှင်းပြနိုင်သူ ဖြစ်နေခဲ့ခြင်း ဖြစ်၏။ ပုဂံစာအုပ်တိုက်ထူထောင်အပြီး သိပ်မကြာမီမှာ ထုတ်ဝေသော ကမ္ဘာကျော်ဝတ္ထုတိုများနှင့် တက်တိုး၏ ရှင်းပြချက်များ စာအုပ်ကလည်း မော်ဒန်ဝတ္ထုတိုများကို နားလည်စေခဲ့ပါသည်။

ထို့ကြောင့်ပင် ဆရာဒဂုန်တာရာနှင့် ဆရာမကြည်အေးတို့၏ ဝတ္ထုတိုများကို ကျွန်တော်နှစ်သက်ခဲ့သည်။ ဆရာ၏ မူးယစ်ရီဝေသောနွေညများ ဝတ္ထုတိုပေါင်းချုပ်မှာ နိုင်ငံခြားဝတ္ထုတိုကောင်းများကို မြန်မာမှုပြုထားခြင်းဖြစ်သည်။ ဆရာ၏ ဝတ္ထုတိုပေါင်းချုပ်ကို ကြိုက်နှစ်သက်ခဲ့သည်ဖြစ်၍ နွေညများသည်လည်း ကျွန်တော့်အကြိုက် ဖြစ်ခဲ့သည်။ ထိုမြန်မာမှုပြု ဝတ္ထုတိုများကို ဖတ်ရသောအခါ ဆရာ၏ မော်ဒန်ဝတ္ထုတို အာလျူကို မြင်မိသည်။ ထို့နောက် ဒဂုန်တာရာ ဝတ္ထုတိုပေါင်းချုပ် ထွက်လာသည်။ ထိုစာအုပ်သည် အိပ်ရာဘေးနားထားရသောစာအုပ် ဖြစ်လာခဲ့သည်။

ထိုစဉ်က ကျွန်တော် ဘွဲ့ရပြီးပြီ။ အလုပ်ဝင်နေပြီ။ လူပျိုဆောင်တွင် တစ်ခန်းတည်း အတူနေရသော မိတ်ဆွေကလည်း စာဖတ်ဝါသနာပါသူဖြစ်သည်။ သူက ဒဂုန်တာရာ ဝတ္ထုတိုပေါင်းချုပ်ကို ယူဖတ်သည်။ နံနက်ပိုင်းကယူပြီး မွန်းလွဲပိုင်းကျတော့ ပြန်ပေးသည်။ ဘာတွေမှန်းလဲ မသိဘူးဟု ထောပနာပြု၏။ ကျွန်တော်က နောက်ထပ် ဝတ္ထုတိုပေါင်းချုပ် တစ်အုပ် ထပ်ပေးလိုက်သည်။ ရေးသူမှာ ရုပ်ရှင်နယ်တွင် ထင်ရှားနေသော စာရေးဆရာကြီး ဖြစ်သည်။ ဇာတ်လမ်းအဆင်တော်သည်။ လှည့်ကွက်ကို ပိုင်ပိုင်သုံးသော အိုဟင်နရီ လိုင်း။ မိတ်ဆွေက အလွန်သဘောကျသွားသည်။ ဝတ္ထုတိုဆိုတာ ဒီလိုမှပေါ့ဟု မှတ်ချက် ပေးသည်။

ဇာတ်လမ်းအဓိက ဝတ္ထုတိုမျိုးသည် လှည့်ကွက်ကို အသားပေးတတ်သည်။ ဖတ်သူမှာ ဇာတ်ကွက်မှလွဲ၍ ဘာမှမရ။ ဘာမှမကျန်။ တစ်ထိုင်တည်းဖတ်အပြီးတွင် လှည့်ကွက်များသာ ကျန်ခဲ့မည်။ ဆရာဒဂုန်တာရာ၏ ဝတ္ထုတိုများကို သူ တစ်ထိုင်တည်း အကုန်ဖတ်လိုက်တာ ဆိုးသွားပါသည်။ ထိုဝတ္ထုမျိုးကား တစ်ညတစ်ပုဒ်သာ ဖတ်ရသော ဝတ္ထုမျိုး။

(၂)

ဆရာဦးဘုန်း(ဓာတု)၏ သုညအမည်ရှိ အတွေးရသစာစုစာမူ ကျွန်တော့်ထံ ရောက်နေသည်မှာ တစ်လလောက်ရှိတော့မည်။ သူ့စာတို့၊ ဇော်ခိုင်ဦး (မန္တလေး တော်ကင်) စာတို့၊ မောင်ရင့်မာ (ကျောင်းကုန်း)၏ အက်ဆေးတို့က တစ်ထိုင်တည်း အကုန်ဖတ်လို့

ရသည့်စာမျိုး မဟုတ်။ တစ်ပုဒ်ချင်းဖတ်ပြီး စဉ်းစားရသည်။ နောက်နေ့ကျတော့ နောက်တစ်ပုဒ်ဖတ်။

(၃)

ဦးဘုန်းကို ကျွန်တော် မသိပါ။ စာအုပ်တိုက် တစ်တိုက်မှပြုလုပ်သော စာအုပ်သစ်မိတ်ဆက်ပွဲတွင် ရိပ်ခနဲ မြင်လိုက်ဖူးသည်။ ထိုနေ့က စာအုပ်သစ် နှစ်အုပ်မိတ်ဆက်ရာ တစ်အုပ်မှာ သူ့စာအုပ်ဖြစ်သည်။ ကျွန်တော့်ကို မိတ်ဆက်အမှာစကား ပြောခိုင်းလေရာ ရသမျှအချိန်ကလေးအတွင်း သူ့စာများကို အမြန်ဖတ်ကြည့်ရသည်။ ပွဲစီစဉ်သူအလိုကျအောင် ပြောသင့်တာပြောလိုက်ရသော်လည်း ကျွန်တော် ဘဝင်မကျ။ သူ့စာတွေက အတွေးပါသောစာမျိုး။ စဉ်းစားစရာတွေ လက်ဆင့်ကမ်းသောစာမျိုး ဖြစ်သည်။ ဤလိုစာမျိုးအတွက် အချိန်များများယူပြီး ဆင်ခြင်သင့်သည်။

(၄)

သူ့စာများကိုဖတ်ရင်းက အနောက်တိုင်းတွင် နာမည်ကြီးလှသော Chicken Soup for the Soul စာအုပ်တွဲများကို သတိရနေသည်။ အတွေးကို ပေးသောစာမျိုး၊ အားဖြည့်လမ်းညွှန်စာမျိုး၊ စာဖတ်ဝါသနာပါပြီး ဆင်းဆင်းရဲရဲနှင့် ယုံကြည်ရာလုပ်နေသော အသက် ၇၀ ကျော် လူပျိုကြီးတစ်ယောက်အကြောင်းဖြစ်သည့် 'ပွဲတင်သံ'ဆိုသော စာပိုဒ်ကိုဖတ်ပြီး စဉ်းစားစရာတွေ အများကြီးရလိုက်သည်။ တစ်ပတ်လောက်အထိ နောက်တစ်ပုဒ်ဆက်မဖတ်ဖြစ်။

(၅)

ဦးဘုန်း၏စာများကိုဖတ်ရင်း ကိုယ့်ကိုယ်ကို ပြန်စစ်ဆေးမိတာတွေ ရှိလာသည်။ ကျွန်တော်တို့လိုလူစားမျိုးက အပတ်စဉ်အလျင်မီအောင် ရေးနေရသော Professional Writer မျိုး။ ပေးချိန်တန်ပေးနိုင်အောင် စာမပြတ်ရေးနေရသည်။ ရေးနိုင်ဖို့အတွက် မပြတ်တွေးနေရသည်။ ဦးဘုန်းတို့ကတော့ (ဆရာဇော်ဂျီစကား ငှားပြောရလျှင်) ပြောက်ကျား စာရေးဆရာတွေ ဖြစ်သည်။ ရေးထိုက်တာတွေးပြီး ရေးချင်စိတ်ပေါ်မှသော ရေးသော luxury ခံစားရသူမျိုး။ မတွေးဘဲ မရေးဘဲ နေချင်သလောက် နေနိုင်ခွင့်ရှိနေသည်။ ထို့ကြောင့် သူတို့ကလောင်ဖျားမှ ထွက်လာသမျှ စာတွေက ဝင်းပနေတတ်သည်။ အချို့ပြောက်ကျားစာရေးဆရာတွေက သုတေသန စာတမ်းတွေ သုတစာတွေ ရေးကြသည်။ ဦးဘုန်းတို့လို စာရေးဆရာမျိုးကတော့ ဆင်ခြင်စရာတွေကိုပါရေးသည်။ ဘဝအတွက် အားဖြည့်လမ်းညွှန်ပါနေ၍ မြန်မာ Chicken Soup ဟူ၍ပင် ပြောလိုက်ချင်သည်။

ဦးဘုန်းတစ်ယောက် ရှာရှီးကိုးပေါက် များများလျှောက်ပြီး များများတွေးကာ ရေးချင်စိတ်ပေါ်တိုင်း ရေးနိုင်ပါစေဟု ဆန္ဒပြုလိုက်ပါ၏။

ကျော်စောမင်း

၂၂-၃-၂၀၁၁

# စာရေးသူ၏

# အတွေး

ရိုးရိုးလေးတွေးပြီး ရိုးရိုးလေးရေးထားသော 'အတွေးရသစာစု' ဖြစ်ပါသည်။

နေ့စဉ်မြင်တွေ့နေရသော ဖြစ်ရပ်များကို ကျွန်တော်သတိပြုမိသည်။ နေ့တိုင်းမြင်တွေ့နေရသောကြောင့် မထူးဆန်းဘူးဟု ထင်ရသော်လည်း အတွေးထောင့်တစ်ခုမှ စဉ်းစားကြည့်လျှင် ကျွန်တော်တို့ကို သတိတွေ ပေးနေသည်။ သင်ခန်းစာတွေ ပေးနေသည်။

ကျွန်တော်တို့မန္တလေးသည် 'ခြင်'ပေါ၏။ 'ခြင်'ထောင်ထဲဝင်နေသော 'ခြင်' တစ်ကောင်က ကျွန်တော့်ကို သင်ခန်းစာတွေ ပေးခဲ့ဖူးသည်။

ဒီလိုပါပဲ။

အိမ်နံရံတွင် ချိတ်ဆွဲထားသော စားပွဲဝိုင်း၏ ခံစားချက်ကိုလည်း ကျွန်တော်တွေးတောခဲ့သည်။ စားပွဲခုံပေါ်တွင် တင်ထားသော ပေတံလေးတစ်ချောင်းကို မြင်ပြန်တော့ လက်ခေါက်ကို အခေါက်ခံခဲ့ရဖူးတာ တွေးမိပြီး ရှက်တတ်ပါသည်။ ဆောင်းညများမှာ မီးလှုံနေကြသော မြန်မာ့ဓလေ့ကို မြင်တွေ့ပြီး မီးဖိုဘေးက လူတွေအကြောင်းကို စဉ်းစားရေးဖွဲ့မိပြန်ပါသည်။ ငယ်ဆရာ၊ ဆရာမများနှင့် စကားပြောဖြစ်တော့လည်း တွေးစရာ၊ ရေးစရာတွေ ဖြစ်လာရပါတော့သည်။ သူငယ်ချင်းတချို့ သေဆုံးကြတယ်။ သူတို့ကို လိုက်ပို့တဲ့အခါ စိတ်ထဲမှာ ထူးခြားတဲ့ အသိအမြင်တွေ၊ အတွေးတွေ ဖြစ်ပေါ်ခဲ့ရသည်။ ဒီတော့ ရေးစရာတွေ ဖြစ်လာရပြန်သည်။

ဤစာအုပ်တွင်ပါရှိသော 'သုည'အတွေးရသစာစုများသည် မန္တလေးမြို့တွင်ထုတ်ဝေသော ရတနာပုံသတင်းစာ၊ မန္တလေးနေ့စဉ်သတင်းစာ၊ ရွှေမန္တလေး သတင်းဂျာနယ်၊ မန္တလေးတိုင်းမ်သတင်းဂျာနယ်တို့တွင် ဖော်ပြပါရှိခဲ့ပြီး ဖြစ်ပါသည်။

အတွေးစာတစ်ပုဒ် ရေးရသည်မှာ မလွယ်ပါ။

စာတစ်ပုဒ် ဖြစ်လာပြန်တော့လည်း အယ်ဒီတာ၏ ရွေးချယ်ခံရဖို့ကလည်း မလွယ်ပြန်ပါ။ စာစောင်ထဲ၊ ဂျာနယ်ထဲတွင် ပါလာပြန်တော့လည်း ကိုယ်ရေးထားသောစာကို စာချစ်သူများ ဖတ်ဖြစ်ဖို့ မလွယ်ပါ။

အတွေးစာများဖြစ်လာဖို့ ကျွန်တော့်ကို အမြဲတွန်းအားပေးတတ်သော ရွှေမန္တလေး သတင်းဂျာနယ်မှ အယ်ဒီတာ ဆရာသိုက်ထွန်းသက်၊ ကျွန်တော် အတုယူ အားကျရသော ဆရာပီမိုးနင်း၊ ဆရာနန္ဒာသိန်းဇံ၊ ဆရာပေမြင့်၊ ဆရာအော်ပီကျယ်၊ ဆရာဆူးငှက်၊ ဆရာကျော်ရင်မြင့်၊ ဆရာအဋ္ဌကျော်၊ လင်းလွန်းခင်စာပေမှ စာအုပ်ထုတ်ဝေသူ ဆရာဦးသိန်းလွင်၊ ရေးဖော်ရေးဖက် ဆရာဇော်မိုင်ဦး သူတို့… သူတို့၏ ကျေးဇူးတရားများကို ရင်ထဲတွင် မှတ်တမ်းတင်ပါသည်။

အထူးအားဖြင့် ကျွန်တော်၏ စာများကို နှစ်သက်စွာ ဖတ်ရှုကြသော စာချစ်သူများ၏ မေတ္တာစကားများသည် ကျွန်တော်၏ စာရေးသူဘဝကို တွန်းအားဖြစ်စေပါသည်။ သူတို့၏ ကျေးဇူးတရားကိုလည်း မှတ်တမ်းတင်ပါသည်။

ကျွန်တော့်စာများကို ဖတ်ရှုပြီး တွေးတောခြင်း၊ ငြင်းခုံခြင်း၊ ဆင်ခြင်ခြင်းဖြင့် ဘဝအတွက် တစ်ခုခုအသုံးဝင်လျှင် စာရေးရကျိုးနပ်ပါပြီ။

ကျွန်တော့်အဖေက မသေခင် ပြောခဲ့ဖူးပါသည်။

*"အောင်မြင်တဲ့ စာရေးသူတစ်ယောက်ဆိုတာ စာအုပ်တွေ ေသာင်းချီပြီး ရိုက်ရ၊ ရောင်းရတာကို ပြောတာမဟုတ်ဘူး။ စာရေးပြီး ဝင်ငွေပြောင့်တာကို ခေါ်တာလည်း မဟုတ်ဘူး။ စာတွေများများရေး နေနိုင်တာကိုလည်း ခေါ်တာ မဟုတ်ဘူး။ လူတွေရဲ့စိတ်ကို အကောင်း ဘက်ပြောင်းလဲဖို့ နှိုးဆွနိုင်တဲ့စာဖြစ်ဖို့ လိုတယ်။ ကိုယ့်စာကိုဖတ်ပြီး လူဘယ်နှယောက်ကို အကောင်းဘက်ပြောင်းလဲ သွားအောင် လုပ်နိုင်သလဲဆိုတာကမှ အောင်မြင်တဲ့ စာရေးသူကွ"*


ကျွန်တော် ကြိုးစားနေဦးမှာပါ။

ကျွန်တော်သည် ကြိုးစားခြင်းဖြင့် ဘဝကို စခဲ့ရသလို…

ကြိုးစားနေခြင်းကို ဘဝလို့ ယုံကြည်သူတစ်ယောက် ဖြစ်ပါသည်။

ဦးဘုန်း၊ဓာတု၊ မန္တလေး

လောကစံမိုး



ကြိုတင်ပြင်ဆင်တယ်ဆိုတာ...
သူ့ရဲ့ကောင်းတွေရဲ့ အပြုအမူ။
ကျူပ်ပိုင်တဲ့ စည်းစိမ်တွေက
ကျူပ်ကို ငရဲပြည်ရောက်ဖို့ဆွဲခေါ်နေတယ်။
ဒီအရွယ်မှာ ပိုက်ဆံများများ မလိုဘူး။
ငွေစက္ကူဟာ...
ငရဲပြည်သွားဖို့ လက်မှတ် မဟုတ်ဘူး။

# လောကဓံမိုး

အပြင်မှာ မိုးတွေ ရွာနေတယ်။

မိုးကို မျှော်နေတာကြာပြီ။ အခုမှပဲ မိုးကို မြင်ရတော့တယ်။ မိုးမရွာခင်က ပူလိုက်တာ။

မိုးတွေရွာနေတော့ 'မိုးရွာသောနေ့' "Raining Day" နဲ့ပတ်သက်ပြီး တွေးမိတာလေးတွေ ရေးချင်လာတယ်။

လူတိုင်းသိပြီးသား ပုံပြင်လေးတစ်ပုဒ် ရှိတယ်။

တစ်ခါတုန်းက ပုရွက်ဆိတ်ကလေးတစ်ကောင်နဲ့ နှံကောင်လေး အကြောင်းပေါ့။ ဒီပုံပြင်အကြောင်းကိုတော့ ဖွဲ့နွဲ့ပြီး မရေးချင်တော့ပါဘူး။ အပျော်ကြူးတတ်တဲ့ နှံကောင်လေးနဲ့ အနာဂတ်ကို ကြိုတင်ပြင်ဆင်တတ်တဲ့ ဝီရိယရှိတဲ့ ပုရွက်ဆိတ်ကလေးအကြောင်းကို လူတိုင်းသိပြီးသားပါ။ တစ်နေ့နေ့မှာ မိုးရွာမယ်။ အဲဒီအတွက် အစာကို ကြိုတင်ပြီးစုဆောင်းနေတဲ့ ပုရွက်ဆိတ်ကလေးရယ်။ ဘာပဲဖြစ်ဖြစ် ပျော်ဖို့သာအဓိကဆိုတဲ့ နှံကောင်လေးရယ်။ သူတို့အကြောင်းမှာ "မိုးရွာသောနေ့" ဆိုတာပါတယ်။ တကယ်လည်း မိုးတွေရွာလာတော့ အပျော်ကြူးတဲ့ နှံကောင်လေး ဒုက္ခရောက်ရတယ်။

အဲဒီအကြောင်းကို ဆက်ပြီးတွေးနေမိတယ်။

ကျွန်တော်တို့မိသားစုဟာ နှံကောင်ဘဝကို ရောက်ခဲ့ဖူးတယ်။ အဖေက ရုံးအုပ်စာရေးကြီးဆိုတော့ သူ့ရုံး အလုပ်နဲ့ သူက ပျော်တယ်။ သူ့မိတ်ဆွေတွေနဲ့ သူက ပျော်တယ်။ ဝန်ထမ်းအိမ်ရာမှာ နေရတာကို ကျေနပ်နေတယ်။ လကုန်ရင်

လခရတယ်။ ရတဲ့လခနဲ့ လောက်အောင်စားရတယ်။ ချေးလိုက် ငှားလိုက် ပြန်ဆပ်လိုက်၊ ပြန်ချေးလိုက်နဲ့ ကျွန်တော်တို့ဘဝမှာ အကြွေးတွေ သံသရာလည်ခဲ့ဖူးတယ်။ Raining Day လို့ခေါ်တဲ့ မိုးရွာတဲ့တစ်နေ့ကို ရောက်လာခဲ့တယ်။ အဲ့ဒီနေ့က အဖေ ပင်စင်ယူတဲ့နေ့ပေါ့။ ကျွန်တော်တို့မှာ နေစရာမရှိဘူး။ အိမ်ငှားနဲ့နေဖို့ကလည်း ရေရှည်မလွယ်ဘူး။ ကျွန်တော်တို့ ငိုခဲ့ရဖူးတယ်။ ဘဝကို စိတ်ကုန်ခဲ့ရဖူးတယ်။ Raining Day ကို ကျွန်တော်တို့မိသားစု မေ့နေကြတယ်။ တကယ်လည်း Raining Day ကိုကြုံရော အားလုံး ဒုက္ခရောက်ကြရတော့တာပါပဲ။ မိုးတွေရွာနေတာကို ကြည့်ပြီး ကျွန်တော့်ရဲ့ ငယ်ဘဝကို စဉ်းစားနေမိတယ်။

ကြိုတင်ပြင်ဆင်တတ်တဲ့သူက ဒုက္ခ မရောက်ဘူး။

ကြိုတင်ပြင်ဆင်မှုမရှိခြင်းဟာ ကြိုတင်ပြီး အရှုံးပေးခြင်း တစ်မျိုးပါပဲ။

စာသင်ခန်းထဲက တပည့်တော်တော်များများဟာလည်း 'နုံကောင်' တွေပါပဲ။ အပျော်ကြူးနေကြတယ်။ ကြိုတင်မပြင်ဆင်ဘူး။ တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေတဲ့အချိန်ဟာ Raining Day ပါပဲ။ ဒီနေ့ခေတ် လူငယ်တော်တော်များများဟာ အပျင်းထူတယ်။ ခိုင်းမှ လုပ်တတ်တယ်။ ဘေးက ကူညီတဲ့လူတစ်ယောက်မပါဘဲ ဘာမှ မလုပ်တတ်ဘူး။ သူတို့တတွေရဲ့ဘဝမှာ Raining Day တွေ အများကြီး ကြုံဆုံရဦးမှာပါ။

ကျွန်တော့်မှာ ငယ်သူငယ်ချင်းတစ်ယောက် ရှိတယ်။ သူက နို့ဆီစက်ရုံ တစ်ခုမှာ အလုပ်လုပ်တယ်။ သူ့ဘဝကို သူကျေနပ်နေတယ်။ ဒီကြားထဲမှာ အသောက် အစားကလည်း ရှိတယ်။ ဒီလိုနဲ့ တစ်နေ့က သူ ဆေးရုံတက်ရတယ်။ အသည်း ရောဂါ ဖြစ်လို့တဲ့။ ဆေးကုစရာပိုက်ဆံကလည်း မရှိဘူး။ သူ့သားသမီးတွေက လည်း ငိုနေကြတယ်။ သူ့အမျိုးသမီးကလည်း ဘာမှ မလုပ်တတ်ဘူး။ နောက်ဆုံး တော့ ကျွန်တော့်တို့ သူငယ်ချင်းတွေစုပြီး သူ့ကို ကူညီကြရတယ်။ ကျွန်တော်တို့က လည်း ဘယ်အတိုင်းအတာထိ ကူညီနိုင်မှာလဲ။ သူနေတဲ့အိမ်ကလည်း အိမ်လခ၊ အိမ်စပေါ်တွေ တောင်းနေပြီ။ သူ့ကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိတယ်။ ဪ… 'နုံကောင်' လိုလူတွေ အများကြီးပါလား။ Raining Day ကြုံတော့ သူ ဘာမှ မတတ်နိုင်ဘူး။

ကျွန်တော်တို့အရပ်ထဲမှာ ကျောင်းအုပ်အငြိမ်းစားဆရာကြီးတစ်ယောက် ရှိတယ်။ သူကတော့ ပုရွက်ဆိတ်လို လူတစ်ယောက်ဖြစ်တယ်။ ကျောင်းဆရာဘဝမှာ စုစုဆောင်းဆောင်း နေခဲ့တယ်။ လုပ်သက်နဲ့ ရတဲ့မြေကို ရောင်းမစားဘူး။ အဲ့ဒီမြေပေါ်

မှာပဲ တဲအိမ်လေးတစ်လုံးထိုးပြီး နေတယ်။ ပင်စင်ရပြီးကတည်းက ညနေစာ မစားဘူး။ ဥပုသ်စောင့်တယ်။ ကျန်းမာရေး လိုက်စားတယ်။ ပရဟိတအလုပ်တွေနဲ့ အချိန်ကို အသုံးချတယ်။ ရှိတာလေးနဲ့ လောက်အောင် စားတယ်။ မနက်တိုင်း လမ်းလျှောက်ထွက်တယ်။ နေ့တိုင်း တရားထိုင်တယ်။ လှူစရာရှိရင် စနစ်တကျ လှူတယ်။ စည်းကမ်းရှိတယ်။ သူအမြဲပြောတဲ့ စကားတစ်ခွန်း ရှိတယ်။

"ကြိုတင်ပြင်ဆင်တယ်ဆိုတာ သူရဲကောင်းတွေရဲ့ အပြုအမူကွ။ ကျုပ် ပိုင်တဲ့ စည်းစိမ်တွေက ကျုပ်ကို ငြိမ်းချမ်းအောင် ထိန်းသိမ်းပေးတဲ့ ကျုပ်ရဲ့ လက်နက်တွေပဲ။ ငွေစက္ကူဟာ ငြိမ်းချမ်းဖို့လက်မှတ် မဟုတ်ဘူး။ လူတချို့ကတော့ ငွေစက္ကူကို တွယ်တာနေရင်းနဲ့ အဲဒီငွေစက္ကူတွေဟာ ငြိမ်းချမ်းဖို့ လက်မှတ်တွေ ဖြစ်ကုန်ကြတယ်"

သူပြောတဲ့ စကားတွေဟာ မှတ်သားလောက်တယ်။ အဓိပ္ပာယ်ရှိတဲ့ ပိုင်ဆိုင်မှုကသာ အဓိပ္ပာယ်ရှိတဲ့ဘဝကို ဖြစ်စေနိုင်တယ်။

ဒီလိုပါပဲ။ သေသေချာချာတွေးကြည့်ရင် လောကဓံဆိုတာ လူတိုင်းမှာ ရှိတယ်။

ဘဝဆိုတာ ပုံသေမရှိဘူး။ ဖြစ်အောင်ကြိုးစားနေပေမဲ့ ဖြစ်ချင်မှ ဖြစ်တတ်တယ်။ ပေါ့ပေါ့ပါးပါးလေး လုပ်ကိုင်နေရင်းနဲ့လည်း အောင်မြင်မှုဆိုတာ ရချင်ရတတ်တယ်။ လူတွေရဲ့ နှုတ်ဖျားက ချီးမွမ်းခြင်းနဲ့ ကဲ့ရဲ့ခြင်းအကြားမှာ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းတွေနဲ့ ဘဝကို တည်ဆောက်နေကြရတယ်။

လောကဓံဆိုတာ လူတွေကို ဘဝင်မမြင့်ဖို့၊ ဘဝမမေ့ဖို့၊ ဆုံးမပေးတဲ့ သဘာဝကပေးတဲ့ ဆရာကြီးတစ်ပါးပဲ။

လောကဓံဆိုတာ အတွေ့နဲ့ မာနကို မှန်မှန်ကန်ကန် ချိုးနှိမ်ပေးတဲ့ ဆေးတစ်လက်ပဲ။

လောကဓံဆိုတာ Raining Day ပဲလေ။

ကျွန်တော်တို့ဘဝမှာ Raining Day တွေ ကြုံခဲ့ပြီးပြီ။ နောက်ထပ်လည်း Raining Day တွေ ကြုံကြရဦးမယ်။ Raining Day နဲ့ ကြုံတဲ့အခါ တစ်ခါတလေ ပုရွက်ဆိတ်ဖြစ်လိုက်။ တစ်ခါတလေ နံကောင်ဖြစ်လိုက်နဲ့။ သေချာတာတစ်ခုကတော့ ဘဝအတွက် ကြိုတင်ပြင်ဆင်တတ်ခြင်းဆိုတဲ့ အလေ့အကျင့် ရှိဖို့ပါပဲ။


မိုးရွာသောနေ့ရယ်၊ ပုရွက်ဆိတ်တစ်ကောင်ရယ်၊ နံကောင်လေး တစ်ကောင်ရယ်။ ကျွန်တော်တို့ဘဝတွေမှာ ဆင်ခြင်စရာတွေ၊ အတုယူစရာတွေ၊ သံဝေဂတွေ၊ သတိပြုစရာတွေ အများကြီးပါလားလို့… ကျွန်တော် တွေးနေမိတယ်။

လူတိုင်းလူတိုင်းဘဝမှာ Raining Day ဆိုတာ ရှိနေဦးမှာပါ။

□

ဟော…
အပြင်မှာ မိုးတွေရွာနေတယ်။
ကျွန်တော်တို့ဟာ
ပုရွက်ဆိတ်လေး တစ်ကောင်လား။
နံ့ကောင်လေး တစ်ကောင်လား။
ဘာပဲဖြစ်ဖြစ် 'လောကခံမိုး' ကတော့ အကြိမ်ကြိမ် ရွာနေဦးမှာပါ။

*ရွှေမန္တလေးဂျာနယ်*
*၂၀၁၀၊ ဇွန်*



စေတနာရှိရုံနဲ့ မပြည့်စုံဘူး။
ဝါသနာရှိရုံနဲ့လည်း မဖြစ်ဘူး။
အနစ်နာခံနေ ပါတယ်ဆိုတဲ့
အတွေးတွေနဲ့လည်း ကျေနပ်မနေသင့်ဘူး။
ငါဟာ လူငယ်တွေအတွက်
စံနမူနာပြ ဖြစ်ရဲ့လားဆိုတာ . . .

## ၅

နံနက်ခင်းတစ်ခုမှာ လမ်းလျှောက်ထွက်ရင်း ကျွန်တော့်ကို ရူပဗေဒ သင်ပေးခဲ့တဲ့ ဆရာဦးကျော်တင့်နဲ့ တွေ့တယ်။ ကျွန်တော် တတိယနှစ်ကျောင်းသား ဘ၀တုန်းက မန္တလေးတက္ကသိုလ်မှာ ဆရာနဲ့ ရင်းနှီးခဲ့တယ်။

ဆရာက အသက် (၇၀)ကျော်ပြီ။ ဆံပင်တွေကလည်း တစ်ခေါင်းလုံးဖွေး နေပြီ။ ဆရာက အရပ်ပုတယ်။ အသားညိုတယ်။ ဆရာက ငယ်ငယ်တုန်းကဆိုရင် အပြေးချန်ပီယံဖြစ်ခဲ့ဖူးတယ်။ အခုလည်း အားကစားဘောင်းဘီအရှည်ကို ဝတ်ပြီး လမ်းလျှောက်ထွက်လာတဲ့ ဆရာနဲ့ မမျှော်လင့်ဘဲ လမ်းမှာဆုံကြတယ်။ ဆရာက မြို့သစ်မှာနေတယ်။

"မောင်ဘုန်း အရင်က လမ်းလျှောက်တာ မတွေ့မိပါဘူး"

"ဟုတ်တယ်ဆရာ။ သီတင်းကျွတ် ကျောင်းအားရက်မို့ လမ်းလျှောက် ထွက်ဖြစ်တာပါဆရာ။ ဆရာ နေကောင်းတယ်နော်"

"နေကောင်းလို့ လမ်းလျှောက်ထွက်နိုင်တာပေါ့ကွ"

ကျွန်တော့်ဆရာက စကားပြောရင် ပြတ်သားတယ်။ ထိထိမိမိ ပြောတတ် တယ်။ စာသင်ရင် အပိုစကား ဘယ်တော့မှ မပြောဘူး။ ရယ်စရာ မောစရာစကား တွေကိုတော့ ရံဖန်ရံခါ ပြောတတ်တယ်။ စာသင်ရင်လည်း စကားလုံးနည်းနည်းနဲ့ နားလည်အောင် ရှင်းပြတတ်တယ်။ ကျွန်တော်ကလည်း အမေးအမြန်းထူတဲ့သူ ဆိုတော့ ဆရာက ကျွန်တော့်ကို မှတ်မိတယ်။ အဲ့ဒီနေ့က ဆရာနဲ့အတူ လမ်း လျှောက်ရင်း စကားတွေ ပြောဖြစ်ကြတယ်။

''မင်းအခု စာသင်နေတယ်ဆို''

''ဟုတ်တယ်ဆရာ''

''မင်းသတင်းတွေ ငါကြားပါတယ်။ ကြော်ငြာဝေပြီး ဆရာလုပ်တဲ့ ခေတ်ဆိုတော့ ဆရာတစ်ယောက်ဖြစ်ရတာ အဓိပ္ပာယ်မဲ့သလိုပဲကွ''

''ဗျာ... ဆရာ''

''ဟုတ်တယ်လေကွာ။ သင်ရိုးထဲကစာတွေ ဖတ်တတ်ရုံ၊ နားလည်ရုံနဲ့ ဆရာ လုပ်စားတယ်ဆိုတာ ရက်စရာကောင်းပါတယ်ကွာ။ စာဂုဏ်ထူးထွက်အောင် သင်နိုင်တာ မဆန်းပါဘူးကွ။ စိတ်ဂုဏ်ထူးထွက်အောင် သင်နိုင်မှ ကိုယ့်ကိုယ်ကို ဆရာတစ်ယောက်လို့ ဂုဏ်ယူသင့်တယ်''

ကျွန်တော့်ရဲ့ငယ်ဆရာပီပီ ကျွန်တော့်ကို ဆုံးမနေပါတော့တယ်။

''မင်းကို ငါမေးရဦးမယ်။ ဆရာမှာ 'နာ'(၃)နာ ရှိတယ်လို့ မင်းကြားဖူးတယ်နော်။ ဘာတွေလဲ ပြောစမ်း''

''ဆရာကလည်းဗျာ ဒါများ လူတိုင်းသိတယ်။ စေတနာ၊ ဝါသနာ၊ အနစ်နာ။ လွယ်လွယ်လေးပါ''

''ဟုတ်ပါပြီကွာ။ အဲ့ဒီ 'နာ'(၃)နာထက် အရေးကြီးတဲ့ 'နာ' (၁)ခု ရှိတယ်။ မင်းသိလား''

''ကျွန်တော်တော့ မကြားဖူးဘူးဆရာ''

''စဉ်းစားပြီး ဖြေလေကွာ''

''အကြင်နာလား ဆရာ''

''မဟုတ်ဘူး။ မင်း အနုအရွစဉ်းစားတဲ့ကောင်ပဲ''

''ဒါဆိုရင် ဘာဝနာလား ဆရာ''

''မင်း တော်တော်ရယ်ရတဲ့အကောင်ပဲ။ တော်တော်ညံ့တဲ့အကောင်ပဲ''

''ဒါဖြင့်ရင် ကရုဏာလားဆရာ''

''မဟုတ်ဘူးကွ။ ငါပြောတဲ့ 'နာ'က 'နငယ်'နဲ့ 'နာ'ကို ပြောတာ။ မင်းကို ဆက်မေးရဦးမယ်။ ဆရာဆိုတာ ဘာလဲ''

''စာသင်တဲ့သူက ဆရာပဲပေါ့ ဆရာရယ်''

''ညံ့ပြန်ပြီ ငါ့တပည့်ရာ။ ငါပဲ ပြောမယ်။ စာသင်တဲ့သူက ဆရာဆိုတာ ဟုတ်တယ်။ ဒါပေမယ့် မိဘလည်း ဆရာပဲကွ။ ဘုရားလည်း ဆရာပဲ။ တရားလည်း ဆရာပဲ။ သံဃာလည်း ဆရာပဲ။ ဒီလိုပဲ ခေါင်းဆောင်ကလည်း ဆရာပဲကွ''

ဆရာဦးကျော်တင့်က ကျွန်တော့်ကို စိတ်ပါလက်ပါ အားရပါးရ ပြောနေပါတော့တယ်။

''ဒါကြောင့် ဆရာတစ်ယောက်ဖြစ်ရတာ ဂုဏ်ယူစရာကောင်းတယ်ကွ။ ဒါကြောင့် ဂုဏ်ယူထိုက်တဲ့ ဆရာတစ်ယောက်ဖြစ်အောင် ကြိုးစားရမယ်။ ဒီမယ် မှတ်ထားကွ။ ဆရာတစ်ယောက်ရဲ့ အနစ်နာခံနိုင်စွမ်းဟာ တပည့်တွေအတွက် လမ်းပြကြယ်ဖြစ်တယ်။ ဒီလိုပဲ ဆရာတစ်ယောက်ရဲ့ စိတ်ဓာတ်ဟာ တပည့်တွေ အတွက် ကံကြမ္မာ ဖြစ်တယ်''

ကျွန်တော့်ဆရာက အခုထိ ကျွန်တော့်ဘဝကို တည့်မတ်အောင် ပြုပြင်ပေး နေပါလားလို့ စိတ်ထဲမှာ ခံစားနေမိတော့တယ်။

''ဆရာတွေ စာဖတ်သင့်တယ်။ စာဖတ်ရမယ်။ ဆရာတစ်ယောက်ရဲ့ စာဖတ်စွမ်းအားဟာ တပည့်တွေအတွက် နှလုံးသားရဲ့ ခွန်အားဖြစ်တယ်။ ဆရာ တစ်ယောက်ရဲ့ အကျင့်စရိုက်ဟာလည်း တပည့်တွေအတွက် အတုယူစရာ ဖြစ်တယ်။ ကုန်ကုန်ပြောမယ် ငါ့တပည့်ရေ။ ဆရာတစ်ယောက်ရဲ့ မေတ္တာတရားဟာ လောကကြီးရဲ့ ငြိမ်းချမ်းခြင်းကို ဖန်တီးခြင်းကွ''

စိတ်ပါလက်ပါပြောနေတဲ့ ဆရာ့ကိုကြည့်ပြီး သဘောကျနေမိတယ်။

''မင်းစဉ်းစားကြည့်စမ်း။ အဲဒီဆရာတွေအတွက် အဓိက 'နာ'(၁)နာ ရှိတယ်။ အဲဒါ 'စံနမူနာ'ပဲ။ မိဘဆိုတာ သားသမီးတွေအတွက် 'စံနမူနာ'ဖြစ်ရမယ်။ မိဘက အရက်သောက်ရင် သားသမီးက အရက်သောက်မှာပဲ။ မိဘက လောင်းကစားလုပ်ရင် သားသမီးက လောင်းကစားလုပ်မှာပဲ။ မိဘက အိမ်ထောင်ရေးကို အလေးမထားရင် သားသမီးကလည်း သူ့ရဲ့ အိမ်ထောင်ရေးကို အလေးထားမှာ မဟုတ်ဘူး။ မိဘကိုက သရုပ်ပျက်နေရင် သားသမီးလည်း သရုပ်ပျက်မှာပဲ။ ဒါကြောင့် 'စံနမူနာ'ဆိုတာ အရေးအကြီးဆုံး 'နာ'(၁)ခုပဲ''

ဆရာ့စကားက မှတ်သားစရာ ကောင်းလိုက်တာလို့ ကျွန်တော် တွေးနေမိတယ်။

''ဒီလိုပဲ ဆရာဆိုတာ လူငယ်တွေအတွက် 'စံနမူနာ'ဖြစ်သင့်တယ်။ ဆရာ တွေက စိတ်ကောင်းရှိရင် တပည့်တွေလည်း စိတ်ကောင်းရှိတယ်။ ဆရာတွေက အတ္တကြီးရင် တပည့်တွေလည်း အတ္တကြီးမယ်။ ဆရာတစ်ယောက်ရဲ့ အသိဉာဏ် ဟာ လူငယ်တွေရဲ့ အနာဂတ်ဖြစ်သလို၊ တိုင်းပြည်တစ်ခုရဲ့ ကံကြမ္မာလည်း ဖြစ် တယ်။ ဆရာဆိုတာ မြေဖြူကိုင်တဲ့လက်နဲ့ စိတ်ဓာတ်တွေကို ဖြူစင်အောင် လေ့ကျင့်ပေးနိုင်ရမယ်။ ဆရာဆိုတာ မင်နီကိုင်တဲ့လက်နဲ့ ရဲရင့်ခြင်း စိတ်ဓာတ်တွေကို

မြှင့်တင်ပေးနိုင်ရမယ်။ ဆရာဆိုတာ ကြိမ်မကိုင်ဘဲ ဗဟုသုတတွေနဲ့ ပျော်ရွှင်ခြင်းတွေကို တည်ဆောက်ပေးနိုင်ရမယ်''

ဆရာက ကျွန်တော့်ကို ထိထိမိမိ ဆုံးမနေသလိုပါပဲ။

''ငါက ဆရာတစ်ယောက်ဖြစ်ခဲ့သူဆိုတော့ ဆရာရဲ့အနက်အဓိပ္ပာယ်ကို အမြဲစဉ်းစားခဲ့ဖူးတယ်။ အသက် (၇၀)ကျော်မှ ငါလည်း တွေးမိတာ။ 'စံနမူနာ' ဆိုတာ အဓိက အလေးအနက်ထားရမယ့် 'နာ'ပဲကွ။ စာသင်ခန်းကို ဒေါသတွေနဲ့ မတည်ဆောက်ပါနဲ့။ အတ္တတွေနဲ့ ဖွဲ့စည်းမထားပါနဲ့။ ကလေးတွေ၊ တပည့်တွေ 'စံနမူနာ' အယူမှားသွားနိုင်တယ်။ လူငယ်တွေညံ့ရင် ငါတို့ရဲ့ အနာဂတ်လည်း ညံ့ပြီပေါ့ကွာ။ ဆရာဆိုတာ လိမ်မပြောရဘူး။ ညာမပြောရဘူး။ ရိုးသားရတယ်။ ရိုးစင်းရတယ်။ 'စံနမူနာ' ပြဖြစ်ရတဲ့ ဆရာဆိုတာ ဂုဏ်ရှိတယ်။ အဲဒီဂုဏ်ဟာ ဘယ်လိုမှ တန်ဖိုးဖြတ်လို့မရဘူး''

ဆရာက သူ့ပြောလက်စ စကားကို ခဏလေးရပ်လိုက်တယ်။ ကျွန်တော့်ကို လည်း ခြေဆုံးခေါင်းဆုံးကြည့်လိုက်တယ်။ ပြီးတော့ ဒီလိုဆက်ပြောတယ်။

''တပည့်တွေကို ရှုံးနိမ့်ချိန်မှာ မာနမကျိုးအောင် သင်ပေးစမ်းပါ။ လဲပြိုချိန် မှာလည်း ကိုယ့်အားကိုယ်ကိုးပြီး ပြန်ထတတ်အောင် သင်ပေးစမ်းပါကွ။ ရယ်မောခြင်း ဖြင့် ဘဝကို တည်ဆောက်တတ်အောင် ငိုစရာတွေ့တဲ့ အချိန်မှာလည်း ရယ်မောစရာ တွေကို ရှာဖွေတတ်အောင် သင်ပေးစမ်းပါ။ စာတော်ပြီး အတ္တမကြီးအောင်လည်း သင်ပေးပါကွာ။ စာမတော်ပေမယ့်လည်း ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့်ရှိတဲ့သူ ဖြစ်အောင် သင်ပေးစမ်းပါ။ ဒီလိုပဲ ရှုံးနိမ့်တဲ့အခါမှာလည်း ဂုဏ်သိက္ခာကို ထိန်းသိမ်း နိုင်တဲ့ တပည့်ဖြစ်ဖို့၊ အောင်မြင်တဲ့အခါမှာလည်း ကရုဏာထားရဲ့တဲ့ သတ္တိရှိတဲ့ တပည့်မျိုးဖြစ်အောင် သင်ပေးစမ်းပါကွာ''

ကျွန်တော့်စိတ်ထဲမှာ ဆရာ့ကို ကြည်ညိုနေမိတယ်။


''ကဲ… ငါ့တပည့်ရာ။ နောက်တစ်ခါ ကြုံမှ ဆက်ပြောမယ်။ မင်း မှတ်ထားဦးနော်။ ဆရာဆိုတာ မိဘပဲ။ ဆရာဆိုတာ ခေါင်းဆောင်ပဲ။ ဒီတော့ မိဘတွေ၊ ဆရာတွေ၊ ခေါင်းဆောင်တွေဆိုတာ လူငယ်တွေရဲ့အနာဂတ်ကို တည်ဆောက်ကြရ တယ်။ မိဘကောင်းမှ သားသမီးကောင်းတာ။ ခေါင်းဆောင်ကောင်းမှ နောက်လိုက် ကောင်းတာ။ ဆရာကောင်းမှ တပည့်တွေကောင်းမှာ။ ခပ်ညံ့ညံ့လူငယ်တွေကို မွေးထုတ်ပေးနေရင်တော့ ခပ်ညံ့ညံ့အနာဂတ်ကိုပဲ ငါတို့ပိုင်ဆိုင်ကြရမှာပေါ့။ ဒီတော့ မိဘ ဒါမှမဟုတ်၊ ဆရာ ဒါမှမဟုတ်၊ ခေါင်းဆောင်တစ်ယောက် လုပ်တဲ့အခါ

စေတနာရှိရုံနဲ့ မပြည့်စုံဘူး။ ဝါသနာရှိရုံနဲ့လည်း မဖြစ်ဘူး။ အနစ်နာခံနေပါတယ်ဆိုတဲ့ အတွေးတွေနဲ့လည်း ကျေနပ်မနေသင့်ဘူး။ ငါဟာ လူငယ်တွေအတွက် စံနမူနာပြ ဖြစ်ရဲ့လားဆိုတာ အမြဲစဉ်းစားနေသင့်တယ်။ ဒါအရေးကြီးဆုံးပဲကွ။ မင်းမမေ့နဲ့။ လူငယ်တွေဟာ အနာဂတ်ရဲ့ အင်အားဆိုရင် ဆရာဆိုတာ ပဇ္ဇုပ္ပန်ရဲ့ ခွန်အားပဲကွ''

အရှေ့ဘက်မှာ နေလုံးနီနီကြီး ထွက်လာပါပြီ။
ရောင်နီတွေ သမ်းလာပါပြီ။
လောကကြီး နိုးထလာပြီ။
ကျွန်တော့်ရင်ထဲမှာလည်း အရုဏ်ဦး အသစ်တွေနဲ့…
အတွေးအသစ်တွေ နိုးထခဲ့ရပါပြီ။

ရွှေမန္တလေးဂျာနယ်
၂၀၀၉၊ အောက်တိုဘာ

ယ်တိုင်ရေး ဝတ္ထုစာအုပ်



ဒီထက်အရေးကြီးတာကတော့...

ကိုယ့်ရဲ့ကိုယ်တိုင်ရေးဝတ္ထုစာအုပ်ကို

ကိုယ့်သားသမီးမြေးမြစ်တွေက

လက်ဆင့်ကမ်းပြီး . . .

ဖတ်နေကြဦးမယ်ဆိုတာပါပဲ။

# ကိုယ်တိုင်ရေး ဝတ္ထုစာအုပ်

တစ်နေ့ဆီတုန်းက…။

စာအုပ်စင်ကို သတိပြုမိတယ်။ ဝယ်ထားတဲ့စာအုပ်တွေက အများကြီးပါ။ တချို့စာအုပ်တွေဆိုရင် အစအဆုံး မဖတ်ဖြစ်ဘူး။ ဆွဲဆောင်မှုမရှိတော့ ကိုယ့်ရဲ့အာရုံကို မဖမ်းစားနိုင်ဘူးပေါ့။ တချို့စာအုပ်တွေကျတော့ တစ်ခေါက်ဖတ်ပြီးရင် ထပ်ပြီး မဖတ်ချင်တော့ဘူး။ တချို့စာအုပ်အနည်းငယ်ကတော့ ခဏခဏပြန်ပြီး ဖတ်ချင်နေမိပြန်တယ်။ ဆရာကြီး ဦးရွှေအောင်ရဲ့ စာအုပ်တွေ၊ ဆရာတက်တိုးရဲ့စာအုပ်တွေ၊ ဆရာဖေမြင့်ရဲ့စာအုပ်တွေ၊ ဆရာကြီးရွှေဥဒေါင်းရဲ့ စာအုပ်တွေ၊ ဆရာသော်တာဆွေရဲ့ စာအုပ်တွေဆိုရင် ပြန်ဖတ်တိုင်း မရိုးဘူး။

ဒီလိုနဲ့ တွေးမိတယ်။

လူ့ဘဝဆိုတာ… စာမျက်နှာ (၆၀)ကျော် (၇၀)ပါတဲ့ ဝတ္ထုစာအုပ်ကြီးတစ်အုပ်နဲ့ တူတယ်။ စာ (၁)မျက်နှာကို (၁)နှစ်လို့ ယူဆကြည့်ကြရအောင်။

လူဆိုတာ အသက် (၆၀)ကျော် (၇၀)လောက်ပဲ လူ့လောကမှာ နေထိုင်ခွင့်၊ ရှင်သန်ခွင့်ရကြတယ်။ တစ်နည်းပြောရရင် စာမျက်နှာ (၆၀)ကျော် (၇၀) ကျော်လောက်ရှိတဲ့ ကိုယ်တိုင်ရေးဝတ္ထုစာအုပ်ကြီးပါပဲ။ အဲ့ဒီဝတ္ထုဟာ ကိုယ့်ရဲ့ ပုံရိပ်ပဲ။ ကိုယ့်ရဲ့ ဖျက်မရတဲ့သမိုင်းပဲ။ ပြုပြင်လို့မရတဲ့ စာမျက်နှာတွေပဲ။

□

စာမျက်နှာ (၁)ကနေပြီး စာမျက်နှာ (၇၀)မှာ ဘယ်စာမျက်နှာတွေက အရေးကြီးဆုံးလဲဆိုတာ ကျွန်တော် စဉ်းစားနေမိတယ်။ စာမျက်နှာ (၁)ကနေပြီး

စာမျက်နှာ (၁၃)၊ (၁၄)လောက်ထိအောင် ကလေးဘဝကို ဖြတ်သန်းကြရတယ်။ ဆော့မယ်။ ကစားမယ်။ လိုချင်တာကို ပူဆာမယ်။ ရရင်ပျော်မယ်။ မရရင် ငိုမယ်။ ဆရာ့စကား နားထောင်မယ်။ မိဘစကား နားထောင်မယ်။

စာမျက်နှာ (၁၄)ကစပြီး အရေးကြီးလာပြီ။

ကိုယ့်ဘဝမှာ မိဘဆရာတွေအပြင် သူငယ်ချင်းတွေရဲ့ အပြုအမူတွေက ကိုယ့်ကို လွှမ်းမိုးလာပြီ။ သူငယ်ချင်းတွေရဲ့ စကားဟာ မိဘဆရာစကားထက် နားဝင်လွယ်လာပြီ။ စာမျက်နှာ (၁၄)မှ စာမျက်နှာ (၂၃)အတွင်းမှာ စိတ်တွေ ပြောင်းလာပြီ။ မိဘကို သိပ်အထင်မကြီးချင်ဘူး။ ဆုံးမတဲ့ ဆရာတွေကို ကိုယ်ချင်းစာ တရား မရှိသူတွေလို မြင်တတ်လာတယ်။ ရည်းစား ထားချင်လာတယ်။ စိတ် ကစားလာတယ်။ အချစ်ကို စိတ်ကူးယဉ်တတ်လာတယ်။ ပညာရေးထဲမှာ အချစ်ရေး ကိစ္စတွေ ပါလာပြီ။ အချစ်ကြောင့် အရာရာကို အာခံရဲလာတယ်။ အဲ့ဒီစာမျက်နှာ တွေမှာ ယောကျာ်းလေးတွေဆိုရင် အပေါင်းအသင်းများပြီး ကျောင်းပြေးတတ်လာ တယ်။ ဆေးလိပ် သောက်တတ်လာတယ်။ မူးယစ်ဆေး သုံးတတ်လာတယ်။ ဘီယာ၊ အရက် သုံးစွဲတတ်လာတယ်။ မိန်းကလေးတွေဆိုရင် အပြိုင်အဆိုင်စိတ်နဲ့ ရည်းစားလိုချင်လာတယ်။ ရည်းစား ထားကြတော့တယ်။

စာမျက်နှာ (၁၄)မှ (၂၃)အထိ ဖြစ်ပျက်ခဲ့တဲ့ ကိုယ့်ဘဝဟာ စာမျက်နှာ (၂၃)နောက်ပိုင်းအထိ လွှမ်းမိုးနေတယ်ဆိုတာ သတိမပြုမိဘူး။

ဆိုပါစို့… စာမျက်နှာ (၁၈)မှာ ရည်းစားထားတယ်။ စာမျက်နှာ (၁၉)မှာ အိမ်ထောင်ကျတယ်။ စာမျက်နှာ (၂၀)၊ (၂၁)မှာ အိမ်ထောင်ရေးဒုက္ခ၊ စီးပွားရေး ဒုက္ခတွေ ကြုံတယ်။ အတွေ့အကြုံနုနယ်ပြီး ပညာချို့တဲ့ တဲ့သူဟာ စီးပွားရေးမှာ လည်း အဆင်မပြေနိုင်ဘူး။ အိမ်ထောင်ရေးမှာလည်း မအောင်မြင်နိုင်ဘူး။ ဒီလိုနဲ့ စာမျက်နှာ (၂၂)မှာ အိမ်ထောင်ကွဲတယ်။ နောက်ထပ်စာမျက်နှာတွေမှာ ကိုယ့်ဘဝရဲ့ ကိုယ်တိုင်ရေးဝတ္ထုကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုမှ ရေးလို့ မရနိုင်တော့ဘူး။

လူတွေဟာ အသက် (၁၄)၊ (၁၅)မှ (၂၃)၊ (၂၄)ထိကာလကို စာရိတ္တ ကောင်းကောင်းနဲ့ ဖြတ်သန်းလိုက်ဖို့လိုတယ်။ အဲ့ဒီအရွယ်ဟာ ဘဝတစ်လျှောက်လုံး အတွက် အရေးကြီးဆုံး အရွယ်ပါပဲ။ အဲ့ဒီအရွယ်တွေဟာ စာသင်ခန်း၊ ကျောင်း၊ သင်တန်းတွေနဲ့ အချိန်ကုန်တဲ့ အရွယ်ဖြစ်နေတော့ အပေါင်းအသင်းတွေရဲ့ စရိုက် တွေနဲ့ အပြုအမူတွေဟာ အရမ်းပဲ လွှမ်းမိုးနေတတ်ပါတယ်။ ဒါကြောင့် လူ တစ်ယောက် ဘဝဟာ စာအုပ်ကြီးတစ်အုပ်နဲ့တူတယ်ဆိုရင် စာမျက်နှာ (၁၄)မှ

(၂၃)အတွင်း အကောင်းဆုံးတွေကို ရေးသားနိုင်ခဲ့မှ ကိုယ့်ရဲ့ ကိုယ်တိုင်ရေးဝတ္ထုဟာ ဆက်ပြီး ဖတ်ချင်စဖွယ် ဖြစ်လာနိုင်မှာပါ။

ဒီလိုနဲ့ စာမျက်နှာ (၂၄)မှစပြီး လူ့အသိုင်းအဝိုင်းထဲကို ဝင်ကြပြီ၊ တိုးကြပြီဆိုရင် စိတ်ခေတ်ခိုင်မာဖို့က အရေးကြီးလာပြန်တယ်။

အဲဒီအရွယ်မှာ အလုပ်လုပ်ချင်လာပြီ။ ဝင်ငွေ လိုချင်လာပြီ။ ငွေရှာချင်လာပြီ။ ငွေဆိုတာ စက္ကူတွေဆိုပေမယ့် သူ့မှာ အဓိပ္ပာယ်တွေ ရှိနေပြန်တယ်။ ငွေရဲ့ ဖြားယောင်းမှုကြောင့် ကိုယ့်ဘဝရဲ့ စာမျက်နှာတွေမှာ အမှားတွေ တစ်ပုံတစ်ပင် ဖြစ်တတ်ပြန်တယ်။ စာရိတ္တကို ငွေစက္ကူနဲ့ မလဲသင့်ဘူး။ အသက်မရှိတဲ့ ငွေစက္ကူက ကိုယ့်ရဲ့ ကိုယ်ကျင့်တရားကို အနိုင်မယူသင့်ဘူး။

အဲဒီအချိန်မှာ ငွေထက်အရေးကြီးတာ အလုပ်လုပ်ဖို့ပဲ။ အလုပ် လုပ်ခြင်းကြောင့် ရနိုင်တဲ့အကျိုး (၅)ခု ရှိတယ်။ (၁) အလုပ်ကြောင့် ဝင်ငွေရတယ်။ (၂) အလုပ်ကြောင့် ကိုယ်ဘယ်လိုလူဖြစ်တယ်ဆိုတာ ဖော်ပြလာနိုင်တယ်။ (၃) အလုပ်ကြောင့် လူရာဝင် လာတယ်။ (၄) အလုပ်ကြောင့် ရင့်ကျက်ခြင်း၊ တည်ငြိမ်ခြင်းတွေ ရရှိလာနိုင်တယ်။ (၅) အလုပ်ကြောင့် အရေးပါသူတစ်ယောက်ဖြစ်လာတဲ့အတွက် စိတ်ချမ်းသာမှု ရရှိလာနိုင်တယ်။ ဒါကြောင့်··· စာမျက်နှာ (၂၄)ကစပြီး ဝင်ငွေနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အလုပ်လုပ်ဖို့လိုတယ်။ အလုပ်လုပ်တဲ့သူဟာ အဲဒီအလုပ်ကြောင့် စာမျက်နှာ (၃၀)၊ (၄၀)မှာ ပိုင်ဆိုင်မှုတွေ၊ အောင်မြင်မှုတွေ၊ ပျော်စရာတွေ ရှိလာပါလိမ့်မယ်။

□

ဒါကြောင့် လူတစ်ယောက်ဘဝဟာ စိတ်ဝင်စားစရာကောင်းတဲ့ ဝတ္ထု စာအုပ်ကြီး တစ်အုပ်နဲ့ တကယ်တူတယ်။ စာမျက်နှာ (၅၀)၊ (၆၀)၊ (၇၀)မှာ လောကခံရဲ့အကြောင်း ကောင်းကောင်းနားလည်လာတော့ အတ္တတွေ နည်းလာမယ်။ မာနတွေ လျော့ကျလာမယ်။ အများအကျိုး သယ်ပိုးခြင်းနဲ့ အချိန်တွေကို အသုံးပြု မယ်။ ပရဟိတလုပ်ငန်းတွေမှာ ကိုယ့်ရဲ့ အတွေ့အကြုံတွေကို အသုံးချမယ်။ ကိုယ်ချင်းစာတရား၊ မေတ္တာတရားတွေနဲ့ လောကကို ရှုမြင်မယ်။ ပိုင်ဆိုင်ခြင်းရဲ့ အဓိပ္ပာယ်နောက်မှာ စနစ်တကျ စွန့်လွှတ်ခြင်းတွေ ရှိခဲ့တယ်ဆိုတာ ဒီအရွယ်မှာ မြင်သိလာရတော့ စွန့်လွှတ်ခြင်းဟာ ကျရှုံးခြင်းမဟုတ်ဘဲ စွန့်လွှတ်နိုင်စွမ်းဟာ မိမိကိုယ်မိမိ အောင်မြင်မှုရဲ့ ကြီးမားတဲ့ စိတ်စွမ်းအင်ဖြစ်တယ်။ အဲဒီစိတ်ကြောင့် စာမျက်နှာ (၇၀)မှာ အလွန်ဖတ်ကောင်းတဲ့ ဝတ္ထုစာအုပ်ရဲ့ အဆုံးသတ် ဖြစ်လာနိုင်မှာ

ပါ။ ဘာပဲပြောပြော နောက်ဆုံးမှာတော့ 'လိပ်ပြာခုံရုံး'မှာ ကိုယ့်ကိုကိုယ် အစစ်ဆေးခံရဖို့က အဓိကပါပဲ။

❒

ကျွန်တော့်အဖေဟာ အသက် (၇၇)နှစ်မှာ ကွယ်လွန်ပါတယ်။ အဖေ့ရဲ့ ကိုယ်တိုင်ရေးဝတ္ထုဟာ စာမျက်နှာ (၇၇)မှာ ပြီးဆုံးသွားခဲ့တယ်။ ကျွန်တော့်အဖေရဲ့ ဝတ္ထုကို ဘယ်သူမှ စိတ်မဝင်စားပါဘူး။

ဗိုလ်ချုပ်အောင်ဆန်းဟာ အသက် (၃၂)မှာ လုပ်ကြံခံရပြီး ကွယ်လွန်ခဲ့ပါတယ်။ သူ့ရဲ့ကိုယ်တိုင်ရေးဝတ္ထုဟာ ပါးပါးလေးပါ။ ဒါပေမယ့် အလွန်လေးနက်တယ်။ အလွန်အဘိုးတန်ပြီး အတုယူစရာကောင်းတယ်။

ကျွန်တော်တို့ ကိုးကွယ်ယုံကြည်တဲ့ မြတ်ဗုဒ္ဓကတော့ သက်တော် (၈၀)မှာ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့တယ်။ အလွန်လေးစားကြည်ညိုစရာကောင်းတဲ့၊ ဘယ်တော့ ဖတ်ဖတ် ဖတ်လို့မဝတဲ့ အနှိုင်းမဲ့ကိုယ်တိုင်ရေးဝတ္ထုစာအုပ်ကြီးတစ်အုပ်ကို ထားရစ်ခဲ့တယ်။


ကိုယ့်ရဲ့ ကိုယ်တိုင်ရေးဝတ္ထုစာအုပ်ကို ဘယ်သူပဲဖတ်ဖတ် လွှမ်းတသသ ဖြစ်နေရတဲ့ ဝတ္ထုစာအုပ်ဖြစ်ခဲ့မယ်ဆိုရင်တော့ လူ့ဘဝပိုင်ဆိုင်ခွင့်ရတာ တကယ့်လက်ဆောင်ပါပဲ။

ကိုယ်ကိုယ်တိုင်မဖတ်ရဲတဲ့ ကိုယ်တိုင်ရေး ဝတ္ထုစာအုပ် ဖြစ်နေမယ်ဆိုရင်တော့ လူ့ဘဝပိုင်ဆိုင်ခွင့်ကို အလွဲသုံးစား လုပ်သွားသူတစ်ယောက်လို့ သတ်မှတ်ခံရမှာပါ။

ဒီထက်အရေးကြီးတာကတော့ ...

ကိုယ့်ရဲ့ ကိုယ်တိုင်ရေးဝတ္ထုစာအုပ်ကို ကိုယ့်သားသမီးမြေးမြစ်တွေက လက်ဆင့်ကမ်းပြီး ဖတ်နေကြဦးမယ်ဆိုတာပါပဲဗျာ။

*ရွှေမန်းလေးဂျာနယ်*
*၂၀၁၀၊ ဒီဇင်ဘာ*


အမေကြည်

မေးခွန်းရဲ့အဖြေက

မင်းရင်ထဲက စိတ်သဘာဝနဲ့ဆိုင်တယ်။

မင်းရဲ့စိတ်က နိမ့်ချရင်

အမေမေးတဲ့ မေးခွန်းရဲ့ အဖြေကို

ခပ်နိမ့်နိမ့်ပဲတွေးပြီး ဖြေမယ်။

မင်းရဲ့စိတ်ဓာတ် မြင့်ရင်တော့

အမေမေးတဲ့ မေးခွန်းရဲ့အဖြေဟာ

အဓိပ္ပာယ်ရှိမှန်း မင်းသိလိမ့်မယ်။

# အမေကြည်

ကျွန်တော်တို့ အရပ်ထဲမှာ အသက် (၈၀)ကျော်တဲ့ အငြိမ်းစား ကျောင်းအုပ်ဆရာမကြီးတစ်ယောက်ရှိတယ်။ သူ့နာမည်က 'ဒေါ်မေကြည်'တဲ့။ ကျွန်တော်တို့တစ်ရပ်ကွက်လုံးက သူ့ကို 'အမေကြည်'လို့ပဲ ခေါ်ကြတယ်။ 'အမေကြည်' သီချင်းအဆိုကောင်းတယ်။ ပုံအပြောလည်း ကောင်းတယ်။ စကားအပြောလည်း ကောင်းတယ်။ အပျိုကြီးတစ်ယောက်လည်း ဖြစ်တယ်။ ပင်စင်ယူပြီးကတည်းက အရပ်ထဲမှာတော့ သိပ်မနေပါဘူး။ တစ်နှစ်ကို (၈)လလောက်မှာ တရားစခန်းဝင်နေတတ်တယ်။ 'အမေကြည်'က အရပ်ထဲကို ပြန်ရောက်တဲ့အချိန်မှာ ကျွန်တော့်အိမ်ကို အလည်လာတတ်တယ်။ အလည်လာရင်လည်း မှတ်သားဖွယ်ရာ စကားတွေပြောတတ်တယ်။ ဟိုတစ်နေ့က 'အမေကြည်'နဲ့ ကျွန်တော် စကားပြောဖြစ်တယ်။

"အမေကြည် ဒီတစ်ခါတရားစခန်းဝင်တာ တော်တော်ကြာတယ်နော်"

"အေးကွဲ့။ မဟာစည်ရိပ်သာမှာပဲ ဝါတွင်းတစ်တွင်းလုံး အမေနေခဲ့တယ်။ တရားလည်းအားထုတ်၊ ဝေယျာဝစ္စလည်း လုပ်ရင်ပေါ့ကွယ်။ အချိန်တွေ ဘယ်လိုကုန်သွားမှန်းကို မသိပါဘူးကွယ်။ အသက်တွေကြီးလာတော့ အချိန်ကုန်မြန်တယ်လို့ ခံစားနေရတယ်"

"ဟုတ်တယ် အမေကြည်ရဲ့။ ငယ်ငယ်တုန်းကဆိုရင် နွေရာသီကျောင်းပိတ်ရက်ကို အကြာကြီးလို့ ထင်ရတယ်နော်။ အရွယ်ကလေးလည်း ရလာရော နွေရာသီဆိုတာ ခဏလေးရယ်"

"ဟုတ်တယ် သားရဲ့။ အချိန်ကုန်တွေ မြန်တယ်လို့ သိလိုက်ရတဲ့အချိန်မှာကုန်သွားတဲ့အချိန်တွေအတွက် နှမြောမိတယ်။ ကိုယ့်အတွက်လည်း အကျိုးမရှိ။ အများအတွက်လည်း အကျိုးမရှိဘဲ ကုန်သွားတဲ့အချိန်တွေအတွက် အမေကတော့နောင်တရနေမိတယ်"

"ကျွန်တော်ကတော့ အမေကြည်တို့ဆုံးမလို့ နည်းနည်းလေးတော့ နားလည် သလိုလိုရှိတယ်ဗျ"

"ဒီလိုဆိုရင် သားကို မေးခွန်းတစ်ခုမေးမယ်။ အမေမေးတဲ့မေးခွန်းရဲ့ အဖြေက မင်းရင်ထဲက စိတ်သဘာဝနဲ့ဆိုင်တယ်။ မင်းရဲ့စိတ်က နိမ့်ချရင် အမေ မေးတဲ့ မေးခွန်းရဲ့ အဖြေကို ခပ်နိမ့်နိမ့်ပဲတွေးပြီးဖြေမယ်။ မင်းရဲ့စိတ်ဓာတ် မြင့်ရင်တော့ အမေမေးတဲ့ မေးခွန်းရဲ့အဖြေဟာ အဓိပ္ပာယ်ရှိမှန်း မင်းသိလိမ့်မယ်"

အမေကြည် ပြောမယ့်စကားကို ကျွန်တော်က အရမ်းစိတ်ဝင်စားနေမိတယ်။

"ဘာများလဲ အမေကြည်ရယ်"

"ဒီမယ် သား။ မင်း လူဖြစ်ရကျိုးနပ်ချင်လား"

"အမေရယ် ဖြစ်ချင်တာပေါ့"

"ဒါဆိုရင် လူဖြစ်ရကျိုးနပ်ချင်တယ်ပေါ့။ လူဖြစ်ရကျိုးနပ်ချင်ရင် ခိုးရတယ် သားရဲ့"

"အမေရယ်… ကြုံကြုံဖန်ဖန် မချမ်းသာလို့ ခိုးနေကြတာ မဟုတ်ဘူးလား။ ကျွန်တော်ကတော့ မခိုးရဲပါဘူး"

"သားပတ်ဝန်းကျင်ကို ကြည့်လိုက်စမ်း။ ခိုးတဲ့သူတွေ ချမ်းသာနေကြ တယ်လေ"

"အမေ ဘာတွေလျှောက်ပြောနေတာတုံး"

"အမေလျှောက်မပြောဘူး။ မင်းအတွေးက တော်တော်နိမ့်တာပဲ။ ခိုးလို့မှ မချမ်းသာရင် လုရတယ်သားရဲ့"

"အမေကလည်းဗျာ။ ကျွန်တော်က အဟုတ်မှတ်လို့ နားထောင်နေတာ"

"အမေ့စကားက အမှန်ပဲသားရဲ့။ လုနိုင်တဲ့သူတွေလည်း ချမ်းသာနေကြ တာပဲလေ။ မဟုတ်ဘူးလား"

အမေကြည်က ကျွန်တော့်ကို ခပ်တည်တည်နဲ့ စကားတွေပြောနေတယ်။ အမေကြည်က တစ်ခါတလေ ရှုတ်တတ် နောက်တတ်တဲ့သူဆိုတော့ ကျွန်တော့်ကို စနေတယ်လို့ပဲ ထင်နေမိတယ်။ အမေကြည်က ဆက်ပြောတယ်။

"ခိုးလို့၊ လုလို့မှ မချမ်းသာရင် သတ်ရတယ်သားရဲ့"

"တော်ပါပြီ အမေကြည်ရယ် ။ ခိုးမှ၊ လုမှ၊ သတ်မှ ချမ်းသာရမယ်ဆိုရင် ကျွန်တော် ဒီစည်းစိမ်မျိုးကို မလိုချင်ပါဘူးဗျာ"

"မင်းက တကယ်မချမ်းသာချင်ဘူးလား။ တကယ် လူဖြစ်ရကျိုးမနပ်ချင်

ကျူးလား''

''အမေကြည်က ခိုးဖို့၊ လုဖို့၊ သတ်ဖို့ ပြောနေတဲ့ဥစ္စာ။ အဲ့ဒါ လူဖြစ်ရကျိုးနပ်ပဲ့ ကိစ္စမှ မဟုတ်ပဲဗျ''

''မင်း တော်တော်ခက်တဲ့ကလေးပဲ။ မင်းက မင်းရဲ့နိမ့်ကျတဲ့စိတ်နဲ့ စဉ်းစားနေတာကိုး။ အမေ ပြောတာကိုလည်း သေချာနားထောင်ပါဦး''

အမေကြည်က အထက်တန်းပြ ဆရာမတစ်ယောက်ဖြစ်ခဲ့တယ်။ မြန်မာစာပြတယ်။ ဆံပင်တွေကလည်း တစ်ခေါင်းလုံးမှာ ဖွေးလို့၊ ဖြူလို့၊ ပိန်ပိန်ပါးပါး၊ အသားကတော့ ခပ်လတ်လတ်နဲ့။ အရပ်ကတော့ နည်းနည်းရှည်တယ်။ ခါးကတော့ မကုန်းသေးဘူး။ ကျန်းမာရေးက အလွန်ကောင်းတယ်။ အမေကြည်ရဲ့ မျက်လုံးတွေက အမြဲတမ်းပဲ အရောင်တွေတောက်နေတယ်လို့ ထင်ရတယ်။ ဒါပေမယ့် အမေကြည်က ပါးစပ်နည်းနည်းပြဲတယ်။ သွားတွေကတော့ ကောင်းတုန်းပါပဲ။

''ဒီမယ် သားရဲ့။ သေသေချာချာနားထောင်။ အမေ ပြောပြမယ်''

အမေကြည်က ရေတစ်ခွက်ကို သောက်လိုက်တယ်။ ဒါဆိုရင် အမေကြည်တစ်ယောက်တော့ စကားအများကြီး ပြောတော့မယ်။

''ခိုးတယ်ဆိုတာ သူတစ်ပါးပစ္စည်းကို ခိုးခိုင်းတာ မဟုတ်ဘူး။ မနက်အိပ်ရာထ၊ ညအိပ်ရာဝင်တိုင်း ဘုရားရှိခိုးရမယ်လို့ ပြောတာ။ ဘုရားကို မမေ့နဲ့။ တရားကို မမေ့နဲ့။ သံဃာကို မမေ့နဲ့။ ရတနာသုံးပါးကို မမေ့နဲ့။ အမိအဘ ဆရာသမားကို မမေ့နဲ့။ အမြဲတမ်းရှိခိုးပြီး အိပ်ရမယ်။ ရှိခိုးပြီးမှ အိပ်ရာထရမယ်။ ကျေးဇူးကြီးသူတွေကို ရိုသေသူတိုင်း၊ ရှိခိုးသူတိုင်း ကြီးပွားချမ်းသာကြတယ်။ ဂိုဏ်းကြီး (၁၀)ပါးကို မမေ့သူတိုင်း လူဖြစ်ရကျိုးနပ်တယ် သားရဲ့''

အမေကြည်ပြောတော့လည်း ဟုတ်သားပဲ။ ကျွန်တော်တို့က ဘုရားရှိခိုးဖို့တောင် မေ့နေကြတယ်။

အမေကြည်က သူ့စကားကို ဆက်ပြီးပြောတယ်။

''ဒီလိုပဲ။ လုရတယ်ဆိုတာ သူတစ်ပါးဥစ္စာပစ္စည်းကို လုရမယ်။ ယက်ရမယ်လို့ ပြောတာ မဟုတ်ဘူး။ ဝိပဿနာတရားကို အချိန်လုပြီး အားထုတ်ရမယ်လို့ ပြောတာ။ ဝင်လေထွက်လေ အာနာပါနရှုမှတ်မှုကို အချိန်လုပြီး လုပ်ရမယ်။ ငါ မအားလို့၊ မလုပ်ရှုပ်နေလို့ဆိုပြီး ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို အားမထုတ်ဘဲ မနေရဘူး။ အချိန်လုပြီး မနက်အိပ်ရာထ (၁)ကြိမ်၊ ညအိပ်ရာဝင် (၁)ကြိမ်၊ နာရီဝက်လောက်တော့ အနည်းဆုံးလုပ်ရမယ် သားရဲ့။ အဲ့ဒီလို အာနာပါနကမ္မဋ္ဌာန်းတရားကို

အားထုတ်သူတိုင်း စိတ်ချမ်းသာကြတယ်။ ဝိပဿနာတရားဆိုတာ ကိုယ့်ရဲ့စိတ်ကို ကိုယ်ပြန်ကြည့်တဲ့ လေ့ကျင့်ခန်းပဲကွဲ့"

ဟုတ်ပါတယ်လေ။ ကျွန်တော်က အလုပ်ထဲမှာပဲ အချိန်တွေ ကုန်နေတယ်။ ငွေနောက်ကို လိုက်နေတယ်။ အောင်မြင်မှုနောက်ကို လိုက်နေတယ်။ တစ်နှစ်မှာ တစ်ခါလောက်သာ တရားစခန်းသွားတာကိုပဲ လူတော်ကြီး၊ လူလိမ္မာကြီး၊ လူသူတော်ကောင်းကြီး အယောင်ဆောင်နေတယ်။

"ဒီမယ် သားရဲ့၊ သတ်ရမယ်ဆိုတာကိုရော သိလား။ သူများအသက်ကို သတ်ခိုင်းတာ မဟုတ်ဘူး။ ကိုယ့်ရင်ထဲမှာ ဖြစ်နေတဲ့ လောဘစိတ်ကို သတ်ရမယ်။ ဒေါသစိတ်ကို သတ်ရမယ်။ အတ္တနဲ့ မာနစိတ်တွေကို သတ်ပစ်ရမယ်။ ကိုယ့်ထက်သာလို့ မနာလိုတဲ့စိတ်တွေ၊ ဣဿာ၊ မစ္ဆရိယစိတ်တွေကို ပယ်သတ်ပစ်ရမယ်။ ဒါမှ စိတ်ချမ်းသာမှာနော်။ သိမ်းပိုက်လိုတဲ့ လောဘစိတ်နဲ့ ရှင်သန်နေထိုင်ခြင်းဟာ လူဖြစ်ရကျိုးမနပ်ဘူး။ အဲ့ဒီစိတ်တွေဟာ ကိုယ့်ကိုယ်ကို မီးရှို့နေတဲ့ စိတ်တွေပဲ။ ကိုယ့် စိတ်ထဲမှာ အစဉ်အမြဲ ဖြစ်နေတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ အတ္တ စိတ်တွေကို သတိဆိုတဲ့ လက်နက်နဲ့ သတ်ပစ်ရမယ်သားရဲ့။ ဒါမှ စိတ်ချမ်းသာမှာ။ အဲ့ဒါကို အမေကပြောတာ"

အမေကြည့်စကားက မှတ်သားစရာကောင်းလိုက်တာ။ အစကတော့ ဘာလိုလိုကြီးလို့ ထင်နေမိတာ။

"ကဲ... ဒီမယ်သားရေ အမေလည်း ပြန်လိုက်ဦးမယ်။ မင်းလည်း လူဖြစ်ရကျိုးနပ်ပြီလားလို့ စဉ်းစားဦး။ ခိုးသင့်တာကို ခိုးရမယ်။ မခိုးသင့်တာကို မခိုးရဘူး။ ဒီလိုပဲ လုသင့်တဲ့ကိစ္စကို လုရတယ်။ မလုသင့်တဲ့ ကိစ္စကို မလုရဘူး။ သတ်သင့်တဲ့ ကိစ္စကိုလည်း သတ်ပေါ့ကွယ်။ ဒါမှ စိတ်ချမ်းသာမှာကွဲ့"


အမေကြည်က ပြောပြောဆိုဆို မတ်တတ်ရပ်လိုက်ပါတယ်။

"အမေ သွားတော့မယ်နော် သားရေ"

အမေကြည့်ရဲ့ ခြေလှမ်းတွေက တည်ငြိမ်နေတယ်။

အပြုံးတွေက လန်းဆန်းနေတယ်။ အတွေးတွေက လတ်ဆတ်နေတယ်။ စိတ်ဓာတ်တွေက ရှင်းသန့်နေတယ်။ နှလုံးသားက ကြည်လင်နေတယ်။

*ရွှေမန္တလေးဂျာနယ်*
*၂၀၁၀၊ ဖေဖော်ဝါရီ*


လက်ခေါက်

◎

အတ္တငယ်ရင် လူငယ်လို့ခေါ်မယ်။

အတ္တကြီးရင် လူကြီးလို့ခေါ်မယ်။

ဆရာမတို့က

အသက်တွေသာ ကြီးလာတာပါကွယ်။

လူငယ်လေးတွေလို့ ပြောလို့ရတယ်။

# လက်ခေါက်

သတင်းစာတွေထဲမှာ ကျောင်းသားဟောင်းတွေက အငြိမ်းစားယူသွားတဲ့ ဆရာအဟောင်းတွေကို ပူဇော်တဲ့ အာစရိယပူဇော်ပွဲသတင်းတွေ ဖတ်ရတယ်။ ဒီ (၄)၊ (၅)နှစ်အတွင်းမှာ ဒီလိုအာစရိယပူဇော်ပွဲတွေ ထူးထူးခြားခြား များလာတာကို ကျွန်တော် သတိထားမိတယ်။

ကျွန်တော်က အထက်တန်းကျောင်းသားဘဝမှာ ပြင်ဦးလွင် အ.ထ.က(၁) မှာ နေခဲ့တယ်။ ဒါကြောင့် အ.ထ.က (၁)ရဲ့ ကျောင်းသားဟောင်းများရဲ့ အာစရိယ ပူဇော်ပွဲကို နှစ်တိုင်းသွားခဲ့တယ်။

သူငယ်ချင်းဟောင်းတွေနဲ့ တွေ့ရတာ ပျော်စရာကောင်းလိုက်တာ။ တချို့လည်း စစ်ဘက်နယ်ဘက်မှာ အရာရှိအကြီးကြီးတွေ ဖြစ်နေကြတယ်။ တချို့ကတော့ အထူးကုဆရာဝန်ကြီးတွေ၊ ကျွမ်းကျင်ဗိသုကာပညာရှင်ကြီးတွေ၊ အင်ဂျင်နီယာကြီး တွေ ဖြစ်နေကြပြန်တယ်။ တချို့ကျတော့လည်း ကျောင်းဆရာ၊ ဆရာမတွေ၊ ကျောင်းအုပ်ကြီးတွေ ဖြစ်နေပြန်တယ်။ သူငယ်ချင်းတချို့ကတော့ ဆန်ကုန်သည်၊ ရွှေကုန်သည်တွေ ဖြစ်နေကြတယ်။ တချို့သူငယ်ချင်းတွေကတော့ ပန်းစိုက်ပြီး ဘဝကို ရပ်တည်နေကြတယ်။ ကျွန်တော်ကတော့ ဓာတုဗေဒဘာသာရပ်သင် ဆရာတစ်ယောက်အဖြစ် ဘဝကို အသက်မွေးနေရပြန်တယ်။ ကိုယ်ဝါသနာပါတဲ့ စာရေးတဲ့အလုပ်ကိုလည်း လုပ်နေမိတယ်။ သူငယ်ချင်းတွေ အားလုံးတော်ကြပါတယ်။ ကျောင်းသားဘဝတုန်းက သွားအတူ၊ လာအတူ၊ ကျောင်းပြေးရင်လည်းအတူ၊ 'ကဲဖော်ကဲဖက်'တွေပေါ့။ အခုတော့လည်း အလွမ်းသယ်လို့ မဆုံးနိုင်အောင် ဖြစ်နေကြပြန်တယ်။

စင်မြင့်ထက်မှာ အငြိမ်းစားကျောင်းအုပ်ကြီးတွေ၊ အငြိမ်းစားဆရာကြီးတွေက နေရာယူထားကြတယ်။ ဆရာတွေရဲ့ အသက်က (၇၀)ကျော်၊ (၈၀)နီးပါး ရှိကုန်ကြပြီ။ ကျွန်တော်တို့တောင် အသက် (၅၀)နီးပါးရှိကြပြီပဲ။ ဆရာတွေရဲ့ အသက်ကို ကြည့်ပြီး အားကျမိတယ်။ အသက် (၇၀)၊ (၈၀)ထိ နေခွင့်ရဖို့ဆိုတာ မလွယ်လှဘူးနော်။ အာစရိယပူဇော်ပွဲဆိုတော့ ဆရာတွေက ဆုံးမစကားပြောကြရတယ်။ ကျွန်တော်တို့က ကြမ်းပြင်ပေါ်မှာ ထိုင်ပြီး ဆရာတွေရဲ့ ဆုံးမစကားကို နားထောင်ရတယ်။

အကန်တော့ခံ ဆရာတွေထဲမှာ မြန်မာစာပြတဲ့ ဆရာမ ဒေါ်ခင်လေးမာ ဆိုတာပါတယ်။ ကျွန်တော်တို့ချစ်တဲ့ ဆရာတွေထဲက ဆရာမတစ်ယောက်ပေါ့။ ဆရာမက စာသင်တာ အလွန်ကောင်းတယ်။ စိတ်ရှည်တယ်။ ဆရာမက အမြဲပြောတယ်။

"မြန်မာစာဆိုတာ ဘာသာရပ်သဘောသက်သက် မဟုတ်ဘူး။ ကိုယ့်ယဉ်ကျေးမှုကို မြတ်နိုးတတ်ဖို့၊ မျိုးရိုးဇာတိ ထိန်းသိမ်းတတ်ဖို့၊ လူကောင်းတွေဖြစ်ဖို့အတွက် လေ့ကျင့်ပေးရတဲ့ ဘာသာရပ်ဖြစ်တယ်။ အတွေးတော်မှ လူတော်ဖြစ်တာ။ အတွေးကောင်းမှ လူကောင်းဖြစ်တာ"

ကျွန်တော်မှတ်မိတာလေး ပြောရဦးမယ်။ တစ်ရက်တော့ ကျွန်တော်တို့ အတန်းထဲမှာ ကျောင်းသားတစ်ယောက်က ပစ္စည်းတစ်ခုပျောက်တယ်။ သူက ဆရာမကို သွားပြီးတိုင်တယ်။ ဆိုလိုတာကတော့ သူ့ပစ္စည်း အခိုးခံရတယ်ပေါ့။ ကျွန်တော်တို့ ဆရာမက သိပ်တော်တယ်။ ဆရာမက ပြောတယ်။

"အတန်းထဲမှာ ပစ္စည်းတစ်ခုပျောက်တယ်။ ဘယ်သူ့ပစ္စည်းပျောက်တယ်လို့ ဆရာမ မပြောဘူးနော်။ သူ့ပစ္စည်းကို ဘယ်သူ ယူထားသလဲ။ မယူဘူးဆိုရင်လည်း ကိုယ့်လွယ်အိတ်ထဲမှာ အမှတ်တမဲ့ ပါသွားတတ်တယ်။ ဒီတော့ ကိုယ့်လွယ်အိတ်ကို ကိုယ်စစ်ဆေးကြ။ ကိုယ့်ပစ္စည်းမဟုတ်ခဲ့ရင် ဆရာမကို ထမင်းစားဆင်းတဲ့အချိန်မှာ လာပေးရမယ်။ ပစ္စည်းခိုးတယ်လို့ ဘယ်သူ့ကိုမှ ဆရာမက မစွပ်စွဲဘူးနော်။ ယူထားတဲ့ ပစ္စည်းလာပေးတဲ့သူကိုလည်း ဆရာမက မရိုက်ဘူး။ လက်ခေါက်ကိုလည်း ပေတံစောင်းနဲ့ မခေါက်ဘူး။ အပြစ်မတင်ဘူး။ ဘယ်သူလာပေးတယ်လို့လည်း ဆရာမက ဘယ်သူ့ကိုမှ ဖွင့်ပြောမှာ မဟုတ်ဘူး။ ဒီတော့ ဆရာမကို လာပေးကြ။ ဆရာမက လိမ်ပြောတာ မကြိုက်ဘူးနော်"

နေ့လယ်ထမင်းစား ကျောင်းပြန်အတက်မှာ ပျောက်တဲ့ပစ္စည်းပြန်ရပါတယ်။ ဆရာမက လိမ်ပြောတဲ့သူ၊ ခိုးတဲ့သူဆိုရင် လက်ခေါက်ကို ပေတံစောင်းနဲ့ တစ်ချက်နှစ်ချက်လောက် ခပ်နာနာ ခေါက်တတ်တယ်။

ကျွန်တော့်အကြောင်း ပြောရဦးမယ်။ ကျွန်တော်က ဆရာမကို လိမ်ပြော ဖူးတယ်။ ထမင်းစားဆင်းတဲ့အချိန်မှာ ကျွန်တော်တို့ သူငယ်ချင်းတစ်တွေ လက်ဖက် ရည်ဆိုင် သွားကြတယ်။ လက်ဖက်ရည်သောက်ရင်း စီးကရက်သောက်ကြတယ်။ ကျွန်တော်တို့ စီးကရက်သောက်တာကို ဆရာမက ဘယ်လိုလုပ်ပြီး သိသွားသလဲ မသိဘူး။ ကျောင်းလည်း ပြန်တက်ရော။ ဆရာမက မေးတယ်။

"လက်ဖက်ဆိုင်မှာ ဆေးလိပ်သောက်တဲ့သူတွေ မတ်တတ်ရပ်စမ်း"

ကျွန်တော်တို့က မရပ်ဘူး။

"ငါက လိမ်ပြောတာ မကြိုက်ဘူးနော်။ ဝန်ခံတာကို ကြိုက်တယ်။ ရိုးသားတာ ကို ကြိုက်တယ်။ တစ်ခါလိမ်ထားတဲ့သူက ဝန်ခံလိုက်ရင် ပြီးသွားပြီ။ ဝန်မခံဘူးဆိုရင် ကိုယ်လိမ်ထားတာမပေါ်ဖို့အတွက် နောက်ထပ်တစ်ခါ ထပ်ပြီး လိမ်ရပြန်တယ်။ နှစ်ခါလိမ်တာ မပေါ်ဖို့အတွက် နောက်ထပ် ထပ်ထပ်ပြီး လိမ်ရပြန်တယ်။ ဒီလိုနဲ့ လူလိမ်ဖြစ်သွားရော။ လိမ်ပြောတဲ့သူက မလွတ်လပ်တော့ဘူး။ မလွတ်လပ်တော့ စိတ်ဆင်းရဲရတာပေါ့။ ခိုးတယ် လိမ်တယ်ဆိုတာ ကိုယ့်ကိုယ်ကို ပြန်ပြီး အကျည်းချုံ ဝဋ်ရခြင်းပဲ။ ဒါကြောင့် ဆရာမက ရိုးသားခိုင်းတာ။ ဝန်ခံခိုင်းတာ"

အားလုံးငြိမ်နေကြတယ်။

"ကဲ… ဒါဆိုရင် မင်းတို့က ဆေးလိပ်သောက်တဲ့အပြစ်ရယ်၊ လိမ်ပြောတဲ့ အပြစ်ရယ် နှစ်မျိုး ဖြစ်သွားပြီနော်။ လက်ခေါက်ကို ပေတံစောင်းနဲ့ အရိုက်ခံရမယ်"

ကျွန်တော်တို့ကလည်း ခပ်တည်တည်နဲ့ ထိုင်နေကြတယ်။

"မောင်ဘုန်း၊ မျိုးမြင့်၊ မောင်မောင်၊ ချိုချို၊ သန့်စင် မင်းတို့ ဆေးလိပ် သောက်တယ်။ ရှေ့ထွက်ခဲ့"

တစ်တန်းလုံးက ပြူးစိစိနဲ့ ကျွန်တော့်တို့ကို ဝိုင်းကြည့်ကြတယ်။ ကျွန်တော် တို့ လက်ခေါက်ကို ဆရာမက ပေတံစောင်းနဲ့ (၃)ချက်စီခေါက်တယ်။ ကျွန်တော်တို့ လက်ခေါက်တွေ နီရဲသွားပါတော့တယ်။ ဆရာမ ဘယ်လိုလုပ်ပြီး သိသလဲလို့ အံ့သြနေမိတယ်။

အာစရိယပူဇော်ပွဲနေ့မှာ ဆရာမကို ကျန်းကျန်းမာမာနဲ့တွေ့ရလို့ ကျွန်တော်တို့ ဝမ်းသာမိတယ်။ အာစရိယပူဇော်ပွဲဆိုတော့ ဆရာတွေ ဆရာမတွေက ဆုံးမစကားကို အနည်းငယ်စီ ပြောခွင့်ရကြတယ်။ ဆရာမ ဒေါ်ခင်လေးမာက အာစရိယပူဇော်ပွဲမှာ ကျွန်တော်တို့ကို ဒီလိုဆုံးမပြန်တယ်။

"သားတို့၊ သမီးတို့ အခုဆိုရင် မင်းတို့လည်း အသက်တွေ ကြီးကုန်ပြီ။

ဆရာမတို့လည်း အသက်တွေကြီးကုန်ပြီ။ နောက်နှစ်မှာ ဒီလိုစကားပြောခွင့် ကြုံချင်မှ ကြုံမှာ။ ကြုံတုန်း ဆုံးမရဦးမယ်။ ဆရာမ တွေးမိတာလေး ပြောမယ်နော်။ လူကြီးနဲ့ လူငယ်ကို ခွဲခြားတဲ့ နည်းအမျိုးမျိုးရှိတယ်။ တချို့ကတော့ အသက်အရွယ်နဲ့ သတ်မှတ်တယ်ပေါ့ကွယ်။ တချို့ကျပြန်တော့ ကိုယ်တာဝန်ယူရတဲ့ အလုပ်အကြီးအသေးနဲ့ သတ်မှတ်ကြတယ်။ ဆရာမကတော့ ဒီလိုသတ်မှတ်ချင်တယ်ကွဲ့။ အတွေ့ငယ်ရင် လူငယ်လို့ ခေါ်မယ်။ အတွေ့ကြီးရင် လူကြီးလို့ခေါ်မယ်။ ဆရာမတို့က အသက်တွေသာ ကြီးလာတာပါကွယ်။ လူငယ်လေးတွေလို့ ပြောလို့ရတယ်။ မင်းတို့ရော လူငယ်လေးတွေပဲလား''

ဆရာမရဲ့ စကားကိုကြားတော့ သူငယ်ချင်းအားလုံး တစ်ယောက်ကို တစ်ယောက် ပြုံးစိစိနဲ့ ကြည့်လိုက်မိတယ်။ ဆရာမက ဆက်ပြောတယ်။

''မင်းတို့ငယ်ငယ်တုန်းက  အတန်းထဲမှာ လိမ်ပြောတဲ့သူ၊ ညာပြောတဲ့သူ၊ သူများဥစ္စာပစ္စည်း ခိုးယူတတ်တဲ့သူကို ဆရာမက ပေတံစောင်းနဲ့ လက်ခေါက်ကို ခေါက်ခဲ့ဖူးတယ်နော်။ မှတ်မိသေးလား။ မင်းတို့အချင်းချင်းလည်း လက်ခေါက်နီရဲနေတဲ့သူဆိုရင် လိမ်တတ်တဲ့သူ၊ ညာတတ်တဲ့သူလို့ သိကြတယ်။ မင်းတို့ကလည်း လက်ပိုက်ပြီးတော့ နှုတ်ဆက်ရင် 'ချိုင်းကြား'မှာ လက်ခေါက်ကိုဖွက်ပြီး နှုတ်ဆက်ကြတယ်။ ဆရာမရဲ့ ပေတံစောင်းကို ကြောက်လို့ပေါ့နော်။ အခုလည်း ဆရာမက သစ်သား ပေတံလေး တစ်ချောင်းယူလာတယ်။ လိမ်ပြောနေတဲ့ တပည့်၊ ညာပြောတတ်တဲ့တပည့်၊ သူများဥစ္စာပစ္စည်းကို မတရားယူတတ်တဲ့တပည့်တွေရဲ့ လက်ခေါက်ကို ဟောဒီ သစ်သားပေတံနဲ့ ခေါက်မှာနော်''

ကျွန်တော်တို့အားလုံး သူ့လက်ခေါက် ကိုယ့်လက်ခေါက် အပြန်အလှန် ကြည့်နေမိကြတယ်။

''ဒီအရွယ်ထိ လက်ခေါက်တွေ ဖွက်ထားရရင်တော့ မင်းတို့ရဲ့ဆရာမ ဖြစ်ခဲ့ရတာ ငါ ရှက်တယ်ကွယ်။ လက်ခေါက်တွေကို ဖွက်မထားကြနဲ့''

ဆရာမရဲ့ ဆုံးမစကားသံအောက်မှာ ကျွန်တော်တို့အားလုံး ခေါင်းတွေကို ငုံ့ထားမိကြတယ်။


''ဘာပဲဖြစ်ဖြစ်လေ လွတ်လပ်ချင်ရင် ရိုးသားရတယ်။ လွတ်လပ်ချင်ရင် လိမ်မပြောရဘူး။ လွတ်လပ်ချင်ရင် ဝန်ခံရတယ်။ ဆရာမရဲ့ သားတွေသမီးတွေကို ကျန်းကျန်းမာမာ တွေ့ရလို့ဝမ်းသာပါတယ်။ ချမ်းချမ်းသာသာနဲ့ တွေ့ရလို့လည်း ကျေနပ်နေမိတယ်။  ဒါပေမယ့် စိတ်ချမ်းသာခြင်းများနဲ့ ရှင်သန်နေတဲ့လူတစ်ယောက်

ဖြစ်စေချင်တယ်ကွဲ့"

ဆရာမရဲ့ ဆုံးမစကားသံအောက်မှာ ကျွန်တော်တို့အားလုံး မှင်သက်နေပါတယ်။

"စိတ်ရဲ့လွတ်လပ်မှုကို လိုချင်ရင် စိတ်ကို အနှောင်အဖွဲ့ဖြစ်စေမယ့် အပြုအမူမျိုးကို ရှောင်ကြရမယ်နော်။ ကိုယ့်လက်ခေါက်ကို ကိုယ်ပြန်ပြီး ကြည့်ရဲတဲ့သူ ဖြစ်ကြပါစေကွယ်"

*ရွှေမန္တလေးဂျာနယ်*
၂၀၁၀၊ ဇွန်


ကြည့်မှန်

အကောင်းနဲ့ပဲကြုံကြုံ၊ အရှုံးနဲ့ပဲတွေ့တွေ့
ကိုယ့်ကိုယ်ကို တာဝန်ယူရဲတဲ့စိတ် ရှိသင့်တယ်။
ဒါဆိုရင် လူတွေရဲ့ဘဝ
ဒီထက် တိုးတက်လာမှာ သေချာတယ်။
အကောင်း အဆိုး နှစ်ခုစလုံးကို တာဝန်ယူရဲတဲ့ စိတ်နဲ့
လောကကြီးကို ဆက်ဆံလိုက်စမ်းပါကွာ။

# ကြည့်မှန်

မှတ်မိပါသေးတယ်။ ကျွန်တော် (၁၀)တန်းတုန်းကပေါ့။ အတန်းထဲမှာ အဆင့် (၁)ရခဲ့ဖူးတယ်။ ကျွန်တော့်ဘဝမှာ ဒီတစ်ကြိမ်သာ အဆင့် (၁)ရခဲ့ဖူးတာပါ။ အမေက Report Card (အရည်အချင်းပြမှတ်တမ်း)ကို ကြည့်ပြီး ဒီလိုပြောတယ်။

''သိပ်တော်တဲ့ ငါ့သားလေး။ အမေ့တူသားလေး။ လိမ္မာလိုက်တာ''

မကြာပါဘူး။ ဒီဇင်ဘာလ ဒုတိယအစမ်းစာမေးပွဲမှာ အင်္ဂလိပ်စာနဲ့ ဘိုင်အိုနစ်ဘာသာကျတယ်။ အဲ့ဒီအခါမှာ အမေက ဒီလိုပြောပြန်တယ်။

''အဲ့ဒါ မင်းအဖေနဲ့တူတာ။ မင်းအဖေလည်း ဒီအတိုင်းပဲ။ အစကတော့ ဟုတ်မလိုလိုနဲ့ နောက်ကျတော့ အဖျားရှူးတယ်။ အင်္ဂလိပ်စာနဲ့ ဘိုင်အိုသင်တဲ့ ဆရာတွေကလည်း ဘယ်လိုသင်နေမှန်းမှ မသိတာ။ ငါ့သားလေး ဒီလောက် မညံ့ပါဘူး။ လမ်းထိပ်က အောင်နိုင်နဲ့တွဲလို့ မင်းညံ့တာ''

အဖေက အမေပြောသမျှကို ပြုံးပြုံးကြီး နားထောင်နေတတ်တယ်။

❐

မှတ်မိပါသေးတယ်။ ကျွန်တော် စာသင်တဲ့ဆရာ ဖြစ်လာခဲ့တယ်။ အဲ့ဒီအခါ အတိုင်းအတာတစ်ခုအထိ ပိုင်ဆိုင်မှုတွေ ရှိလာခဲ့တယ်။ အမေက ထုံးစံအတိုင်းပဲ ဒီလိုပြောပြန်တယ်။

''သိပ်တော်တဲ့ ငါ့သားလေး။ အမေ့တူသားလေး။ လိမ္မာလိုက်တာ''

မကြာပါဘူး။ အခက်အခဲတွေနဲ့ ကြုံပြီး အဆင်မပြေမှုတွေ တွေ့ရတဲ့အခါ အမေက ဒီလိုပြောပြန်တယ်။

"မင်း အဲဒါ မင်းရဲ့အပေါင်းအသင်းမကောင်းလို့။ လူပေါင်းမှားလို့။ လူယုံသတ်တာ။ လူတွေက မကောင်းဘူး။ လူတွေက သစ္စာမရှိဘူး။ မင်း သူတို့နဲ့ မပေါင်းဘဲနေရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး"

အပေါင်းအသင်းတွေကြောင့် မိတ်ဆွေတွေကြောင့် ဒီလိုအောင်မြင်မှုရနေခဲ့တာတွေကို အမေက မေ့ပစ်လိုက်ပြီလား မသိဘူး။

အဖေကတော့ အမေပြောသမျှကို ပြုံးပြီး နားထောင်နေတတ်ပြန်တယ်။

□

တစ်နေ့ဆိုကပေါ့…။ ကျွန်တော်နဲ့ ကျွန်တော့်မိန်းမ စကားများကြတယ်။ ကျွန်တော်က Light Truck တစ်စီးဝယ်တယ်။ ကားအကြောင်းကို ကောင်းကောင်းနားမလည်ဘူး။ ဒီဇယ်အင်ဂျင်အကြောင်းကို ဘာမှမသိဘူး။ ဒီတော့ ပန့်မကောင်းတဲ့အတွက် ကားက လမ်းမှာ ခဏခဏ ထိုးထိုးပြီးရပ်တယ်။ နှိုးရတာလည်း ခက်တယ်။ ဒီအတွက် မိန်းမနဲ့ ကျွန်တော် စကားများရတာ။

"ရှင် ဒီလောက်မှ နားမလည်ဘူးလား။ ရှင့်အပေါင်းအသင်းတွေက လုပ်ချလိုက်ပြီ။ အစကတည်းက ကျွန်မ ပြောသားပဲ"

"မင်း ဒီလိုမပြောနဲ့။ ဒီအပေါင်းအသင်းတွေကြောင့်ပဲ ဒီလိုစီးပွားဖြစ်လာတာ မဟုတ်ဘူးလား။ အဆင်ပြေတုန်းကတော့ ပြုံးပြုံး ပြုံးပြုံးနဲ့။ အဆင်မပြေမှုလည်း တွေ့ရော ဟိုလူ့လက်ညှိုးထိုး ဒီလူ့လက်ညှိုးထိုးနဲ့ တရားခံ မရှာစမ်းပါနဲ့"

"လက်ညှိုးထိုးတာ မဟုတ်ဘူးရှင့်။ မှန်တဲ့အတိုင်းပြောတာ။ ရှင့်သူငယ်ချင်း ဟိုကောင်လေ။ မောင်မောင်ဆိုတဲ့အကောင်။ သူက မလည်ရှုပ်ရှင့်။ သူ့အပြောကောင်းလို့ ရှင်ဒီကားကို ဝယ်တာ မဟုတ်လား။ ကျွန်မ အစကထင်သားပဲ။ ကျွန့်တဲ့ အပေါင်းအသင်းတွေကလည်း မတားကြဘူး။ အလကားနေရင်း မြှောက်ပေးနေကြတယ်"

ကျွန်တော်တို့လင်မယား စကားများနေကြတာကို အဖေက ပြုံးပြုံးကြီးကြည့်ပြီး နားထောင်နေပြန်တယ်။

□

သီတင်းကျွတ်လပြည့်နေတုန်းက အဖေနဲ့အမေကို ကျွန်တော်တို့လင်မယား သွားပြီးကန်တော့ကြတယ်။ အမေက ပြုံးလို့။ အဖေကတော့ ပုံမှန်အတိုင်းပါပဲ။ အမေက မေးတယ်။

"သား ဒီခြင်းထဲက ဘာတွေတုံး"

``စတိုးဆိုင်က ဝယ်လာတာပဲ အမေရယ်။ တစ်ခါတည်း ပါကင်ပိတ်ပြီး ပြင်ဆင်ထားတဲ့အတွက် ဘာတွေပါမှန်းတော့ တိတိကျကျမသိဘူး''

``အေး အဲ့ဒါ မင်းအဖေနဲ့ မင်းက တူတာ။ ဈေးဝယ်တာပဲကွယ်။ ဘာအားနာစရာရှိလို့လဲ။ တစ်ခါတည်း စစ်ဆေးပြီးမှ ဝယ်မှပေါ့''

အဖေကတော့ အမေ့ကို ပြုံးပြီး ကြည့်နေရှာတယ်။ ဘာစကားမှ မပြောဘူး။ ဆေးပေါ့လိပ်အတိုကြီးကို ဖွာပြီးတော့ နှုတ်ပိတ်နေရှာတယ်။ အမေက အဖေ့ကို မျက်စောင်းထိုးပြီး ကြည့်တယ်။ အဖေက မသိချင်ယောင်ဆောင်နေတယ်။

ကျွန်တော်တို့လင်မယား ကန်တော့ပြီးလို့ ခုံပေါ်ကို ထိုင်လိုက်ကြတယ်။ အဲ့ဒီအခါကျမှ အဖေက သူပြောချင်တဲ့စကားတွေကို ပြောပါတော့တယ်။

``ဒီမယ် သားနဲ့သမီး။ အဖေပြောတဲ့စကားကို သေချာ နားထောင်ကြစမ်း။ ဒီမှာတွေ့လား။ ကြည့်မှန်တစ်ချပ်''

အဖေက နံရံမှာချိတ်ထားတဲ့ ကြည့်မှန်ကို လက်ညှိုးထိုးပြတယ်။

``လူတွေက အောင်မြင်မှုကြုံတွေ့ရင် ကိုယ်ဖြစ်ချင်တာတွေ၊ ကိုယ်လုပ်ချင်တာတွေ အဆင်ပြေရင် မှန်ကို ကြည့်ကြတယ်။ မှန်ထဲက ကိုယ့်ရဲ့ပုံရိပ်ကို ကြည့်ပြီး စိတ်ထဲက ဒီလိုပြောကြတယ်။ `သိပ်တော်တဲ့ ငါပဲ။ ငါလောက်တော်တဲ့သူ ကမ္ဘာပေါ်မှာ မရှိဘူး။ ငါက စိတ်ကောင်းရှိတာကို တော်မှာပေါ့။ ငါက စည်းစနစ်ရှိတဲ့သူဆိုတော့ ဒီလိုအောင်မြင်ရမှာပေါ့။ ဝီရိယကလည်းရှိ ကြိုးစားမှုကလည်းရှိဆိုတော့ ဒီလိုဖြစ်ရမှာပေါ့။ ငါကွ' လို့ ဆိုပြီး ကိုယ့်မှန်ထဲက ပုံရိပ်ကိုကြည့်လို့ လက်မလေး တထောင်ထောင်နဲ့ ဘဝင်မြင့်တတ်ကြတယ်''

အဖေပြောတဲ့စကားက ဘာမှလည်း ထူးထူးဆန်းဆန်း မဟုတ်ပါဘူးလို့ ကျွန်တော် စိတ်ထဲမှာ တွေးနေမိတယ်။

``ဒီမယ် ငါ့သား တကယ်လို့သာ ကိုယ်လုပ်သမျှ အဆင်မပြေဖြစ်ပြီး ကျရှုံးမှုတွေ၊ ဆုံးရှုံးမှုတွေ ကြုံတွေ့ခဲ့ရင် လူတွေက မှန်ကို မကြည့်ကြတော့ဘူး။ ဟောဒီမှန်ရဲ့ ကပ်လျက်မှာရှိတဲ့ ပြတင်းပေါက်ကိုဖွင့်ပြီး လောကကြီးကို ကြည့်လိုက်တယ်။ ပြတင်းပေါက်ရှေ့မှာ တွေ့လာသမျှ အရာအားလုံးကို အပြစ်တင်တော့တာပဲ။ လက်ညှိုးထိုးတော့တာပဲ။ ဒီလိုကျရှုံးရတာ မင်းတို့ကြောင့်။ ဒီလို အဆင်မပြေဖြစ်ရတာ နင်တို့ကြောင့်။ ဒီလိုလွဲချော်ရတာ နင်တို့အားလုံးကြောင့်။ ဒီကျရှုံးမှုထဲမှာ ကိုယ်က လွဲပြီး ကျန်တဲ့သူတွေကို အပြစ်တင်တော့တာပဲ''

အဖေ့စကားက အဓိပ္ပာယ်ပါတယ်လို့ တွေးလိုက်မိတယ်။

"ဟုတ်တယ် ငါ့သား။ လူဆိုတာ အောင်မြင်ရင် မှန်ကိုကြည့်ပြီး ကိုယ့်ကြောင့်လို့ ဂုဏ်ယူတတ်ကြတယ်။ ကျရှုံးရင် မှန်ဘေးက ပြတင်းပေါက်ကို ဖွင့်ပြီး လောကကြီးကို အပြစ်တင်တတ်ကြတယ်။ တော်တော်ရယ်ရတယ်ကွ။ အောင်မြင်ရင် မှန်ကိုကြည့်ပြီး ကိုယ့်ကြောင့်လို့ ဂုဏ်ယူတတ်ရင် ကျရှုံးနေတဲ့အချိန်မှာလည်းပဲ မှန်ကိုကြည့်ပြီး ကိုယ့်ကြောင့်လို့ တာဝန်ယူရဲရမယ်။ အခုတော့ အောင်မြင်ရင် ကိုယ့်ကြောင့်၊ ကျရှုံးရင် သူများကြောင့်ဆိုတဲ့ တာဝန်မဲ့ ခပ်ညံ့ညံ့အပေါစား အယူအဆတွေနဲ့ လောကကြီးကို လူတွေက တည်ဆောက်နေကြတယ်"

အဲ့ဒီအချိန်မှာ အမေက အဖေ့စကားကို စိတ်မဝင်စားချင်ယောင် ဆောင်နေတယ်။ စားပွဲခုံပေါ်မှာရှိတဲ့ ဂျာနယ်တစ်စောင်ကို လှမ်းပြီးယူလိုက်တယ်။

"မင်းတို့ လင်မယား စကားများကြတာ၊ ငါတို့လင်မယား အဆင်မပြေ ဖြစ်ကြရတာ၊ လူတွေတစ်ယောက်နဲ့ တစ်ယောက် စိတ်ဝမ်းကွဲကြတာ ဒါတွေဟာ မှန်နဲ့ ပြတင်းပေါက်ပြဿနာပဲ ငါ့သား။ လူတွေက ခက်ပါတယ်ကွာ။ ပျော်ရွှင်ခြင်းတွေ၊ အောင်မြင်ခြင်းတွေ၊ ရယူပိုင်ဆိုင်ခြင်းတွေနဲ့ ကြုံတွေ့ရရင် ကြည့်မှန်ထဲက ကိုယ့်ပုံရိပ်ကြောင့်ဆိုပြီး တာဝန်ယူတတ်ကြတယ်။ ဆုံးရှုံးခြင်းတွေ၊ ကြေကွဲခြင်းတွေ၊ ဝမ်းနည်းခြင်းတွေ ကြုံတွေ့ရရင်တော့ ကြည့်မှန်ဘေးက ပြတင်းပေါက်ကိုဖွင့်ပြီး လောကကြီးကို တရားခံရှာတတ်ကြတယ်ဟေ့"

အဖေ့စကားကို ကျွန်တော် အရမ်းသဘောကျတယ်ဗျာ။ ကျွန်တော့်မိန်းမကိုလည်း လှည့်ကြည့်လိုက်တယ်။ သူကလည်း ပြုံးနေတယ်ဗျ။


"ဒီတော့ကွာ သဘောထားပြည့်ဝတဲ့သူဆိုရင် ပြတင်းပေါက်ကို ဖွင့်ပြီး လောကကြီးကို တရားခံ မရှာဘူး။ အကောင်းနဲ့ပဲကြုံကြုံ၊ အရှုံးနဲ့ပဲတွေ့တွေ့ ကိုယ့်ကိုယ်ကို တာဝန်ယူရဲတဲ့စိတ် ရှိသင့်တယ်ကွ။ ဒါဆိုရင် လူတွေရဲ့ဘဝ ဒီထက် တိုးတက်လာမှာ သေချာတယ်။ အကောင်းအဆိုး နှစ်ခုစလုံးကို တာဝန်ယူရဲတဲ့ စိတ်နဲ့ လောကကြီးကို ဆက်ဆံလိုက်စမ်းပါကွာ"

အဖေနဲ့ အမေကို ကန်တော့ပြီး အိမ်ကို ပြန်ခဲ့ကြတယ်။

အိမ်ကို ပြန်ရောက်ရောက်ချင်း ပြတင်းပေါက်ဘေးမှာရှိတဲ့ ကြည့်မှန်ကို ကျွန်တော် ဖြုတ်လိုက်တယ်။ ပြတင်းပေါက်နဲ့ ဝေးတဲ့နေရာမှာ ကြည့်မှန်ကို ရွှေ့ပြီး တပ်လိုက်ပါတော့တယ်။

*ရွှေမန္တလေးဂျာနယ်*
*၂၀၁၀၊ နိုဝင်ဘာ*

# မင်္ဂလာဦးည



မိဘထမင်းစားပြီး
မင်း… ဒီမိန်းမနဲ့ အိပ်ရင်တော့…
မင်းတစ်သက်လုံး စီးပွားမဖြစ်ဘူးမှတ်။
မကြီးပွားဘူးမှတ်။ ကိုယ့်ဝိုက်ဆံကိုယ်ရှာ။
ကိုယ့်ထမင်း ကိုယ်ရှာ စားပြီးမှ
ကိုယ့်မိန်းမနဲ့ ကိုယ်အိပ်ရတယ်။
အဲ့ဒါမှ စီးပွားဖြစ်တာကွ။

# မင်္ဂလာဦးည

ကျွန်တော့်ရဲ့ မင်္ဂလာဦးညအကြောင်း ကျွန်တော် ပြောပြချင်တယ်။

အဖေနဲ့အမေက တစ်မျိုး၊ ကျွန်တော့်သူငယ်ချင်းတွေက တစ်မျိုးနဲ့ အိမ်ထောင်ဦးဘဝအစမှာပဲ ထူးထူးဆန်းဆန်းတွေ နားထောင်ခဲ့ရတယ်။

ကျွန်တော်က ၁၉၈၉၊ နိုဝင်ဘာ (၂၆)ရက်နေ့မှာ အိမ်ထောင်ကျတယ်။ အိမ်ထောင်ကျတော့ ကျွန်တော့်အသက်က (၂၉)နှစ်ရှိပါပြီ။

ကျွန်တော်တို့ မြန်မာထုံးစံအရ မင်္ဂလာကိစ္စအားလုံးကို ယောကျ်ားလေးဘက်က အကုန်အကျခံရတယ်။ တာဝန်ယူရတယ်။ ကျွန်တော့်အဖေက ရုံးအုပ်စာရေးကြီးဆိုတော့ ငွေကြေးမပြည့်စုံဘူး။ နေရတာကလည်း မန္တလေးမြို့ နန်းရှေ့မှာရှိတဲ့ ဝန်ထမ်းအိမ်ရာ ပြည်တော်သာတိုက်ခန်းကျဉ်းကျဉ်းမှာ နေရတယ်။ စားရတာက ချို့ချို့ငဲ့ငဲ့။ အိပ်ရတာက မပြည့်မစုံနဲ့ဘဝပေါ့။

မင်္ဂလာဆောင်ရတော့လည်း သူများတွေလို မြို့တော်ခန်းမ (၁)တွေ၊ (၂)တွေမှာ မဟုတ်ပါဘူး။ မန္တလေးမြို့ ဘူတာကြီးအနီးက မီးရထားရိပ်သာမှာပါ။ ခန်းမစရိတ်က သက်သာပါတယ်။ ခုံတွေ၊ ပန်းကန်တွေ ငှားရတာလည်း သက်သာပါတယ်။ နေရာကလည်း ကျယ်ဝန်းတယ်။ ပန်းပင်တွေ မြက်ခင်းပြင်တွေလည်းရှိတယ်။ ကျွန်တော့်ရဲ့မင်္ဂလာဆောင်မှာ ကိတ်မုန့်နဲ့ လက်ဖက်ရည်၊ ကော်ဖီတိုက်တယ်။ မင်္ဂလာဆောင်အတွက် ကုန်ကျစရိတ်အားလုံးကို မင်္ဂလာဆောင်ကရတဲ့လက်ဖွဲ့ငွေထဲက ဖဲ့ပြီးရှင်းရုံပါပဲ။ စရန်ငွေ အနည်းအကျဉ်ပေးထားပြီး မင်္ဂလာဆောင်လို့ရတဲ့အချိန်ပါ။ လက်ဖွဲ့ငွေကလည်း (၅)ကျပ် (၁၀)ခေတ်ပေါ့။

မင်္ဂလာဧည့်ခံပွဲပြီးလို့ စာရင်းတွေ ရှင်းကြရတယ်။ လက်ဖွဲ့ခုံမှာ ထိုင်ကြတဲ့သူတွေက ကျွန်တော့်ထက် (၁၀)နှစ်၊ (၁၅)နှစ်လောက်ကြီးတဲ့ အစ်ကိုကြီးတွေပါ။ သူတို့က အစအဆုံး ကျွန်တော့်ကို ကူညီတယ်။ စာရင်းချုပ်ကြည့်လိုက်တော့ အကြွေးမတင်ဘူး။ ပေးထားတဲ့စရန်နဲ့ ရတဲ့လက်ဖွဲ့ငွေနဲ့က ကွက်တိပါပဲ။ ခန်းမစရိတ်၊ ကျွေးမွေးစရိတ်တွေ အားလုံးအဆင်ပြေတယ်။ စာရင်းကို လာပြီးရှင်းကြတဲ့ အစ်ကိုကြီးတွေ ကျွန်တော်နေတဲ့အိမ်ကို ရောက်လာတယ်။ အဖေနဲ့ အမေကလည်း အိမ်ထောင်ရေး မင်္ဂလာဦးတရားဟောပြီး ပြန်သွားတာမှ မကြာသေးဘူး။ သူတို့ရောက်လာတဲ့အချိန်က ည (၁၀)နာရီခွဲ လောက်ရှိနေပြီ။ တော်တော် အလိုက်မသိကြတဲ့လူတွေ။ သူတို့မျက်နှာတွေမှာ ပြုံးစိစိနဲ့ပေါ့။ ကျွန်တော်ကလည်း သူတို့ ဒီအချိန်မှ ရောက်လာတာကို မကြိုက်ပါဘူး။ ကျွန်တော့်ကို ဝိုင်းပြီး 'ကျပ်'ကြမယ်။ 'အချွန်နဲ့ မ'ကြမယ်။ ဒါမှမဟုတ် ကျွန်တော့်ရဲ့ ငယ်ကျိုးငယ်နာတွေကိုပြောပြီး ကျွန်တော့်မိန်းမအသစ်စက်စက်ရဲ့ နားထဲကို 'အဆိပ်ခပ်'ကြမယ်။ ဒါကြောင့် ကျွန်တော်က သူတို့ ဒီအချိန်လာတာကို အမြန်ပြန်စေချင်တယ်။

စာရင်းလည်းရှင်းပြီးရော ကိုမြင့်အောင်ဆိုတဲ့ လူပျိုကြီးက ကျွန်တော့်ကို မင်္ဂလာဦးည တရားဟောပါတော့တယ်။

"မောင်ဘုန်း ထိုင်ဦး။ မင်းမိန်းမကိုလည်း မင်းအနားခေါ်ထား"

အဲ့ဒီအချိန်က ကျွန်တော်ရဲ့ အသစ်စက်စက် ချစ်ဇနီးက ရေမိုးချိုးပြီး သနပ်ခါးလိမ်းနေတယ်။ သူ့ရဲ့ခန္ဓာကိုယ်က သနပ်ခါးနံ့သင်းသင်းလေးဟာ ကျွန်တော့်စိတ်ကို ဆွဲဆောင်နေတယ်။ နှိုးဆွနေတယ်။ ဒီတော့ အခုရောက်လာတဲ့ အစ်ကိုလူပျိုကြီးတွေကို စိတ်ထဲက မကျေနပ်ဘူး။ ဒါကြောင့် အမြန်ပြန်ရင် ပြီးရောဆိုပြီး သူခိုင်းတာကို လုပ်လိုက်တယ်။

"နွယ်လေးရေ ဒီနားလာဦး"

ကျွန်တော့်မိန်းမကို ကျွန်တော်က 'နွယ်လေး'လို့ခေါ်တယ်။ သူ့အိမ်နာမည်က 'သံယောဇဉ်နွယ်'ပါ။ ကျွန်တော်က 'နွယ်လေး'လို့လည်း ခေါ်လိုက်ရော လူပျိုကြီးတွေအားလုံးရဲ့ မျက်နှာမှာ ပြုံးစိစိနဲ့ပေါ့။

"ဒီနေ့ည မင်းတို့အိပ်ကြမှာလား"

အားလုံးက တဝါးဝါးနဲ့ ရယ်ကြတယ်။

"ခင်ဗျားကလည်းဗျာ။ မအိပ်လို့ ကျုပ်တို့က ဒီလိုင့တ်တုတ်ထိုင်ရမှာလားဗျ"

"အေး မင်းတို့အိပ်ရင် ဘာလုပ်ကြမလဲ"

''ခင်ဗျားကလည်းဗျာ။ လာပြီး မြွေဖမ်းနေပြန်ပြီ''

''မင်း သေချာနားထောင်။ မင်း မင်းမိန်းမနဲ့အိပ်ရင် ဘယ်လိုအိပ်မှာလဲ''

''ခင်ဗျားတို့ မြန်မြန်ပြန်ရင် ကောင်းမယ်ထင်တယ်''

''ပြန်မှာပါကွာ။ နှင်မနေပါနဲ့။ ငါ့စကားလေးတော့ ဆုံးအောင်ပြောပါရစေ။ နားထောင်ပေးပါ''

''ဘာလဲ။ ခင်ဗျားတို့က 'ခဲဖိုး' လိုချင်လို့လား''

''မင်းကလည်းကွာ။ ငါတို့ကို အထင်သေးနေပြန်ပါပြီ။ 'ခဲဖိုး' လိုချင်လို့ မဟုတ်ဘူး။ 'ခဲဖိုး' အတွက်လာတာ မဟုတ်ဘူး။ မင်းဘဝအတွက် 'ခဲ' မမှန်ဖို့ လာပြီး စကားပြောတာကွ''

''တော်တော်ရှုပ်တဲ့လူကြီးတွေပဲဗျာ''

ကျွန်တော့်မိန်းမ အသစ်စက်စက်က ခေါင်းကြီးငုံ့ထားတယ်။ မျက်နှာတစ်ခုလုံးလည်း နီရဲပြီး ရှက်နေရှာတယ်။ လက်သုတ်ပဝါတစ်ခုကို လက်မှာကိုင်ပြီး ဟိုခေါက်လိုက် ဒီခေါက်လိုက် လုပ်နေတယ်။ စိတ်လှုပ်ရှားနေပုံရတယ်။

''ဒီမယ်မောင်ဘုန်းရ။ မင်း မင်းမိန်းမနဲ့အိပ်ရင် အားကုန်မှာကွ သိလား''

ကျွန်တော့်ရဲ့စိတ်ထဲမှာ တော်တော်အလိုက်မသိတဲ့လူတွေပဲလို့ ကျိန်ဆဲနေမိတယ်။ ဒီကိစ္စကိုများဗျာ။ အရေးကြီးတဲ့ကိစ္စလုပ်လို့ လာပြီးပြောနေရသေးတယ်။

''အဲ့ဒီခွန်အားအတွက် ထမင်းစားရတယ်ကွ''

ပါလာတဲ့လူဖျိုကြီးတွေအားလုံးက ခွက်ထိုးခွက်လှန် ရယ်လိုက်ကြပါတော့တယ်။ ကျွန်တော့်မိန်းမအသစ်စက်စက်ကလည်း ထိုင်ရမလိုထရမလို ဖြစ်သွားတယ်။

''အဲ့ဒီသုံးရမယ့်ခွန်အားအတွက် စားထားတဲ့ထမင်းဟာ မိဘထမင်းမဖြစ်သင့်ဘူးကွ။ မိဘထမင်းစားပြီး မင်း ဒီမိန်းမနဲ့ အိပ်ရင်တော့ မင်းတစ်သက်လုံး စီးပွားမဖြစ်ဘူးမှတ်။ မကြီးပွားဘူးမှတ်။ ကိုယ့်ပိုက်ဆံကိုယ်ရှာ။ ကိုယ့်ထမင်းကိုယ်ရှာစားပြီးမှ ကိုယ့်မိန်းမနဲ့ ကိုယ်အိပ်ရတယ်။ အဲ့ဒါမှ စီးပွားဖြစ်တာကွ။ မိဘချွေးနဲ့ ရှာထားတဲ့ထမင်းကို ကပ်စားပြီး ဒီမိန်းမနဲ့ အိပ်လို့ကတော့ မင်းလောက် အကုသိုလ်များတဲ့ကောင် ဒီလောကမှာ ရှိမှာမဟုတ်ဘူး''

သူ့စကားက အဓိပ္ပာယ်ပါတယ်ဗျ။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာတော့ အောင့်သက်သက်ကြီး ဖြစ်နေမိတယ်။

''မင်းမနက်စာနဲ့ ညနေစာကို ဘယ်သူ့ထမင်း စားခဲ့သလဲပြောစမ်း''

''မနက်စာကိုတော့ ကျွန်တော့်အဖေအိမ်က စားခဲ့တာ။ ညနေစာကိုတော့

ယောက္ခမအိမ်မှာ စားတာ''

''ဒါဆိုရင် ဒီနေ့ည မင်း ရှောင်ပေတော့ မောင်ဘုန်းရေ''

''ဟာဗျာ... ခင်ဗျားတို့ကလဲ''

''မရှောင်လို့မရဘူးကွ။ မိဘထမင်းစားထားတဲ့ ဒီတစ်ညတော့ မင်း သည်းခံပေတော့ မောင်ရေ။ နောက်နေ့တွေမှာ ကိုယ့်ထမင်းကိုယ်ရှာစားပြီး အိပ်လို့ ရတာပဲကွ။ မင်းအတွက် ပြောတာပါကွာ''

သူတို့က ဆက်ပြောသေးတယ်ဗျ။

''ဒီမယ် မေးရဦးမယ်။ ဒါဟာ မင်းအိမ် မဟုတ်ဘူး။ ယောက္ခမအိမ်ကို မင်းလိုက်တာနော်။ သူ့သမီးကိုလည်း ယူသေး။ သူ့အရိပ်မှာလည်း ဟိုဒင်းဟိုကိစ္စ လုပ်သေးတယ်ဆိုရင် မင်းသဘာဝမကျဘူး။ ကိုယ်ပိုင်အရိပ်၊ ကိုယ်ပိုင်အိမ်မှာဆိုရင် တော့ ပိုကောင်းတာပေါ့ကွာ။ မင်းမို့လို့ မရှက်တယ်။ မိဘထမင်းကိုစား။ ယောက္ခမ အရိပ်မှာနေပြီး ဒီမိန်းမနဲ့ မင်္ဂလာဦးညကို ဆင်နွှဲမယ်ဆိုတော့ ငါဖြင့် မင်းကို အထင်မကြီးပါဘူးကွာ။ ကဲ ငါတို့ပြန်တော့မယ်။ မင်း ခုတင်ပေါ်တက်ရင် ငါပြောတဲ့ စကားကို စဉ်းစားပြီးမှတက်နော်''


ကျွန်တော် အမှန်အတိုင်းဝန်ခံရရင် အဲ့ဒီနေ့ညက အိပ်မပျော်ခဲ့ပါဘူး။ ဘာမှ လည်း မလုပ်ဖြစ်ခဲ့ပါဘူး။ သူတို့ပြောသွားတဲ့ စကားတွေက ကျွန်တော့်ဘဝကို အများကြီး ပြောင်းလဲစေခဲ့တယ်။

ဟုတ်တယ်ဗျာ။ မိဘထမင်းစားပြီးယောက္ခမအိမ်မှာ အရှက်မရှိဘဲ 'မေထုန် မှီဝဲ'တဲ့သူ ကျွန်တော် မဖြစ်ချင်ဘူး။ ဒီစိတ်တွေကြောင့် ကျွန်တော့်မှာ အိမ်ထောင်ရေး ရည်မှန်းချက်တွေ ရှိလာတယ်။ ယောက္ခမအိမ်မှာ သုံးနှစ်နေမယ်။ အလုပ်လုပ်မယ်။ ကိုယ့်ထမင်း ကိုယ်ရှာစားမယ်။

ဒီလိုနဲ့ ကျွန်တော်ကြိုးစားခဲ့တယ်။ ဒါကြောင့် ဒီဘဝကို ပိုင်ဆိုင်လာတာပါ။

ဒီဝါအကျွတ်မှာ မင်္ဂလာဆောင်ကြမယ့်သူတွေအတွက် ကျွန်တော့်ဖြစ်ရပ်မှန်ကို ရှက်ရှက်နဲ့ပဲ ဝေမျှလိုက်ပါတယ်။

*ရွှေမန္တလေးဂျာနယ်*
*၂၀၁၀၊ စက်တင်ဘာ*



သီလသတ္တိ

❝

လူတစ်ယောက်၊ လူပုံအလယ်မှာ
ရဲရင့်သူတစ်ယောက်ဖြစ်ဖို့အတွက်
စောင့်ထိန်းရမယ့် အခြေခံလူ့ကျင့်ဝတ်ပဲ။
ဘယ်လူမျိုးပဲဖြစ်စေ၊
ဘယ်ဘာသာကိုပဲ ကိုးကွယ်ယုံကြည်သည်ဖြစ်စေ၊
ဘယ်လိုယဉ်ကျေးမှုကိုပဲ   လက်ခံသည်ဖြစ်စေ
ဒီအခြေခံ လူ့ကျင့်ဝတ်ကိုတော့ ...
စောင့်ထိန်းသင့်တယ်။ စောင့်ထိန်းရမယ်။

❞

# သီလသတ္တိ

နွေရာသီကျောင်းပိတ်ရက်မှာ ယဉ်ကျေးလိမ္မာသင်တန်းတွေ ဖွင့်ကြတယ်။ လူငယ်တွေကို ဘာသာရေးအပေါ်အခြေခံတဲ့ ယဉ်ကျေးမှုတွေ ဓလေ့ထုံးစံတွေ ရိုးရာအစဉ်အလာတွေကို သင်ကြားလေ့ကျင့်ပေးတဲ့အတွက် ဒီလိုသင်တန်းတွေ ပေါ်ပေါက်လာတာကို ဝမ်းသာမိပါတယ်။

ယဉ်ကျေးလိမ္မာသင်တန်းများမှာ သင်တန်းတက်ရောက်နေကြတဲ့ လူငယ်တွေကို ရဟန်းတော်တွေက စနစ်တကျ ပို့ချကြတယ်။ အဲဒီသင်တန်းတွေမှာ အစားအသောက်အတွက် အလှူရှင်တွေ ရှိသလို အသိပညာအတွက် ဝေမျှပေးကြတဲ့ စာရေးဆရာများလည်း ရှိကြပါတယ်။

အဲဒီသင်တန်းတွေမှာ ကျွန်တော်က တစ်နာရီခွဲခန့် စကားပြောခွင့်ရပါတယ်။ တချို့နယ်တွေဆိုရင် တစ်ညအိပ်သွားရတယ်။ မှတ်မှတ်ရရ ယဉ်ကျေးလိမ္မာသင်တန်းတစ်ခုမှာ ညအိပ်ဖြစ်တော့ စကားဝိုင်းဖွဲ့ဖြစ်တယ်။ အဲဒီစကားဝိုင်းမှာ 'သီလ' အကြောင်းကို ပြောဖြစ်ခဲ့ကြတယ်။

အဲဒီညရဲ့ စကားဝိုင်းမှာ တက္ကသိုလ်တက်နေကြတဲ့ လူငယ်တွေက အများစုပါ။

လူငယ်တွေက ပြောကြတယ်။

သူတစ်ပါးအသက်ကို သတ်ရင် ကိုယ့်အသက် တိုတတ်တယ်တဲ့။ ကိုယ်အသက်ရှည်ဖို့ သူ့အသက်ကို မသတ်ရဖူးလို့ပြောတယ်။ ဒါပေမယ့် ဘယ်သူ့အသက်မှ မသတ်ဘဲ အသက်တိုနေတဲ့လူတွေ၊ သူတစ်ပါးအသက်ကို သတ်ပြီး အသက်ရှည်နေတဲ့သူတွေ တွေ့ရပြန်တော့ လူငယ်တွေရဲ့ ရင်ထဲမှာ ဒီအယူအဆကို

သိပ်ပြီး လက်သင့်မခံချင်ကြဘူး။ လူကြီးတွေပြောတဲ့စကားမို့လို့ မငြင်းသာလို့သာ ငြိမ်ပြီး နားထောင်နေရတယ်လို့ ပြောကြတယ်။

ဒီလိုပါပဲ။ သူ့ဥစ္စာမခိုးနဲ့။ သူ့ဥစ္စာကိုခိုးရင် ကိုယ့်ဥစ္စာကို အခိုးခံရတယ်။ ကိုယ့်ပစ္စည်း မီးလောင်ခံရတတ်တယ်။ ဘယ်သူ့ဥစ္စာမှ ခိုးယူခြင်းမရှိဘဲ ကိုယ့်ဥစ္စာ အခိုးခံရတဲ့သူတွေ အများကြီးရှိတယ်။ တချို့များ သူများဥစ္စာကို နည်းမျိုးစုံနဲ့ ခိုးယူတယ်။ ဒါပေမယ့် သူတို့ဥစ္စာပစ္စည်းတွေ မီးလောင်ပျက်စီးဆုံးရှုံးခြင်း မရှိဘူး။

ဒီတော့ လူငယ်တွေရဲ့ ရင်ထဲမှာ 'သီလ'ရဲ့ အဓိပ္ပာယ်ကို သိချင်ကြတယ်။ လူငယ်ဆိုတော့ လက်တွေ့ကျမှ ကြိုက်တယ်။ ရှေ့ဘဝတွေ၊ နောက်ဘဝတွေနဲ့ ပြောရင် သိပ်ပြီး လက်မခံချင်ဘူး။ ပုံပြင်တွေ၊ ယုံတမ်းစကားတွေနဲ့ သူတို့ကို လှည့်စားလို့ မရဘူး။ သူတို့က မေးတယ်။ ပြောတယ်။ ဒါဆိုရင် 'သီလ'ဆိုတာ 'ယတြာ'ချေသလိုဖြစ်နေတာပေါ့နော်တဲ့။ ကျွန်တော်က သူတို့ကို ငရဲနဲ့ မခြောက်ချင်ဘူး။ သူတို့ ဉာဏ်မမီတဲ့ စကားလုံးတွေနဲ့လည်း မပြောချင်ဘူး။ လက်တွေ့ကျကျ အခုဘဝမှာ 'သီလ'စောင့်ထိန်းသင့်ကြောင်းနဲ့ သီလရဲ့သတ္တိကို အဲ့ဒီညက ပြောပြ ဖြစ်တယ်။

''မင်းတို့အဲ့ဒီလိုဆုံးမပြောကြားတာတွေကို သံသယမရှိကြနဲ့။ အဲဒါတွေ အားလုံးမှန်တယ်။ ဒါပေမယ့် မင်းတို့လက်ခံအောင် လက်တွေ့ကျကျတွေးပြမယ်။ ပြောပြမယ်။ ဘာပဲဖြစ်ဖြစ် သီလကိုတော့ စောင့်ထိန်းရမယ်။ သီလရဲ့အကြောင်းကို စဉ်းစားကြည့်ရင် မေတ္တာတရားတွေ၊ စာနာစိတ်တွေ၊ ကိုယ်ချင်းစာတရားတွေ ပါသလို စိတ်ကောင်းထားဖို့လည်း ပါတာပေါ့ကွာ။ ဒါထက် အရေးကြီးတာကတော့ 'သီလ' ဆိုတာ 'ဝီရ'ပဲ။ 'သီလ'ကို စောင့်ထိန်းတယ်ဆိုတာ 'ဝီရ'လို့ခေါ်တဲ့ 'ရဲရင့်ခြင်း'ကို ဖြစ်စေဖို့ပဲ။ မင်းတို့နားလည်လွယ်အောင် ရိုးရိုးရှင်းရှင်းလေး ပြောပြမယ်။ နားထောင်''

ကျွန်တော်က ဒီလိုရှင်းပြလိုက်တယ်။

ကဲ… စဉ်းစားကြည့်ကြရအောင်။

သူတစ်ပါးအသက်ကို မသတ်သင့်ဘူး။ မယုံရင် သတ်ကြည့်လိုက်ပါလား။ လူတစ်ယောက်အသက်ကို သတ်တဲ့သူဟာ အဲ့ဒီသေနေတဲ့ အလောင်းကောင်နားမှာ ထိုင်နေရဲလို့လား။ ဘာလို့ ထွက်ပြေးတာတုန်း။ စဉ်းစားကြည့်ကြစမ်းပါနော်။ သူ့အသက်ကို သတ်ဖူးတဲ့သူဟာ အဲ့ဒီသတ်လိုက်တဲ့စိတ်ကြောင့် ရဲရင့်ခြင်းဆိုတဲ့ 'ဝီရ' မဖြစ်နိုင်တော့ဘူး။ လူပုံအလယ်မှာ ဟန်ဆောင်ပြီးတော့သာ နေလို့ရချင်ရမယ်။ ဘယ်လိုပဲ ချပ်ဝတ်တန်ဆာတွေ ဆင်မြန်းထားထား ဘယ်လိုပဲ အရံအတားတွေ

လုပ်ထားထား သူ့စိတ်ထဲမှာ ‘ဝီရ’ မဖြစ်တော့ဘူး။ သူတစ်ပါးကို သတ်ထားတဲ့ စိတ်ကြောင့် အချိန်တိုင်း အချိန်တိုင်း အဲဒီစိတ်က လူကို ဖိစီးနေတယ်။ စိုးရွံ့နေတယ်။ ပျော်ရွှင်မှုတွေ ပျက်စီးသွားပြီ။ စိတ်ချမ်းသာမှုတွေ မရှိတော့ဘူး။ ငါ့ကိုများ သူတို့ မိသားစုက ပြန်သတ်လေမလား။ ဥပဒေက ဘယ်လို၊ ဒါတွေကို တွေးပြီး ‘အားငယ်’ လာတယ်။ ‘ဝီရ’ မဖြစ်နိုင်တော့ဘူး။ ‘ဒါကြောင့် ရဲရင့်သူဖြစ်ဖို့၊ ‘ဝီရ’ ဖြစ်ဖို့ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သင့်တယ်။

ကျွန်တော်ကအဲဒီလို ရှင်းပြလိုက်တော့ သူတို့မငြင်းသာတော့ဘူး။

ဒီလိုပဲ။ သူတစ်ပါးဥစ္စာပစ္စည်းကို မခိုးယူသင့်ဘူး။ သူတစ်ပါးပစ္စည်းကို ခိုးယူထားတဲ့ သူဟာ ‘ဝီရ’ ရဲရင့်ခြင်း မဖြစ်နိုင်ဘူး။ ဟန်ဆောင် ‘ဝီရ’တော့ ဖြစ်ချင် ဖြစ်မှာပေါ့။ မယုံရင် လူတစ်ယောက်ဆီက အကြွေးယူကြည့်လိုက်။ အဲဒီ အကြွေးမပေးနိုင်တဲ့အတွက် အကြွေးရှင်ကိုတွေ့တိုင်း ကြောက်နေရပြီ။ ‘ဝီရ’ မဖြစ်နိုင်တော့ဘူး။ ဒါ ခိုးယူတာ မဟုတ်သေးဘူးနော်။ အကြွေးယူတဲ့အဆင့်လောက် တောင် ‘ဝီရ’ မဖြစ်ရင် သူတစ်ပါးဥစ္စာခိုးယူထားသူဟာ လူပုံအလယ်မှာ ဘယ်လိုမှ ရဲရင့်သူတစ်ယောက် မဖြစ်နိုင်ဘူး။ အချိန်တိုင်း အချိန်တိုင်း စိုးရိမ်စိတ်တွေနဲ့ ရှင်သန်နေရမယ်။ ခိုးယူထားခြင်းအမှုကြောင့် ကိုယ့်ရဲ့ပိုင်ဆိုင်မှုတွေကို ကိုယ်ကိုယ် တိုင် မယုံကြည်ဘူး။ ဥစ္စာပစ္စည်း သုံးမကုန်၊ ဖြုန်းမကုန်အောင်ရှိနေပြီး ရွှေပုံငွေပုံပေါ်မှာ စိတ်ဆင်းရဲနေကြရတတ်တယ်။ ရဲရင့်မှု မရှိနိုင်တော့ဘူး။ ယုံကြည်မှု မရှိနိုင်တော့ ဘူး။ ဒါကြောင့် ရဲရင့်သူဖြစ်ဖို့ ‘ဝီရ’ဖြစ်ဖို့ သူတစ်ပါးဥစ္စာပစ္စည်းကို မခိုးယူသင့်ဘူး။ ခိုးယူခြင်းမှ ရှောင်ကြဉ်သင့်တယ်။

လူငယ်တွေဆိုတော့ ဒီလိုရှင်းပြလိုက်မှပဲ သဘောကျနေကြတော့တယ်။

လူဖြစ်ပြီးတော့ ‘ဝီရ’မဖြစ်ရင် တိရစ္ဆာန်တစ်ကောင် အသက်ရှင်သန်နေရ သလိုမျိုးနဲ့ အတူတူပါပဲ။

ဆက်ပြီး စဉ်းစားကြည့်ရအောင်။

လူတစ်ယောက်က အခြားလူတစ်ယောက်အကြောင်းကို သူ့ကွယ်ရာမှာ ‘မုသား’သုံးမယ်။ ‘လိမ်ပြော’မယ်။ ‘အတင်းအဖျင်း’ ပြောထားမယ်။ ဒါဆိုရင် အဲဒီလူကိုတွေ့တိုင်း ‘ဝီရ’ ဖြစ်နိုင်ပါတော့မလား။ ရဲရင့်နိုင်ပါ့မလား။ ဒါကြောင့် ရိုးရိုးရှင်းရှင်း နေသင့်တယ်။ ပြဿနာတွေကို ရိုးရိုးသားသား ဖြေရှင်းသင့်တယ်။ ပြဿနာတွေကို ‘မုသား’တွေနဲ့ ဖြေရှင်းတဲ့သူဟာ ဘယ်လိုလုပ်ပြီး လူပုံအလယ်မှာ ‘ဝီရ’ ဖြစ်နိုင်မလဲ။ လူအချင်းချင်းလှည့်ပတ် လိမ်ညာတယ်ဆိုတာ ‘ဝီရ’ မဖြစ်တဲ့

သူတွေရဲ့ အပြုအမူပါပဲ။ လိမ်ညာတတ်သူ၊ ဟန်ဆောင်တတ်သူဟာ ကိုယ့်ကိုယ်လည်း ယုံကြည်မှု မရှိနိုင်တော့ဘူး။ တွေ့သမျှလူတွေကိုလည်း ကိုယ်လိမ်ထားညာထားတာ၊ ဟန်ဆောင်ထားတာတွေ၊ လူသိသွားမှာစိုးလို့ စိုးရိမ်စိတ်တွေ ဖြစ်နေရတယ်။ အားငယ်စိတ်တွေနဲ့ ရှင်သန်နေကြရတယ်။ ရဲရင့်မှု မရှိနိုင်တော့ဘူး။ ဒါကြောင့် 'ရဲရင့်သူ'ဖြစ်ဖို့ 'ဝီရ'ဖြစ်ဖို့ 'မုသားစကား' ပြောဆိုခြင်းမှလည်း ရှောင်ကြဉ်သင့်တယ်။

အဲ့ဒီအချိန်မှာ လူငယ်တစ်ယောက်က ဝင်ပြီးဆွေးနွေးတယ်။

''ဟုတ်သားပဲ။ ကျွန်တော်တို့ဆိုရင် သူများအသက်ကိုတော့ မသတ်ဖူးဘူး ဗျ။ ဒါပေမယ့် ကျောင်းစာတွေကိုတော့ ခိုးချဖူးတယ်။ လိမ်ညာတော့ ပြောဖူးတယ်။ အဲ့ဒီအခါ စိတ်ထဲက တစ်ခုခုကို မလုံမလဲဖြစ်နေသလို ခံစားရတယ်ဆရာ''

ကျွန်တော်က ဆက်ပြောတယ်။

ဒီလိုပါပဲ။ လိုရင်းပြောကြည့်ရအောင်။ မယားငယ်ယူထားတဲ့ ဖခင်တစ်ယောက်ဟာ သူ့သားသမီးကို ပြန်ကြောက်နေရတယ်။ လူငယ်တွေဆိုရင်လည်း မိဘကွယ်ရာမှာ ကိုယ့်ရည်းစားနဲ့ အနေအထိုင်မှားခဲ့တဲ့သားသမီးဟာ မိဘကို တွေ့တိုင်း ကြောက်နေရတယ်။ ဆရာကိုတွေ့တိုင်း ကြောက်နေရတယ်။ ကိုယ့်အိမ်ထောင်ဖက် ကွယ်ရာမှာ တခြားသူနဲ့ ဖောက်ပြန်ထားတဲ့သူဟာ ကိုယ့်အိမ်ထောင်ဖက်ကိုတွေ့တိုင်း ကြောက်နေရတယ်။ ဒါဟာ'ကာမေသုမိစ္ဆာစာရ'ရဲ့သတ္တိပဲ။ 'ကာမေသု' ကို တန်ဖိုးမထားတဲ့သူဟာ ကိုယ့်ယဉ်ကျေးမှုကို ဖောက်ဖျက်နေတဲ့သူပဲ။ အခုဆိုရင် အင်တာနက်ထဲမှာ လူသိထင်ရှားတဲ့ သရုပ်ဆောင်တွေရဲ့ပုံတွေ မမြင်ချင်အဆုံးပဲ။ လူဆိုတာ ပတ်ဝန်းကျင်နဲ့ နေကြရတာ။ ပတ်ဝန်းကျင်ကို တန်ဖိုးထားသင့်တယ်။ ပတ်ဝန်းကျင်ကို မထီမဲ့မြင် မလုပ်သင့်ဘူး။ ကိုယ့်နိုင်ငံ၊ ကိုယ့်ယဉ်ကျေးမှုကို တန်ဖိုးထားသင့်တယ်။ ဂလိုဘဲလ်လိုက်ဇေးရှင်းဆိုပြီး ကိုယ့်ယဉ်ကျေးမှုကို မဖျက်ဆီးသင့်ပါဘူး။ သူ့နိုင်ငံ၊ သူ့ယဉ်ကျေးမှုဟာ၊ သူတို့နိုင်ငံ၊ သူတို့အတွက်ပဲလေ။ ကိုယ့်နိုင်ငံ၊ ကိုယ့်ယဉ်ကျေးမှုဟာ ကိုယ့်အတွက်ပါပဲ။ လူသိထင်ရှားတဲ့သူတွေဟာ ပိုပြီး ယဉ်ကျေးမှုကို ထိန်းသိမ်းသင့်တယ်။ တန်ဖိုးထားသင့်တယ်။ 'ကာမေသုမိစ္ဆာစာရ'ကျူးလွန်ထားသူဟာ လူပုံအလယ်မှာ တကယ့် 'ဝီရ' မဖြစ်နိုင်ဘူး။ စိုးရိမ်စိတ်တွေနဲ့ ရှင်သန်နေထိုင်ကြရတယ်။ အသက်အရွယ်ကြီးလေလေ ကိုယ်ငယ်စဉ်တုန်းက စိတ်အလိုလိုက်ပြီး မှားခဲ့တာတွေကြောင့် ရှက်လာလိမ့်မယ်။ အားငယ်လာလိမ့်မယ်။ ရဲရင့်သူ မဖြစ်နိုင်တော့ဘူး။ 'ဝီရ' မဖြစ်နိုင်တော့ပါဘူး။ ဒါကြောင့် 'ရဲရင့်သူ'ဖြစ်ဖို့

'ဝီရိယ'ဖြစ်ဖို့ 'ကာမေသုမိစ္ဆာစာရ'ကို ရှောင်ကြဉ်သင့်တယ်။

နားထောင်နေတဲ့လူငယ်တွေအားလုံးဟာ ခေါင်းတညိမ့်ညိမ့်နဲ့ပေါ့။

ဒီနေ့ခေတ်မှာ အရက်တွေ ပေါလိုက်တာ။ 'သုရာမေရယ'ဆိုတာ လူငယ်တွေအတွက် ဖောက်ဖျက်ဖို့ အလွယ်ဆုံးကိစ္စပဲ။ ဒီ'သုရာမေရယ'ကြောင့် မုသားပြောဖို့၊ ဖောက်ပြန်ဖို့ လွယ်ကူလာတယ်။ ခိုးဖို့၊ သတ်ဖို့လည်း ဝန်မလေးဘူး။ မဟုတ်တာလုပ်ချင်တဲ့သူဟာ အရက်ကလေးနဲ့ ရဲဆေးတင်ကြတယ်။ အရက်ကြောင့် စကားများဟယ်။ အရက်ကြောင့် အပြုအမူမှားတယ်။ အရက်ကြောင့် လူအထင်သေးခံရတယ်။ အရက်ကြောင့် စီးပွားပျက်တယ်။ အရက်ကြောင့် အိမ်ထောင်ပျက်တယ်။ အရက်ကြောင့် စာရိတ္တပျက်တယ်။ ဒီလိုပဲ ဒီနေ့လူငယ်တွေဟာ အရက်ဆိုလည်း သောက်လိုက်တာပဲ။ အရက်လိုပဲ မူးယစ်ဆေးတွေ၊ စိတ်ကြွဆေးတွေကိုလည်း မသုံးစွဲသင့်ဘူး။ မူးယစ်ဆေးကြောင့်၊ စိတ်ကြွဆေးကြောင့် အမှားတွေလုပ်မိကြတယ်။ အမှားလုပ်ထားတဲ့သူဟာ ဘယ်လိုလုပ်ပြီး 'ဝီရိယ' ဖြစ်နိုင်တော့မလဲ။ အမှားမလုပ်မိဖို့ 'ဝီရိယ'ဖြစ်ဖို့အတွက် စိတ်ကြွဆေး၊ မူးယစ်ဆေး၊ အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်သင့်တယ်။

လူငယ်တွေရဲ့မျက်နှာမှာ ကြည်လင်ခြင်းတွေကို ကျွန်တော် တွေ့လိုက်ရတယ်။


တကယ်တော့ 'သီလ'ဆိုတာ…

လူတစ်ယောက်၊ လူ့ပုံအလယ်မှာ ရဲရင့်သူတစ်ယောက်ဖြစ်ဖို့အတွက် စောင့်ထိန်းရမယ့် အခြေခံလူ့ကျင့်ဝတ်ပဲ။ ဘယ်လူမျိုးပဲဖြစ်စေ၊ ဘယ်ဘာသာကိုပဲ ကိုးကွယ်ယုံကြည်သည်ဖြစ်စေ၊ ဘယ်လိုယဉ်ကျေးမှုကိုပဲ လက်ခံသည်ဖြစ်စေ ဒီအခြေခံ လူ့ကျင့်ဝတ်ကိုတော့ စောင့်ထိန်းသင့်တယ်။ စောင့်ထိန်းရမယ်။ 'သီလ'တစ်ခုခုဖောက်ဖျက်ထားတဲ့သူဟာ ဘယ်လောက်ပဲ အသက်ကြီးကြီး၊ ဘယ်လောက်ပဲ စည်းစိမ်ဥစ္စာရှိရှိ၊ ဘယ်လောက်ပဲ ဂုဏ်ရှိရှိ၊ ဘယ်လောက်ပဲ ပညာတတ်တတ်၊ ဘယ်လောက်ပဲ ကျော်ကြားတဲ့သူဖြစ်နေပါစေ 'ဝီရိယ'မဖြစ်နိုင်တော့ဘူး။ ရဲရင့်သူမဖြစ်နိုင်တော့ဘူး။ 'ဝီရိယ'မဖြစ်မှတော့ သူ့ရဲ့ ပိုင်ဆိုင်မှုအားလုံးဟာ ဘာမှ အဓိပ္ပာယ်မရှိတော့ဘူး။ လူဖြစ်ပြီးတော့ 'ဝီရိယ'မဖြစ်ရင် လူဖြစ်ရကျိုးမနပ်ဘူး။ ဒါကြောင့် လူဖြစ်ရကျိုးနပ်ချင်ရင် 'ဝီရိယ'ဖြစ်အောင် ကြိုးစားရမယ်။ 'ဝီရိယ'ဖြစ်ဖို့ 'သီလ'ကို စောင့်ထိန်းကြရမယ်။ 'သီလ'ဆိုတာ 'ဝီရိယ'ပဲ။ 'သီလ'ဆိုတာ လူတစ်ယောက်ဘဝကို အဓိပ္ပာယ်ရှိအောင် မြှင့်တင်ပေးနိုင်တဲ့ အခြေခံ လူ့ကျင့်ဝတ်ပဲကွ။

လူငယ်တွေကို နားလည်အောင် ရိုးရိုးရှင်းရှင်းလေးပဲ ပြောပြချင်တယ်။

'သီလ'ဟာ လူတစ်ယောက်ရဲ့ 'တန်ခိုး'ပဲ။
'သီလ'ဟာ လူတစ်ယောက်ရဲ့ 'ရဲရင့်ခြင်း'ပဲ။
'သီလ'ဟာ လူတစ်ယောက်ရဲ့ 'တန်ဖိုး'ပဲ။
'သီလ'ဟာ လူတစ်ယောက်ရဲ့ 'ခွန်အား'ပဲ။
'သီလ'ဟာ လူတစ်ယောက်ရဲ့ 'ဘဝ'ပဲ။

ရတနာပုံနေ့စဉ်သတင်းစာ
၂၀၁၀၊ မေ၊


ပဲ့တင်သံ

တန်ဖိုးဆိုတာ ကြည့်တတ်သူ၊ သိတတ်သူတွေရဲ့ အလုပ်။

ခပ်ညံ့ညံ့လူတွေ ဒီအလုပ်ကို မလုပ်တတ်ပါဘူး။

သူတို့က ငါ့အပေါ်ထားတဲ့ တန်ဖိုးဟာ

ငါတန်ဖိုးအစစ် မဟုတ်ဘူးကွ။

ငါ့တန်ဖိုးက သူဟာသူ ရှိပြီးသားပါ။

ငါရဲ့ တန်ဖိုးကို

သူတို့ ဘယ်လိုတွက်ချက်သလဲဆိုတဲ့ အပေါ်မှာ မူတည်ပြီး

သူတို့ရဲ့ တန်ဖိုးကို သူတို့သတ်မှတ်လိုက်ကြတာပဲ။

# ပဲ့တင်သံ

ပြီးခဲ့တဲ့ (၁)နှစ်ကတော့ ပြင်ဦးလွင်ကို တက်ပြီး စာသင်ဖြစ်တယ်။ ဒီနှစ်မှာတော့ မသင်ဖြစ်တော့ဘူး။ မသင်ဖြစ်တဲ့ အကြောင်းတွေလည်း ကျွန်တော့်မှာ ရှိတယ်။ အဲ့ဒါကတော့ ကျွန်တော့်ဆရာရဲ့ အတွေးအခေါ်ပါတဲ့ စကားကြောင့်ပါပဲ။

ကျွန်တော့်အဖေရဲ့ သူငယ်ချင်းတစ်ယောက် ပြင်ဦးလွင်မှာ ရှိတယ်။ သူက အင်္ဂလိပ်စကားပြော အလွန်ကျွမ်းကျင်တယ်။ အင်္ဂလိပ်စာကိုလည်း အလွန်ဖတ်တယ်။ စကားနည်းတယ်။ လူပျိုကြီးပါ။ ဒါပေမယ့် ကျောင်းဆရာ မဟုတ်ဘူး။ ကျူရှင်ဆရာလည်း မဟုတ်ဘူး။ အသက်ကတော့ (၇၀)ကျော်ပါပြီ။ စာအလွန်ဖတ်တယ်။ သူနဲ့တွေ့ရင် ကျွန်တော်ကပဲ စကားစရတယ်။ မေးရတယ်။ ကျွန်တော်က သူကို 'ဆရာ'လို့ပဲ ရိုရိုသေသေခေါ်ပါတယ်။ ကျွန်တော့်ကိုလည်း စာသင်ပေးဖူးတယ်။

တစ်ရက်မှာပေါ့။ ကျွန်တော့်ရဲ့ အမူအရာကိုကြည့်ပြီး ကျွန်တော် မမေးဘဲ ဆရာက ပြောတယ်။

"ဒီမယ် မောင်ဘုန်း။ မင်းကြည့်ရတာ မောလိုက်တာ။ ဘာအတွက် အလုပ်လုပ်နေတာလဲဆိုတာ မင်း တွေးမိပုံ မပေါ်ဘူး။ မင်းတို့ဟာ စာသင်ဆရာနဲ့ မတူဘူး။ အိမ်တကာကိုလည်ပြီး အဝတ်လျှော်နေတဲ့ ခဝါသည်နဲ့ တူတယ်"

"ဗျာ… ဆရာ။ ကျွန်တော်နားမလည်ဘူး"

"ဟုတ်တယ်လေကွာ။ ဟိုအိမ်ကို သွားပြီးစာသင်လိုက်။ ဒီအိမ်ကိုသွားပြီး စာသင်လိုက်။ ဟိုကျောင်းသွားလိုက် ဒီကျောင်းသွားလိုက်နဲ့။ သေသေချာချာ မြင်ကြည့်ရင် အဝတ်လျှော်တဲ့ ခဝါသည်ပါပဲကွာ။ အဝတ်မဖြူရင် အဆူအဆဲခံရသလို အောင်

ချက်တွေနည်းရင်လည်း အပြောခံရတာပဲ မဟုတ်လားကွ''

ဆရာပြောမှ ကိုယ့်ရဲ့ဘဝင်မြင့်နေမှုကို သတိပြုမိတယ်။ ဆရာက မေးတယ်။

''အောင်မြင်မှုကို ဘယ်လိုတိုင်းမလဲကွ''

ဒီမေးခွန်းကြားတော့ ဖြေဖို့ နည်းနည်းခက်သွားတယ်။ သိသလိုလိုတော့ ရှိတယ်။ ဒါပေမယ့် ပေါ်လွင်အောင် ဖြေဖို့ ခက်တယ်။ ကျွန်တော့်စိတ်ထဲ ရှိတာကို ဖြေလိုက်တယ်။

''ပိုက်ဆံတွေ၊ ငွေတွေ အများကြီးဝင်တာ အောင်မြင်တာပေါ့ ဆရာရဲ့။ တိုက်တွေ၊ ကားတွေရှိတာ အောင်မြင်တာပေါ့၊ အခြွေအရံတွေရှိတာ အောင်မြင်တာပေါ့။ သုံးချင်ရာသုံး။ လုပ်ချင်ရာ လုပ်ခွင့်ရတာ အောင်မြင်တာပေါ့''

ဆရာက ခပ်ယဲ့ယဲ့လေး ပြုံးလိုက်တယ်။

''ဒါတင်ပဲလားကွ''

''ချမ်းသာတာ အောင်မြင်တာ မဟုတ်ဘူးလား ဆရာ''

''အေး ငါပြောမယ်။ အောင်မြင်တယ်ဆိုတာကို တိုင်းတာတဲ့ နည်းရှိတယ်။ ဝင်ငွေအနည်းအများနဲ့ မတိုင်းရဘူး။ ဝင်ငွေ အနည်းအများပေါ်ကြည့်ပြီး လူ့တန်ဖိုးကို သတ်မှတ်တယ်ဆိုတာ အလွန်သေးသိမ်တဲ့ လူ့ဘဝအမြင်တစ်ခုပဲ။ ဒီမယ် မှတ်ထား ကွ။ ကိုယ်လုပ်တဲ့အလုပ်ကို ကိုယ်တကယ် ယုံကြည်ရဲ့လား။ ကိုယ်လုပ်တဲ့ အလုပ်ကို လူအများကလည်း ဘယ်လောက်အထိ ယုံကြည်နေသလဲ။ ကိုယ်လုပ်တဲ့ အလုပ် ကြောင့် ကိုယ့်ရဲ့ကျန်းမာရေးတွေ ထိခိုက်နေသလား။ ဒီအလုပ်ကြောင့် မိသားစု မေတ္တာတရားအပေါ်မှာ ဘယ်လောက်အထိ ထိခိုက်နေသလဲ။ ဘယ်လောက်အထိ အချိန်ပေးနိုင်သလဲ။ ဒါတွေနဲ့ တိုင်းရတယ်ကွ''

ဆရာ့စကားကြောင့် ကျွန်တော့်ဘဝကို ကျွန်တော် အရှိန်သတ်လိုက်တယ်။ ဒီလိုနဲ့ ကျွန်တော်ယုံကြည်ရာကို လုပ်ဖို့၊ ကျွန်တော် ဝါသနာပါရာကို လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဆရာ့ဆီကို ကျွန်တော်ရောက်ခဲ့တယ်။ ဆရာက နေ့လယ်စာ ထမင်းစားဖို့ ပြင်ဆင်နေတယ်။ ကျွန်တော်ကလည်း အဖျင်းပြေအောင် စကားစလိုက်တယ်။

''ဆရာ အခုလို အင်္ဂလိပ်စာနဲ့ မြန်မာစာကို ဘာသာပြန် လုပ်ပေးရတဲ့အတွက် ဘယ်လောက်ရသလဲ ဆရာ''

''ပေးသလောက် ယူလိုက်တာပါပဲ''

''ဆရာရယ် တောင်းမှပေါ့''

''တောင်းတယ်ဆိုတာ လူတွေရဲ့ အလုပ်မဟုတ်ဘူးကွ။ လူဆိုတာ ပေးရတာ''

''ဆရာက မတောင်းတော့ သူတို့က ဆရာ့ကို တန်ဖိုးထားကြပါ့မလား ဆရာရယ်''

''တန်ဖိုးဆိုတာ သူ့ဟာနဲ့သူ ရှိပြီးသားပါ။ ပိုပြီး လျှော့ပြီး သတ်မှတ်လို့ မရပါဘူး။ ငွေနဲ့ပေးပြီး ယူလိုက်တာ၊ ငွေပေးလိုက်တာဟာ တန်ဖိုး မဟုတ်ဘူး။ ဈေးနှုန်းပဲကွ။ တန်ဖိုးနဲ့ ဈေးနှုန်းကို မင်းက ခွဲခြားမှ မသိပဲကိုး''

''ဆရာရယ် ဆရာ့မှာလည်း အဆင်ပြေတာမှ မဟုတ်တာ''

''ဒီမယ် မှတ်ထားကွ။ တန်ဖိုးဆိုတာ ကြည့်တတ်သူ၊ သိတတ်သူတွေရဲ့ အလုပ်။ ခပ်ညံ့ညံ့လူတွေ ဒီအလုပ်ကို မလုပ်တတ်ပါဘူး။ သူတို့က ငါ့အပေါ်ထားတဲ့ တန်ဖိုးဟာ ငါ့တန်ဖိုးအစစ် မဟုတ်ဘူးကွ။ ငါ့တန်ဖိုးက သူ့ဟာသူ ရှိပြီးသားပါ။ ငါရဲ့တန်ဖိုးကို သူတို့ ဘယ်လိုတွက်ချက်သလဲဆိုတဲ့အပေါ်မှာ မူတည်ပြီး သူတို့ရဲ့ တန်ဖိုးကို သူတို့သတ်မှတ်လိုက်ကြတာပဲ''

ကျွန်တော့်ဆရာက စကားအဆန်းတွေ ပြောတတ်တယ်။ ပြောရင်လည်း ထိမိတယ်။ ဟုတ်ထိတယ်ပေါ့ဗျာ။

ဒီလိုနဲ့ ကျွန်တော်က အဆင်သင့်ပါလာတဲ့ လက်ဖက်ရည်ကို ဖန်ခွက်ထဲ ထည့်ပြီး ဆရာ့ကို ပေးလိုက်တယ်။

''ဆရာ့အတွက် ကျွန်တော်လက်ဖက်ရည် ဝယ်လာတာပါဆရာ''

''အေး ကောင်းတာပေါ့''

''ဆရာ့ဆီကို ကျွန်တော်မရောက်ဖြစ်တာ (၄)လ ကျော်ခဲ့ပြီနော်။ ဆရာ နေကောင်းရဲ့လားဆိုပြီး ကျွန်တော် ဝင်လာခဲ့တာ''

''နေကောင်းပါတယ်ကွာ။ ကျန်းမာပါတယ်။ ဒါပေမယ့် အသက်ကြီးလာတော့ သိပ်ပြီးမဟုတ်ချင်တော့ဘူးကွ''

လက်ဖက်ရည်သောက်ပြီးချိန်မှာ ဆရာက သူ့ခြံထဲကို ဆင်းသွားတယ်။ ငရုတ်သီးစိမ်းတွေ ခူးလာတယ်။ ခရမ်းသီးနုနုလေးတွေ ခူးလာတယ်။ ငရုတ်သီးစိမ်းနဲ့ ခရမ်းသီးတွေကို မီးဖုတ်လိုက်တယ်။ မီးဖုတ်ထားတဲ့ ငရုတ်သီးစိမ်းကို ထောင်းလိုက်တယ်။ ကြက်သွန်ဖြူ နည်းနည်းထည့်လိုက်တယ်။ ရှောက်ရည်ညှစ်လိုက်တယ်။ ခုနက မီးဖုတ်ထားတဲ့ ခရမ်းသီးနုနုကိုလည်း မြေပဲဆံနဲ့ရောပြီး ဆီ၊ ဆားထည့်လို့ နယ်လိုက်တယ်။ စားပွဲခုံ အစုတ်ကလေးကို ချလိုက်တယ်။ ထမင်းကို (၂)

ပန်းကန် ချုးလိုက်တယ်။

''ကဲ မောင်ဘုန်းရေ၊ ငါနဲ့ အတူတူ နေ့လယ်စာ စားသွားကွာ''

အမှန်အတိုင်းပြောရရင် ကျွန်တော် ဗိုက်ဆာနေတာပါ။ ဒါပေမယ့် ဆရာ ကျွေးတဲ့ ဒီနေ့လယ်စာကို စားနိုင်မယ် မထင်ဘူး။ ငြင်းရမှာလဲ ခက်တယ်။ စားလို့ မကုန်ရင်လည်း အားနာစရာကောင်းတယ်။ ဒါကြောင့် စားမယ်လို့ ချက်ချင်း မပြောမိဘူး။

''ဘာလဲ မင်းက မစားနိုင်လို့လား။ အားမနာနဲ့နော်။ မစားနိုင်လည်း ရတယ်။ မစားချင်ရင်လည်း ရတယ်။ ငါကတော့ စားပြီမောင်ရေ''

ဆရာက အားရပါးရ စားနေရှာတယ်။ ကျွန်တော်က ဆရာ့အတွက် ရေနွေး ကြမ်း ငှဲ့ပေးလိုက်တယ်။

ငရုတ်သီးထောင်းကို ထမင်းတွေနဲ့ နယ်လိုက်။ စားလိုက်။ ရေနွေးကြမ်းကို သောက်လိုက်နဲ့။ ဆရာစားတာကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေမိတယ်။ ဩော်··· ငါ့ဆရာနယ်။ ဘဝကို ဘယ်လိုများ အဓိပ္ပာယ်ဖွင့်ထားပါလိမ့်။ အိမ်အမိုးဆိုတာ လည်း သက်ကယ်မိုးနဲ့။ ဝင်းထရံနဲ့ ခြံစည်းရိုးဆိုတာလည်း မရှိဘူး။ အိမ်ထဲ မှာတော့ စာအုပ်တွေက အပြည့်ပဲ။ သူ့စိတ်ထဲမှာ စာတွေပဲ ရှိမယ်ထင်တယ်။ သူ့ ဦးနှောက်ထဲမှာ အသိပညာတွေပဲ ရှိမယ်ထင်တယ်။ ဝတ်ထားတဲ့ အဝတ်ကလည်း တော်တော်နွမ်းနေပြီ။ အိပ်ရာ၊ အိပ်ခင်းဆိုတာလည်း ကောင်းကောင်းမရှိဘူး။ မည်းညစ် နေတဲ့ ခေါင်းအုံးနံဘေးမှာ အင်္ဂလိပ်စာအုပ်တွေ၊ မြန်မာစာအုပ်တွေ ရှုပ်ပွနေတယ်။ အချိန်တိုင်း စာဖတ်နေတဲ့သူ့ဆိုတော့ စာဆိုတာ သူ့အတွက် အာဟာရဖြစ်နေမှာ ပေါ့လေ။

ဆရာက ထမင်းစားပြီးတော့ သူ့အိပ်ရာအနားကို သွားလိုက်တယ်။ ဆေးလိပ် တိုကိုရှာတယ်။ တွေ့တယ်။ မီးညှိတယ်။ ဆေးလိပ်ကို တစ်ဖွာနှစ်ဖွာလောက် အားရပါးရကြီး ရှိုက်လိုက်တယ်။

ကျွန်တော့်က ရင်ထဲမှာ မွန်းကျပ်နေတယ်။ ဆရာ့ကို စကားတစ်ခွန်း ပြော လိုက်မိတယ်။

''ဆရာရယ် ဆရာ့ကို ကြည့်ရတာ ဆင်းရဲလိုက်တာ''

ဆရာက ဆေးလိပ်တိုကို ဆက်ပြီးဖွာနေတယ်။ ကျွန်တော်ပြောတာကို ဂရု မစိုက်ဘူး။ သူ့ကို ပြောနေတယ်လို့တောင် သူက မထင်ဘူး။ ကျွန်တော်က ထပ်ပြီး ပြောလိုက်မိတယ်။


''ဆရာရယ် ဒီထက် ကောင်းကောင်းလေးစား၊ ကောင်းကောင်းလေး နေပါလား။ ဆင်းရဲလိုက်တာ ဆရာရယ်''

အဲဒီအချိန်မှာ ကျွန်တော့်ကို ဆရာက ခပ်စိမ်းစိမ်းကြီး လှမ်းကြည့်လိုက်တယ်။ ဆေးလိပ်တိုကို ဆေးလိပ်ခွက်ထဲ လှမ်းထည့်လိုက်တယ်။ ပြီးတော့ ကျွန်တော့်ဘဝတစ်ခုလုံးကို ပွဲတင်မြည်ဟိန်းသွားစေတဲ့ ရိုးစင်းလှတဲ့ စကားတစ်ခွန်းကို ဆရာက ပြောတယ်။

''ဒီမယ် မှတ်ထားကွ။ ကိုယ် မယုံကြည်ရာကို လုပ်နေရတဲ့ လူတွေနဲ့စာရင် ငါ့ဘဝက အများကြီး ချမ်းသာပါတယ် မောင်ဘုန်းရ''

''ဗျာ...''

*ရွှေမန္တလေးဂျာနယ်*
*၂၀၁၀၊ ဩဂုတ်*


စားပွဲဝိုင်း ငိုချင်း

"စား"ဆိုတဲ့ အဓိပ္ပာယ်ဟာ

ခန္ဓာကိုယ်ရဲ့ လိုအပ်တဲ့ အာဟာရကို ဖြည့်တင်းခြင်းပါ။

"ပွဲ"ဆိုတဲ့ ဝေါဟာရကတော့

ပျော်ရွှင်ခြင်း၊ ချစ်ကြည်ခြင်း၊

ချစ်ကျွမ်းဝင်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။

"ဝိုင်း"ဆိုတဲ့ မြန်မာစကားကတော့

စုပေါင်းခြင်း၊ ညီညွတ်ခြင်း၊ မျှတခြင်း၊

အတူလက်တွဲဆောင်ရွက်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။

# စားပွဲဝိုင်း ဝိုင်း ဒိုချင်း

ကျွန်တော် ရင်ဖွင့်ပါရစေ။

ကျွန်တော်ပြောတဲ့စကားတွေကို သေသေချာချာ နားထောင်ပေးစေချင်တယ်။ ကျွန်တော် ဒီစကားတွေကို မျက်ရည်နဲ့ရင်းပြီး ပြောချင်နေတာ ကြာခဲ့ပါပြီ။

ကျွန်တော်က ဒီအိမ်ရဲ့ ထမင်းစားတဲ့ စားပွဲဝိုင်းလေးတစ်ခုပါ။ အခုတော့ နံရံမှာ ကြေးနန်းကြိုးနဲ့ ချိတ်ထားကြတယ်။ ဖုန်တွေ၊ ပိုးမွှားတွေနဲ့ ညစ်ပေလို့နေပါပြီ။

ဟိုးတုန်းကတော့။

ဟိုးတုန်းကတော့ဆိုတာ···

လွန်ခဲ့တဲ့ နှစ်(၂၀)၊ (၃၀) လောက်ကို ဆိုလိုတာပါ။ ဒီစားပွဲဝိုင်းလေးမှာ မိသားစုတွေ ညနေစာအတူစားခဲ့ကြတယ်။ အခုအဲဒီလို အပြုအမူတွေ မရှိတော့ဘူး။

ကျွန်တော်ရောက်နေတဲ့အိမ်အကြောင်း ပြောရဦးမယ်။

ဒီအိမ်မှာ မိသားစု (၅)ယောက်ရှိတယ်။ အဖေလုပ်တဲ့သူက အရောင်းအဝယ်လုပ်တယ်။ ပွဲစားလုပ်တယ်။ မနက်အစောကြီး အိပ်ရာထရင် လက်ဖက်ရည်ဆိုင်ကိုပဲ သွားတတ်တယ်။ မနက်စာဆိုတာ အိမ်မှာ ဘယ်တော့မှ မစားဘူး။ ညနေပိုင်းရောက်ရင် အိမ်ပြန်ပြီး ထမင်းစားတယ်ဆိုတာ မရှိပါဘူးဗျာ။ ဘီယာဆိုင်မှာ ဒါမှမဟုတ် ကာရာအိုကေမှာ၊ ဒါမှမဟုတ် စင်တင်တေးဂီတဆိုင်မှာ ပျော်နေတတ်တယ်။ မန်ယူနဲ့ ချဲလ်ဆီး ဘောလုံးပွဲလာတဲ့နေ့ဆိုရင် အိမ်ပြန်ချိန် နောက်ကျတတ်တယ်။ ဒီအဖေငယ်ငယ်တုန်းကဆိုရင် သူတို့မိသားစုဟာ ညနေစာကို ကျွန်တော်နဲ့အတူ စားဖြစ်ကြတယ်။ ဒီနေ့ခေတ် အဖေတွေက ညနေစာကို အိမ်မှာ မစားကြတော့ပါဘူး။

အစားနောက်မှာ အသောက်ပါမှ။ အစားနောက်မှာ အပျော်ပါမှ။ နေ့တတ်စားတတ်တဲ့ လူ့ယဉ်ကျေးမှုကြီး ထွန်းကားနေပြီ။ ကျွန်တော်တို့နေတဲ့ ရပ်ကွက်ထဲမှာ တစ်ပက် (၁၀၀)အရက်ဆိုင်ရယ် ဘီယာဆိုင်တွေရယ် ပေါလိုက်တာ။ အဲဒီမှာ ယောက်ျားသားတွေ အားလုံး ညနေခင်းရဲ့အလှကို ယစ်မူးစွာနဲ့ ခံစားကြတယ်။ ဖခင်တစ်ယောက်ဟာ ညနေစာကို အိမ်မှာစားတဲ့ဓလေ့ မရှိတော့ဘူး။

ပြောရဦးမယ်။ ဒီအိမ်က မိခင်လုပ်တဲ့သူကလည်း အတူတူပါပဲ။ ကိုးရီးယား တီဗွီဇာတ်လမ်းတွဲနဲ့ အချိန်ဖြုန်းတယ်။ ညနေပိုင်းရောက်ပြီဆိုရင် တီဗွီရှေ့မှာ ထိုင် တယ်။ ကိုးရီးယားဇာတ်လမ်းတွဲတွေကို စွဲလမ်းတယ်။ ညနေစာကို တီဗွီရှေ့မှာ တစ်ယောက်တည်းထိုင်ပြီး စားတယ်။ ယောက်ျားနဲ့ ထမင်းလက်ဆုံစားဖို့ အရေး မကြီးဘူး။ ကိုးရီးယားမင်းသားတွေရဲ့ မျက်နှာကို တစ်ဝကြီးကြည့်ပြီး ထမင်းလက်ဆုံ စားတယ်။ သူတို့ ကျွန်တော့်ကို ဂရုမစိုက်ကြဘူး။ ကျွန်တော့်ကို မေ့နေကြတယ်။

ဒီလိုပဲဗျာ။ သူတို့မွေးထားတဲ့ သားသမီး (၃)ယောက်ကလည်း သနားစရာ အရမ်းကောင်းတယ်။ မနက်ဆိုရင် အိပ်ရာကို အစောကြီးထရတယ်။ မနက် (၅)နာရီ လောက်မှာ ကျူရှင်သွားရတယ်။ အဖေနဲ့အမေက အဲ့ဒီအချိန်မှာ အိပ်နေကြတယ်။ ကျူရှင်ပြီးတော့ ကျောင်းကို ဆက်သွားရတယ်။ အိမ်က လာပို့တဲ့ ထမင်းအေးအေး၊ ဟင်းအေးအေးတွေကို စားရတယ်။ ဘာတွေမှန်းမသိတဲ့ စာတွေကို ကျက်ရတယ်။ ရွတ်ဆိုရတယ်။ ကျောင်းလည်းဆင်းရော အိမ်ကို မပြန်ကြရရှာပါဘူး။ ကျူရှင်ကို ဆက်ပြီးသွားရတယ်။ ကျူရှင်တွေကလည်း စာတွေက သင်လိုက်တာ။ ဟိုတုန်းက 'အ-သုံးလုံး'သင်တန်းဆိုတာ ဒီနေ့ခေတ် စာသင်နေတဲ့ စာသင်ခန်းတွေမှာ တွေ့နေရ တယ်။ 'အတင်းသင်၊ အတင်းကျက်၊ အတင်းရိုက်' စနစ်ကို ကျင့်သုံးကြတယ်။ ဒါ ဒီနေ့ခေတ်ရဲ့ 'အ-သုံးလုံး'ပဲ။ ကလေးတွေက သနားစရာကောင်းပါတယ်။ ကျူရှင်တက်နေရတာကြောင့် ညနေစာကို အိမ်မှာ စားရတယ်လို့ မရှိပါဘူး။ အိမ်က လာပို့တဲ့ ထမင်းဟင်းကိုပဲ စားရတယ်။ ကျူရှင်ပြီးပြန်တော့ ည စာကျက်တန်းလိုလို ဂိုက်တန်းလိုလို သင်တန်းတွေမှာ စာကျက်ရပြန်တယ်။ အိမ်ပြန်ရောက်တော့ ည (၁၀)နာရီကျော်နေပြီ။ ကိုယ့်စိတ်နဲ့ကိုယ် နေခွင့်မရကြဘူး။ အိမ်ရောက်တော့ ဘာမှန်းမသိတဲ့ အိမ်စာတွေကို ကူးရတယ်။ ရေးရတယ်။ ကြာလာတော့ ကလေးတွေ ဟာ ကျောင်းသားနဲ့ မတူကြတော့ဘူး။ ဝတ္ထုရားကျေ အလုပ်လုပ်နေတဲ့ ဝန်ထမ်းတွေနဲ့ တူလာတယ်။ အဖေ၊ အမေနဲ့လည်း တစ်နေကုန် မတွေ့ကြရဘူး။ အဖေ၊ အမေ အိပ်ချိန်မှာ ကျောင်းသွားရတယ်။ အိမ်ပြန်လာတော့လည်း အဖေနဲ့အမေက အိပ်နေ

ကြပြီ။ မိဘကို ပြုစုခွင့်လည်း မရကြဘူး။ ဆော့ကစားဖို့ အချိန်လည်း မရှိဘူး။ ကိုယ်လက် ကြံ့ခိုင်၊ ကျန်းမာရေးအတွက် အလေးမထားကြတော့ဘူး။ စာတွေကို ကျက်နေရင်းနဲ့ နှလုံးသားဗလာဖြစ်နေရတဲ့ လူငယ်တွေ အများကြီးပါ။ ရိုးရာပုံပြင်တွေလည်း သူတို့ မကြားဖူးကြပါဘူး။ အိပ်ရာဝင်ရင် ပုံပြောပြမယ့် အဘိုးအဘွား အဖေအမေလည်း မရှိဘူး။

ကျွန်တော်က အဲ့ဒါတွေကြောင့် ငိုချင်နေတာ။

စဉ်းစားကြည့်ကြစမ်းပါ။

မိဘတွေ ဘာ့အတွက် ပိုက်ဆံရှာနေကြတာတုန်း။

ကိုယ့်သားသမီးအတွက် ပိုက်ဆံရှာနေတာဆိုရင် ပိုက်ဆံနဲ့ထပ်တူ အရေးကြီးတဲ့ မိသားစု နွေးထွေးမှုဆိုတာ မေ့နေကြတယ်။

ဒီလိုပါပဲ သားသမီးတွေကလည်း ဘာအတွက် ပညာသင်နေကြတာတုန်း။ ပညာရေးနဲ့ ထပ်တူအရေးကြီးတဲ့ မိသားစုမေတ္တာတရားဆိုတာ မေ့နေကြတယ်။ မိသားစုစိတ်ဓာတ်ဆိုတာ မေ့နေကြတယ်။ မိသားစုနွေးထွေးမှုဆိုတာ မေ့နေကြတယ်။

ရွတ်ဆိုနိုင်စွမ်းကို ပညာလို့ ထင်နေကြတော့တာပဲ။ အမှတ်အနည်းအများကို ပညာရဲ့ အရည်အချင်းလို့ သတ်မှတ်နေကြတော့တာပဲ။

မိသားစုရဲ့ ညနေခင်းဘဝတွေကို ဘီယာဆိုင်တွေက အပိုင်စီးသွားကြပြီ။ ကာရာအိုကေတွေက အနိုင်ယူသွားကြပြီ။ အရက်ဆိုင်တွေက အပိုင်သိမ်းသွားကြပြီ။ ဥရောပဘောလုံးပွဲတွေက ဖမ်းစားပစ်လိုက်ကြပြီ။ ကိုးရီးယားဇာတ်လမ်းတွဲတွေက ဝါးမြိုပစ်လိုက်ကြပြီ။ ကျူရှင်တွေ၊ သင်တန်းကျောင်းတွေ၊ စာကျက်တန်းတွေ၊ စာကြည့်တန်းတွေ၊ ဂိုက်တန်းတွေက မိသားစုဘဝတွေရဲ့ ညနေခင်းအလှတွေကို ဖျက်စီးပစ်လိုက်ကြပြီ။

မိသားစုဝင်တွေ တစ်ယောက်ကို တစ်ယောက် တွေ့ဆုံချိန် မရှိကြတော့ဘူး။ မေတ္တာတရားထက် အပျော်အပါးက ပိုအရေးကြီးနေတယ်။ မိသားစု နွေးထွေးမှုထက် ငွေက ပိုပြီး အရေးပါနေတယ်။ မိခင်၊ ဖခင်အပေါ် ချစ်ခင်ဖို့ထက် စာအုပ်ထဲက စာတွေ အလွတ်ရဖို့က ပိုပြီး အဓိကကျနေတယ်။ ဒီလိုနဲ့ မိသားစုဘဝတွေ ပျောက်ဆုံးနေကြရတယ်။

ကျွန်တော်တို့ မြန်မာ့ဓလေ့မှာ ညနေစာကို ဝိုင်းဖွဲ့ပြီး စားကြတယ်။ ထမင်းစားတဲ့ ခုံကို စားပွဲခုံလို့တောင် မခေါ်ဘူး။ ထမင်းစား စားပွဲဝိုင်းလေးလို့ ခေါ်ကြတယ်။

စားပွဲဝိုင်းဆိုတာ အဓိပ္ပာယ်အလွန်ပြည့်ဝတဲ့ မြန်မာဝေါဟာရပါ။ 'စား' ဆိုတဲ့ အဓိပ္ပာယ်ဟာ ခန္ဓာကိုယ်ရဲ့ လိုအပ်တဲ့ အာဟာရကို ဖြည့်တင်းခြင်းပါ။ 'ပွဲ' ဆိုတဲ့ ဝေါဟာရကတော့ ပျော်ရွှင်ခြင်း၊ ချစ်ကြည်ခြင်း၊ ချစ်ကျွမ်းဝင်ခြင်းလို့ အဓိပ္ပာယ်ရ ပါတယ်။ 'ဝိုင်း' ဆိုတဲ့ မြန်မာစကားကတော့ စုပေါင်းခြင်း၊ ညီညွတ်ခြင်း၊ မျှတခြင်း၊ အတူလက်တွဲဆောင်ရွက်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ အခုတော့ဗျာ...။

ဟိုတုန်းကတော့...

ကျွန်တော့်ကို အခြေပြုပြီး မိသားစုတွေ နွေးထွေးခဲ့ကြတယ်။ ချစ်ကြည်ခဲ့ကြတယ်။ ရင်းနှီးခဲ့ကြတယ်။ ပျော်ရွှင်ခဲ့ကြတယ်။ တစ်ယောက်ကိုတစ်ယောက် နားလည်မှုတွေ ရှာဖွေခွင့်ရခဲ့ကြတယ်။ အခုတော့ ဒါတွေ မရှိကြတော့ပါဘူးဗျာ။ ဝမ်းနည်းစရာ ကောင်းလိုက်တာ။

ပျော်ရွှင်တဲ့မိသားစုရဲ့ ညနေခင်းဘဝတွေနေရာမှာ ဒီနေ့ခေတ်ရဲ့ ယဉ်ကျေးမှုတွေ၊ တီဗွီတွေ၊ ဇာတ်လမ်းတွဲတွေ၊ စားသောက်နေထိုင်ပုံတွေ၊ ပညာရေးတွေက နေရာယူသွားကြပါပြီ။

ဒီထမင်းစားတဲ့ စားပွဲဝိုင်းပေါ်မှာ ဘယ်တော့များမှ မိသားစုတွေ ပြန်ဆုံကြမလဲနော်။

မိသားစုစိတ်ဓာတ်မပြည့်ဝတဲ့ လူငယ်တွေ ကြီးလာရင်တော့ အားလုံးအတွက် ဒုက္ခပါပဲဗျာ။

ကျွန်တော်ကတော့ ပျော်ရွှင်ဖွယ်မိသားစုဘဝကို ပြန်ပြီးမြင်ခွင့်ရဖို့ ငိုကြွေးရင်းနဲ့...။

*ရွှေမန္တလေးဂျာနယ်*
*၂၀၀၉၊ ဒီဇင်ဘာ*


အံသွားတစ်ချောင်း

ငါက  မချမ်းသာဘူး။ ငါ့မှာ ဘာမှမရှိဘူး။
နင်တို့အတွက် ဘာမှမထားခဲ့နိုင်ဘူး။
ပေးစရာမြေတွေ၊ အိမ်တွေလည်း မရှိဘူး။
စိန်တွေ၊ ရွှေတွေလည်း မရှိဘူး။
နင်တို့ကို ငါ့အသက်ရှင်နေတဲ့အထိ
မေတ္တာတွေပဲ ပေးထားခဲ့နိုင်တယ်။

# အံသွားတစ်ချောင်း

''ကျွဲဆည်ကန်အရှေ့ကို သွားမယ်။ ဘယ်လောက်ပေးရမလဲ''

''လမ်းသွယ်ဘယ်လောက်ကို သွားမှာလဲခင်ဗျ''

''လမ်းသွယ် (၁၄)''

''ဒါဆိုရင် နှစ်ထောင်ပေးပါဆရာ''

မနက် (၅)နာရီမှာ မြစ်ကြီးနားကလာတဲ့ အမြန်ရထားနဲ့ မန္တလေးကို ကျွန်တော် ပြန်ရောက်ခဲ့တယ်။ 'ချပ်သင်း'ကျေးရွာမှာ 'အမေနေ့' ဟောပြောပွဲအတွက် စကားပြောဖို့ ဖိတ်ကြားခံရလို့ အဲ့ဒီဟောပြောပွဲက ပြန်လာခဲ့တာဖြစ်တယ်။ မန္တလေး ဘူတာကြီးကို ရောက်တဲ့အချိန်က မနက် (၄)နာရီဖြစ်နေတော့ အရမ်းစောနေတယ်။ ပြာသိုလပြည့်ကျော်ဖြစ်နေပြန်တော့ အေးကလည်း အေးနေတယ်။ ဒါကြောင့် အိမ်ကို လာကြိုဖို့ ဖုန်းမဆက်တော့ဘဲ လေးဘီးငှားပြီး ပြန်လာခဲ့တယ်။

ဒီလိုနဲ့ လေးဘီးဆရာနဲ့ ကားရှေ့ခန်းထဲမှာ စကားပြောဖြစ်ခဲ့တယ်။

''ဒါ မင်းရဲ့ ကိုယ်ပိုင်ကားလား။ ငှားပြီး မောင်းတာလား''

''ငှားပြီးမောင်းတာပါ ဆရာ''

''တွက်ခြေရောကိုက်ရဲ့လားကွ''

''မဆိုးပါဘူးဆရာ။ ဒါနဲ့ ဆရာ စပ်စုတယ်မထင်ပါနဲ့။ ဆရာ ဘယ်က ပြန်လာတာတုန်း''

''မင်းက ငါ့ကို သိလို့လား''

''သိတာပေါ့ ဆရာရဲ့။ ကျွန်တော်က ဆရာ့တပည့်လေ။ (၉၈)တုန်းက

ကျောင်းသားဟောင်းပါ''

''အေးကွာ မမှတ်မိတာ ခွင့်လွှတ်ပါ။ ဆရာက 'အမေနေ့' ဟောပြော ပွဲတစ်ခု ပြောပြီးပြန်လာခဲ့တာ''

''ကျွန်တော်လည်း 'ပြာသိုလပြည့်နေ့'က 'အမေနေ့'ဟောပြောပွဲကို ရောက် ခဲ့တယ်။ 'သကျသီဟ'ဘုရားထဲမှာ 'အမေ့ခြေရာ'ခံယူပွဲကျင်းပတာကို ကျွန်တော် လိုက်ပို့ဖူးတယ်ဆရာ''

''အမေ့ခြေရာ၊ အဖေ့ခြေရာဆိုတာ ယူထားသင့်တာပေါ့ကွ။ စဉ်းစားကြည့်စမ်း၊ အဖေတွေဆိုတာ အဲဒီခြေဖဝါးတွေနဲ့ ထောင်နှုတ်ခမ်းကို လျှောက်ပြီး သားသမီးတွေကို ရှာကျွေးခဲ့ဖူးတယ်။ အဲ့ဒီခြေထောက်တွေနဲ့ပဲ မော်တော်ကားတွေကြား၊ လမ်းမတွေ ပေါ်မှာ အသက်စွန့်ပြီး သားသမီးတွေကို ရှာကျွေးခဲ့တယ်။ ဒီလိုပဲ မင်းအမေ့ရဲ့ ခြေထောက်တွေကို သတိထားကြည့်မိရဲ့လား။ အမေ့ရဲ့ ခြေထောက်တွေဟာ 'ရွှံ့တွ'နေပေမဲ့ အင်အားတွေအပြည့်ရှိတဲ့ ခြေထောက်ကွ။ အဲ့ဒီခြေထောက်တွေနဲ့ ငါတို့ကို လောကထဲကို ဆွဲခေါ်ခဲ့တယ်။ လောကအကြောင်း သင်ပေးတယ်။ ဒါကြောင့် 'အမေ့ခြေရာ'၊ 'အဖေ့ခြေရာ'ကို တန်ဖိုးထားသင့်တာပေါ့။ ယူသင့်တာပေါ့ကွ''

ကားဒရိုင်ဘာလေးက ကျွန်တော်ပြောသမျှကို ငြိမ်ပြီးနားထောင်နေတယ်။

''စဉ်းစားကြည့်စမ်းပါကွာ။ လူဆိုတာ မွေးကတည်းက အသိမကြွယ်လို့ မိုက်တယ်။ အရွယ်ရောက်လာတော့လည်း မသိတတ်လို့ မိုက်တယ်။ အရွယ်ရင့်လာ တော့လည်း မိုက်ချင်လို့ ဆက်ပြီးမိုက်ကြတယ်။ လိမ္မာတဲ့ အရွယ်လည်းရောက်ရော အဖေနဲ့ အမေက မရှိကြတော့ဘူး။ သေသွားကြပြီ။ 'အဖေ့ခြေရာ'၊ 'အမေ့ခြေရာ' မယူလိုက်မိတဲ့ သားသမီးတွေက အများကြီးကွ။ ငါတို့ကိုယ်တိုင် မိခင်၊ ဖခင်နေရာ ရောက်လာမှ အဖေတို့၊ အမေတို့လို ခံစားချက်တွေဖြစ်လာပြီး ထပ်တူခံစားမိ တတ်တာ။ ဒါကြောင့် စောစောလိမ္မာရင် စောစောကောင်းတာပေါ့ကွာ''

အဲ့ဒီအချိန်မှာ ကားဒရိုင်ဘာလေးက ကျွန်တော့်စကားကို နားထောင်ပြီး မျက်ရည်သုတ်လိုက်တယ်။ သူမျက်ရည်ကျတာမြင်တော့ ကျွန်တော် စိတ်မကောင်း ဖြစ်မိတယ်။ ကျွန်တော့်စကားကြောင့် မျက်ရည်ကျတယ်လို့ ကျွန်တော်က ထင်တယ်။

''ဆရာ ကျွန်တော့်မှာ အဖေရော၊ အမေရော မရှိကြတော့ဘူး။ အဖေက ဆုံးတာ (၅)နှစ်လောက်ရှိပြီ။ အမေက မနှစ်က ဆုံးတယ်။ အဖေ့ခြေရာ၊ အမေ့ခြေရာ တော့ ကျွန်တော် ယူမထားမိဘူးဆရာ''

''ဒါကြောင့် ငိုတာလား''

''မဟုတ်ပါဘူးဆရာ။ ကျွန်တော့်မှာ 'အဖေ့ခြေရာ'၊ 'အမေ့ခြေရာ' ယူမထား။ လိုက်ရပေမယ့် ဟောဒီမှာကြည့် ဆရာ''

ကားဒရိုင်ဘာလေးဟာ သူ့ရဲ့အနွေးထည်ရဲ့ ကြယ်သီးကို ကားမောင်းရင် ဖြုတ်လိုက်တယ်။ လည်ပင်းမှာ ကြိုးတစ်ချောင်းနဲ့ ချည်ထားတဲ့ ပစ္စည်းတစ်ခုကို ပြတယ်။

''ဘာများလဲကွ''

''အမေ့ရဲ့ အံသွားလေးပါ ဆရာ။ အမေ မဆုံးခင် လေးငါးလလောက် တုန်းကပေါ့ဗျာ။ ကျွန်တော့်အမေက ပြောတယ်။ သွားနာတယ်တဲ့။ အမေ့ရဲ့ သွားတွေ ကိုက်တယ်တဲ့။ မနေနိုင်ဘူးတဲ့။ ဒါကြောင့် သွားဆေးခန်းကို သွားပြီး အံသွားနှစ်ချောင်း နုတ်လိုက်ရတယ်။ အဲ့ဒီအံသွားကို အမှတ်တမဲ့နဲ့ ကျွန်တော်က ယူလာခဲ့မိတယ်။ ဒီလိုနဲ့ အမေက သေခါနီးမှာ ကျွန်တော်တို့ မောင်နှမ နှစ်ယောက်ကိုခေါ်တယ်။ ကျွန်တော်တို့မှာ မောင်နှမနှစ်ယောက်တည်း ရှိတယ်ဆရာ။ အမေက ကျွန်တော်တို့ လက်ကို ကိုင်ပြီး စကားတိုးတိုးလေး ပြောတယ်''

သူ့စကားက စိတ်ဝင်စားဖို့ ကောင်းလာပြီ။

''အမေက ပြောတယ်။ ငါက မချမ်းသာဘူး။ ငါမှာ ဘာမှ မရှိဘူး။ နင်တို့ အတွက် ဘာမှမထားခဲ့နိုင်ဘူး။ ပေးစရာမြေတွေ၊ အိမ်တွေလည်း မရှိဘူး။ စိန်တွေ၊ ရွှေတွေလည်း မရှိဘူး။ နင်တို့ကို ငါ့အသက်ရှင်နေတဲ့အထိ မေတ္တာတွေပဲ ပေးထားခဲ့ နိုင်တယ်။ ငါ ဘာမှ မပေးနိုင်တဲ့အတွက် စိတ်မကောင်းဘူးသားရယ်လို့ ပြောတယ်''

ဒရိုင်ဘာလေးက စကားပြောရင်း ငိုပါတော့တယ်။

''ကျွန်တော်က အမေ့ကို ပြန်ပြောတယ်။ အမေရယ် ဘာမှ မပေးနိုင်တော့လည်း ဘာဖြစ်လဲ။ အမေ မောနေဦးမယ်။ စကားတွေ မပြောပါနဲ့လား။ အမေက သူ့စကားကို ဆက်ပြီးပြောတယ်။ ငါ နင်တို့မောင်နှမနှစ်ယောက်အတွက် ဘာမှ မထားခဲ့နိုင်တာကို တွေးပြီး ငါ့ကိုယ်ငါ တာဝန်မကျေဘူးလို့ ခံစားနေရတယ် သားရယ်လို့ ပြောပြီး အမေက ငိုပါတယ်''

ဒရိုင်ဘာလေးဟာ ကားကို ဖြည်းဖြည်းမှန်မှန်မောင်းရင်းနဲ့ သူ့အကြောင်းကို ဆွေးဆွေးမြည့်မြည့် ပြောနေရှာတယ်။

''ကျွန်တော်က အမေ စိတ်အားငယ်နေတာကို ကြည့်ပြီး အရမ်းဝမ်းနည်း နေမိတယ်ဆရာရယ်။ အမေက ဘာမှမပေးခဲ့နိုင်တာကို တွေးပြီး သေရမှာ စိတ်မဖြောင့် ဖြစ်နေရှာတယ်။ ကျွန်တော်လည်း အမေ့ကို အားပေးချင်တယ်။ အဲ့ဒီအချိန်မှာ

အမေ့ရဲ့ နုတ်ထားတဲ့ အံသွားနှစ်ချောင်းကို သတိရမိတယ်။ ဒါနဲ့ ဘုရားစင်ပေါ်မှာ ဂျာနယ်စက္ကူနဲ့ထုပ်ထားတဲ့ အံသွားလေးနှစ်ချောင်းကို သွားယူလိုက်တယ်။ အမေ့လက်ထဲကို ထည့်ပေးလိုက်တယ်။ 'ဘာများလဲ သားရယ်' လို့ အမေက မေးတယ်။ အမေနုတ်ထားတဲ့ အံသွားနှစ်ချောင်းပါအမေလို့ ကျွန်တော်က ပြော လိုက်တယ်။ အမေက အဲ့ဒီအံသွားလေးနှစ်ချောင်းကို ထုတ်ယူလိုက်တယ်။ ပြီးတော့ ကျွန်တော်ကို အံသွားတစ်ချောင်းပေးတယ်။ ညီမလေးကို အံသွားတစ်ချောင်း ပေးတယ်။ ငါ့ဘဝတစ်လျှောက်လုံး နင်တို့အတွက် ငါ စွမ်းနိုင်သလောက်တော့ ကြိုးစားပြီး လုပ်ပေးခဲ့တာပဲ။ အမေ့ကို နားလည်ပါ။ အမေ အခုပေးတဲ့ အံသွားလေး တွေကို အမေ့ရဲ့ကိုယ်ပွားအဖြစ် သိမ်းထားကြပါကွယ်လို့ပြောပြီး အမေ အသက်ထွက် သွားတယ်။ ကျွန်တော့် လည်ပင်းက အံသွားလေးဟာ ကျွန်တော့်အမေရဲ့ အံသွားလေး ပါဆရာ"

သူ့စကားကို နားထောင်ရင်း အိမ်ကို ကျွန်တော် ပြန်ရောက်ခဲ့တယ်။

အိမ်ပြန်ရောက်တော့ ကျွန်တော့်စိတ်ထဲမှာ အတွေးနယ်ချဲ့နေမိတယ်။ ကျွန်တော် ခံစားနေမိတယ်။

ဟုတ်တယ်ဗျာ...။

ဘုရားရဲ့ စွယ်တော်ပွားကိုတောင် ကျွန်တော်တို့ ဘုရားရဲ့ ဂုဏ်ကျေးဇူးကို ရည်မှန်းပြီး မြတ်နိုးကြ၊ ပူဇော်ကြတယ်။ အမေ၊ အဖေရဲ့ အံသွားတစ်ချောင်းကို ယူဖို့ ကျွန်တော်တို့ သတိမရကြဘူး။ အမေသေရင် အမေ့အံသွားတစ်ချောင်းထက် အမေ့နားက စိန်နားကပ်ကို ကျွန်တော်တို့ ပိုပြီး တန်ဖိုးထားမိကြတယ်။ အဖေသေရင် အမေ့အံသွားတစ်ချောင်းရယူဖို့ထက် အိမ်နဲ့ မြေဂရန်ကို အပိုင်ယူဖို့ ကြိုးစားကြတယ်။

စစ်ထွက်သွားတဲ့ စစ်သည်တော်တစ်ယောက်ဟာ အန္တရာယ်ကင်းဖို့အတွက် အမေ့ရဲ့ အထက်ဆင်ကို နားမှာပန်တယ်လို့ ကြားခဲ့ရဖူးတယ်။ မှတ်သားခဲ့ရဖူးတယ်။ ဒါဆိုရင် အဖေ၊ အမေရဲ့ အံသွားတစ်ချောင်း လည်ပင်းမှာ ဆွဲထားတာဟာ အန္တရာယ် တွေကို ကင်းစင်စေနိုင်တာပေါ့။ အခုတော့ လူတိုင်းရဲ့လည်ပင်းမှာ ကြည့်လိုက် ကြစမ်းပါ။ စိန်တွေ၊ ရွှေတွေ၊ ကျောက်စိမ်းတွေနဲ့ အလှဆင်ထားကြတယ်။ လက်မှာ လည်း ရွှေလက်စွပ်၊ စိန်လက်စွပ်တွေ တစ်ဝင်းဝင်းနဲ့။ အမေ့ရဲ့ ၊ အဖေ့ရဲ့ အံသွား တစ်ချောင်းကို လည်မှာဆွဲဖို့ သတိရတဲ့သားသမီး မရှိသလောက်ပါပဲ။ အဲ့ဒီအထဲမှာ ကျွန်တော်လည်း ပါတယ်။ ကျွန်တော်တပည့် ဒရိုင်ဘာလေးရဲ့ဖြစ်ရပ်နဲ့ သူ့ဘဝက ပြောလာတဲ့စကားတွေဟာ ကျွန်တော့်ရင်ကို လာပြီးမှန်တယ်။

ဟုတ်တယ်ဗျာ…

ပိုက်ဆံတွေ ချမ်းသာလာတဲ့တစ်နေ့…

ငွေတွေအများကြီး ရှိလာတဲ့တစ်နေ့…

အဲ့ဒီငွေတွေ ပိုက်ဆံတွေနဲ့ စိန်တွေ ကြိုက်သလောက်ဝယ်လို့ရတယ်။

မြေတွေ၊ အိမ်တွေ၊ ကားတွေ၊ တိုက်တွေ၊ ရွှေတွေ ဝယ်လို့ရနိုင်တယ်။

အဲ့ဒီပိုက်ဆံတွေနဲ့ သေဆုံးသွားပြီဖြစ်တဲ့ အဖေနဲ့အမေရဲ့ အံသွားတစ်ချောင်း ဝယ်လို့ရနိုင်ပါ့မလားဗျာ။

အဖေနဲ့ အမေရဲ့ အံသွားကို လည်မှာဆွဲလို့…


ဒါမှမဟုတ်…

လက်မှာ လက်စွပ်ကလေးကွင်းပြီး ဝတ်လို့…

အဖေ၊ အမေတို့ရဲ့ မေတ္တာနဲ့ ကျေးဇူးတရားကို ဂုဏ်ပြုကြရအောင်နော်။

*မန္တလေးတိုင်းဒ်ဂျာနယ်*
*၂၀၁၀၊ ဇန်နဝါရီ*

# စိတ်ကူးရထား



စေတနာရှိရုံနဲ့ မပြည့်စုံဘူး။

ဝါသနာရှိရုံနဲ့လည်း မဖြစ်ဘူး။

အနစ်နာခံနေပါတယ်ဆိုတဲ့

အတွေးတွေနဲ့လည်း ကျေနပ်မနေသင့်ဘူး။

ငါဟာ လူငယ်တွေအတွက်

စံနမူနာပြု ဖြစ်ရဲ့လားဆိုတာ. . .

# စိတ်ကူးရထား

ဒီဇင်ဘာလထဲမှာ ဘူမိဗေဒ မိသားစုရဲ့ ဆရာကန်တော့ပွဲ နှစ်စဉ်ကျင်းပပါတယ်။ အဲ့ဒီလိုကျင်းပတဲ့အတွက် ကျောင်းနေဖက်၊ အဆောင်နေဖက် သူငယ်ချင်းတွေ ပြန်လည်တွေ့ဆုံခွင့် ရခဲ့ကြတယ်။ စင်္ကာပူရောက်သူငယ်ချင်းတွေ၊ မလေးရှားရောက် သူငယ်ချင်းတွေ၊ အမေရိကရောက် သူငယ်ချင်းတွေကလည်း လူကိုယ်တိုင် မလာနိုင်ရင်တောင် ဖုန်းဆက်ကြတယ်။ ဆရာတွေ ကန်တော့ဖို့ တတ်နိုင်တာတွေ ပံ့ပိုးကြတယ်။ ကူညီကြတယ်။

ကျောင်းမှာတုန်းက တစ်ခုံတည်း အတူထိုင်ခဲ့တဲ့ သူငယ်ချင်းတချို့ နိုင်ငံရပ်ခြားမှာ ဘူမိဗေဒပညာရပ်နဲ့ အသက်မွေးပြီး အဆင်ပြေနေတာသိရတော့ အားကျမိတယ်။ စင်္ကာပူရောက် ဘူမိဗေဒသူငယ်ချင်းတွေဆိုရင် ဝင်ငွေတော်တော် ကောင်းကြတယ်။ သူတို့ပြောတဲ့စကားတွေကိုကြားပြီး ကျွန်တော့်စိတ်ထဲမှာ တစ်ခုခုကို ခံစားနေမိတယ်။

ကျွန်တော်တို့ဆီမှာ တောတောင်ရေမြေတွေ ရှိတယ်။ သယံဇာတတွေ ရှိတယ်။ မြေအောက်ရေချိုတွေ ရှိတယ်။ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေ ရှိတယ်။ ဘူမိဗေဒဘွဲ့ရတွေအတွက် ဘူမိဗေဒပညာနဲ့ အသက်မွေးဝမ်းကြောင်းပြုဖို့ အခွင့်အလမ်းအများကြီး ရှိပါတယ်။

ဒီလိုတွေ တွေးမိပြီး ပုံပြင်လေးတစ်ပုဒ်ကို စိတ်ကူးနဲ့ စာဖွဲ့ကြည့်မိပါတယ်။

□

တစ်ခါတုန်းကပေါ့ . . .

ကျွန်တော်တို့ဟာ Show Room ထဲက မီးရထားစက်ခေါင်းကြီးတွေပါ။ အင်ဂျင်ပါဝါ အလွန်ကောင်းတဲ့ စက်ခေါင်း အသစ်စက်စက်ကြီးတွေပေါ့။ နောက်ဆုံးပေါ် နည်းပညာတွေနဲ့ ပေါင်းစပ်ထားတဲ့ မီးရထားစက်ခေါင်းကြီးတွေပါ။ သံလမ်းပေါ်မှာ ပြေးခွင့်ရမယ့် မီးရထားစက်ခေါင်းကြီးတွေပေါ့။

မနက်ဆိုရင် ခပ်လှလှကောင်မလေးတွေ အရောင်းပြခန်းထဲကို ရောက်လာတယ်။ ကျွန်တော်တို့ကို ဖုန်တွေ သုတ်တယ်။ ပြီးရင် အရောင်တင်တယ်။ နောက်ထပ် စကတ်တိုတိုနဲ့ ကောင်မလေးတွေ ရောက်လာပြန်တယ်။ ကျွန်တော်တို့ အနားမှာ ရပ်တယ်။ ကျွန်တော်တို့ကို လာကြည့်တဲ့ အဝယ်တော်တွေကို ကျွန်တော်တို့ အကြောင်းရှင်းပြတယ်။

''ဒီစက်ခေါင်းတွေက မြင်းကောင်ရေအား အကောင်းဆုံးပဲ။ နောက်ဆုံးပေါ် နည်းပညာနဲ့ တပ်ဆင်ထားတာ။ ကီလိုမီတာ ငါးသန်းအထိ လှည့်ကြည့်စရာမလိုဘူး။ မီးရထားအတွဲတွေ အများကြီးကို ဆွဲနိုင်တယ်။ ခရီးအဝေးကြီးထိလည်း သွားနိုင်တယ်။ အင်ဂျင်မှာ ရေလဲစနစ် အလွန်ကောင်းတာကြောင့် အင်ဂျင်လည်း မပူဘူး''

လာသမျှလူတွေကို ကျွန်တော်တို့အကြောင်း ရှင်းပြနေတိုင်း ကျွန်တော်တို့ အရမ်းပျော်ကြတယ်။ စိတ်ထဲမှာလည်း 'ငါ့ကွ'ဆိုပြီး အရမ်းကျေနပ်မိတယ်။ တော်တော် အသုံးဝင်တဲ့ 'ငါပဲ'ဆိုပြီး သံလမ်းပေါ်မှာ ပြေးချင်စိတ်တွေ၊ မီးရထားတွဲတွေကို ဆွဲပြီးပြေးလိုက်ချင်တဲ့စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာတော့တယ်။

ဒီလိုနဲ့ နောက်တစ်နေ့မနက် ရောက်လာတယ်။

ကောင်မလှလှလေးတွေ ဖုန်လာသုတ်တယ်။ ပြီးတော့ အရောင်တင်တယ်။ နောက်ထပ် ကောင်မလှလှလေးတွေ၊ မော်ဒယ်ဂဲလ်လေးတွေ ကျွန်တော်တို့အနားမှာ လာရပ်တယ်။ ဝယ်ယူမယ့်သူတွေကို ရှင်းပြတယ်။

ကျွန်တော်တို့ စိတ်ထဲမှာ တော်တော်ပျော်မိတယ်။

ကျွန်တော်တို့မှာရှိတဲ့ စွမ်းအားတွေနဲ့ လောကကြီးကို အကျိုးပြုလိုက်ချင်တာ။

ကျွန်တော်တို့ရဲ့ အသုံးကျမှုကို အသုံးချခံချင်လိုက်တာ။

ခရီးသွားတွေရဲ့ အကျိုးကို သယ်ပိုးချင်လိုက်တာ။

နှင်းတွေပဲ ရွှဲရွှဲ။ မိုးတွေပဲ ရွာရွာ။ မုန်တိုင်းတွေပဲ ကျကျ။ ဘယ်လောက်ပဲ ပူလောင်ပူလောင်။ သံလမ်းဆိုတဲ့ ပြေးလမ်းကြီးပေါ်မှာ လူတွေကို သယ်ပြီး သူတို့ သွားချင်တဲ့ခရီးကို အရောက်ပို့ပေးချင်လိုက်တာ။

ကျွန်တော်တို့မှာ စွမ်းအားတွေ အဆင့်သင့် ရှိနေကြတယ်လေ။

ဒီလိုနဲ့ နောက်တစ်နေ့ ရောက်လာပြန်တယ်။

လှလှပပ ကောင်မလေးတွေ ဖုန်လာသုတ်ပြန်တယ်။ အရောင်တင်ပြန်တယ်။ ပြီးတော့ သိပ်ချော၊ သိပ်လှတဲ့ ကောင်မလေးတွေက ကျွန်တော်တို့ အနားတွေ လာတယ်။ သူတို့လက်ထဲမှာ ဖိုင်တွဲလေးတွေပါတယ်။ အဲ့ဒီ ဖိုင်တွဲတွေထဲမှာ ကျွန်တော်တို့ရဲ့ အရည်အချင်းတွေ မှတ်တမ်းတင်ထားတယ်။ ဝယ်ယူလိုသူတွေကို ကျွန်တော်တို့အကြောင်းရှင်းပြဖို့ ဖိုင်တွဲထဲက ကျွန်တော်တို့အကြောင်းကို အလွတ်ကျက်နေကြတယ်။

ဒီလိုနဲ့ နောက်တစ်နေ့…။

ဒီလိုနဲ့ နောက်တစ်လ…။

ဒီလိုနဲ့ နောက်တစ်နှစ်…။

အချိန်တွေ ကြာခဲ့ပေါ့။ ကျွန်တော်တို့ရဲ့အရည်အချင်းတွေ၊ ကျွန်တော်တို့ရဲ့ အစွမ်းအစတွေဟာ ဒီအရောင်းပြခန်းတွေထဲမှာပဲ ပြီးဆုံးနေသလို ခံစားလာရတယ်။

အရည်အချင်းဆိုတာ အသုံးချခွင့်မရရင် အလကားပဲ။

အစွမ်းအစဆိုတာ ဖော်ထုတ်ခွင့်မရရင် အပိုပဲ။

သံလမ်းကြီးပေါ်မှာ ပြေးချင်လိုက်တာ။ ခရီးသွားတွေကို သူတို့သွားချင်တဲ့ ခရီးအဝေးကြီးအထိ သယ်ပို့ပေးချင်လိုက်တာ။ ကုန်ပစ္စည်းတွေကို တစ်နေရာက တစ်နေရာ ရောက်အောင် ပို့ပေးချင်လိုက်တာ။ ဘယ်လောက်ပဲ ကြမ်းတမ်းတဲ့ခရီး ဖြစ်ပါစေ။ ကူညီချင်လိုက်တာ။

ဒီလိုနဲ့… တစ်နေ့မှာပေါ့။

အဝယ်တော် ကိုယ်စားလှယ်တစ်ဖွဲ့ ရောက်လာတယ်။ အရောင်းစာရေးမ ခပ်ချောချောကောင်မလေးက ကျွန်တော်တို့ရဲ့အရည်အချင်းတွေကို အမြှုပ်ထွက်မတတ် ရှင်းပြရှာတယ်။ အာမခံချက်တွေလည်း ပေးတယ်။ ဝယ်မယ့်သူတွေက ကျွန်တော်တို့အားလုံးကို အသေအချာ စစ်ဆေးတော့တယ်။ အပေါ်ကကြည့်လိုက်။ ဘေးကကြည့်လိုက်။ အောက်က ကြည့်လိုက်နဲ့။ စုံနေတာပါပဲ။ အင်ဂျင်ခန်းထဲကို ဝင်ကြည့်လိုက်။ အင်ဂျင်အဖုံးကို ဖွင့်နှိုင်းလိုက်။

ကျွန်တော်တို့ ရင်တွေအရမ်းခုန်တာပဲ။ ကျွန်တော်တို့ကို အသုံးချတော့မလားမသိဘူး။ ကျွန်တော်တို့ဟာ အင်ဂျင်ပါဝါကောင်းတဲ့ စက်ခေါင်းတွေဖြစ်ပေမယ့် ဒီကနေ့အထိ သံလမ်းပေါ်မှာ မပြေးဖူးသေးဘူး။ သံလမ်းဆိုတာလည်း ကောင်း

ကောင်း မမြင်ဘူးသေးဘူး။ အရောင်းပြခန်းထဲက အရောင်းစာရေးမလေးတွေ ပြောလို့သာ မီးရထားစက်ခေါင်းလို့ ကိုယ့်ကိုကိုယ် သိရတာပါ။ သေချာတွေးကြည့်ရင် ရှက်စရာ တော်တော်ကောင်းလိုက်တယ်။ အရောင်းပြခန်းထဲမှာ အနေကြာလာတော့ ကိုယ့်ကိုကိုယ် သိမ်ငယ်လာတယ်။ ဒီနေ့များ ကျွန်တော်တို့ကို ဝယ်သွားမလား မသိဘူး။

ကံကောင်းလိုက်တာ။

ကျွန်တော်တို့အထဲက ကျွန်တော့်ကိုမှရွေးပြီး သူတို့ ဝယ်သွားကြတော့တယ်။ ကျွန်တော် ဆုတောင်းပြည့်ပြီ။ ကျွန်တော်သံလမ်းပေါ် ပြေးခွင့်ရပြီ။ လူသားတွေအကျိုး ကျွန်တော် သယ်ပိုးခွင့်ရပြီ။ ခရီးသွားတွေရဲ့ ဆန္ဒကို ကျွန်တော်ဖြည့်ဆည်းခွင့်ရပြီ။ တစ်နေရာကတစ်နေရာ သွားချင်နေတဲ့သူတွေ၊ တစ်နေရာက တစ်နေရာ ရောက်ချင်နေတဲ့ ပစ္စည်းတွေအားလုံးကို ကျွန်တော် စွမ်းအားနဲ့ စွမ်းဆောင်ပေးခွင့်ရပြီ။ အရမ်းပျော်တာပဲ။

ကျွန်တော်ဟာ သံလမ်းတွေ အလွန်ရှုပ်ထွေးနေတဲ့ မြို့ကြီးတစ်မြို့ကို ရောက်သွားပါတော့တယ်။ ဘူတာရုံကလည်း အကြီးကြီးပဲ။ လူတွေဆိုတာကလည်း များမှများ။

ကျွန်တော်ကို သံလမ်းတစ်ခုပေါ်မှာ ထားလိုက်ကြတယ်။ နောက်ကို လှည့်ကြည့်လိုက်တော့-

အားပါးပါး မီးရထားတွဲတွေ အများကြီး ငါဆွဲရမှာပါလား။ ကြည့်စမ်း ကြည့်စမ်း။ လူတွေ တွဲပေါ်ကို တက်လာလိုက်ကြတာ။ သူတို့သွားချင်တဲ့ ခရီး၊ သူတို့ ရောက်ချင်တဲ့နေရာ၊ သူတို့ရင်ထဲက မျှော်လင့်ချက်တွေကို ငါ ဖြည့်ဆည်းခွင့် ရတော့မယ်။

"ဘော်ဘူး ဘော် ဘော်ဘူး ဘော်"

ကျွန်တော် ကြွေးကြော်လိုက်တယ်။ ကျွန်တော် ရှန်းထလိုက်တယ်။ ကျွန်တော် ပြေးလွှားလိုက်တယ်။ အင်ဂျင်ကလည်း အသစ်၊ ပါဝါကလည်း အပြည့်ဆိုတော့ ဒီလောက် မီးရထားတွဲဟာ ကျွန်တော့်အတွက် အပမ်းမကြီးပါဘူး။ ကျွန်တော်ဟာ သံလမ်းပေါ်မှာ ပျော်ရွှင်စွာပဲ ပြေးလွှားနေမိပါတော့တယ်။

တစ်နာရီလောက်လည်း ကြာရော…

ကျွန်တော် စထွက်ခဲ့တဲ့ ဘူတာကို ပြန်ရောက်လာပါတော့တယ်။

ခရီးသည်တချို့ ဆင်းသွားကြတယ်။ ခရီးသည်တချို့ တက်လာကြတယ်။

ပြီးတော့ ကျွန်တော်ဟာ အရင်ပြေးခဲ့ရတဲ့ သံလမ်းပေါ်မှာ ပြန်ပြီးပြေးရတယ်။ တစ်နာရီလောက်ကြာတော့ ဒီဘူတာကို ပြန်ရောက်တယ်။

ကျွန်တော့်ရဲ့ စွမ်းအားကို ကျွန်တော် အပြည့်အဝ အသုံးချခွင့်မရဘူး။ ကျွန်တော့်ရဲ့ အင်ဂျင်ပါဝါနဲ့ဆို ကမ္ဘာကြီးကိုတောင် ပတ်နိုင်ပါတယ်။ အားလုံးကို ဒီထက်ကူညီနိုင်တယ်။ အခုတော့...

ဒီနေရာက ထွက်။ တစ်နာရီလောက်ကြာ ဒီနေရာကို ပြန်ရောက်။


ဒီနေရာက ထွက်။ တစ်နာရီလောက်ကြာ ဒီနေရာကို ပြန်ရောက်။

ကျွန်တော် ဒီ့ထက်မက အလုပ်လုပ်ချင်ပါတယ်။ ကျွန်တော် ဒီထက်မက လည်း လုပ်နိုင်ပါတယ်။ ကျွန်တော့်မှာရှိတဲ့ အရည်အချင်းတွေအားလုံးကို အပြည့်အဝ အသုံးချခွင့် ရချင်လိုက်တာဗျာ။

အခုတော့...

ကျွန်တော်က 'မြို့ပတ်ရထား'ဖြစ်နေရတာကိုး။

*ရွှေမန္တလေးဂျာနယ်*
*၂၀၀၁၊ ဇန်နဝါရီ*


သုည

ငွေရှာနိုင်တာ တစ်ခုတည်းနဲ့

လူတစ်ယောက်ကို

တော်တယ်၊ ကောင်းတယ်လို့ မဆုံးဖြတ်ရဘူး။

ရှာထားတဲ့ ငွေတွေကို

ဘယ်လိုသုံးသလဲ၊ ဘယ်နေရာမှာသုံးသလဲ၊

ဘယ်လိုရည်ရွယ်ချက်နဲ့သုံးသလဲ… ဆိုတာနဲ့

လူတစ်ယောက်ရဲ့ အရည်အချင်းကို

တိုင်းတာရတယ်။

# သုည

ကျွန်တော့်မှာ ငယ်သူငယ်ချင်းတွေ အများကြီးရှိတယ်။ ကျွန်တော်က မန္တလေးသားဆိုတော့ မန္တလေးမှာ မိတ်ဆွေ မရှားဘူး။ ကျွန်တော့်သူငယ်ချင်းတွေထဲမှာ ဆိုက္ကားနင်းတဲ့သူလည်းပါသလို ပိုက်ဆံရှိ သူဌေးတွေလည်း ပါတယ်။ လုပ်ငန်းရှင်တွေလည်း ပါတယ်။

ကျွန်တော့်သူငယ်ချင်းတွေထဲက 'သန်းအေး'အကြောင်း ပြောပြချင်တယ်။ သူက အလွန်အလုပ်ကြိုးစားတယ်။ လွန်ခဲ့တဲ့ အနှစ် (၂၀)လောက်တုန်းက ကျွန်တော့်မှာ သွားစရာ၊ လာစရာဆိုလို့ စက်ဘီးတစ်စီးပဲ ရှိတယ်။ 'သန်းအေး'မှာ 'ဆန်နီ'ကားရှိတယ်။ သူက 'ဆန်နီ'ကားဝယ်လာပြီး မန္တလေးက 'ဘိုးဘိုးကြီး-နတ်နန်း'ကို သွားပြတယ်။ ကျွန်တော့်ကို ခေါ်သွားတယ်။ 'နတ်နန်း'မှာ သူက ဆုတောင်းတယ်။ နောက်တစ်ခါ 'ဗင်ကား'နဲ့လာပြီး 'နတ်'ပြနိုင်ပါရစေတဲ့။

'သန်းအေး'က ပွဲစားလုပ်ငန်းလုပ်တယ်။ သကြားစက် ထောင်တယ်။ စီးပွားဖြစ်တယ်။ ဒီတော့ မကြာခင်မှာပဲ သူ့ဆုတောင်းပြည့်တယ်။ ဒီကောင်ကြီး 'ဗင်ကား'ဝယ်တော့ သူနဲ့ကျွန်တော် မြစ်ကြီးနားမြစ်ဆုံအထိ သူ့ကားနဲ့ ခရီးသွားကြတယ်။ တစ်ယောက်တစ်လှည့် မောင်းကြတယ်။

'သန်းအေး'က 'ဗင်ကား' မောင်းရင်း ပြောတယ်။

"ငါ နောက်သုံးလေးလဆိုရင် 'မက်(ခ်)တူးကား' ပြောင်းစီးမှာ"

"မင်းက… ကားအရူးပဲ"

"ကားအရူး မဟုတ်ဘူး။ ကားသရဲကွ။ ကားကောင်းကောင်း မောင်းရတဲ့

အရသာကို မင်းမှ မသိဘဲ။ ငါက ပိုက်ဆံစုမိရင် ဒီထက်ကောင်းတဲ့ ကားကို ပြောင်းစီးမှာ''

'သန်းအေး'က အလုပ်ကြိုးစားသူဆိုတော့ မကြာခင်မှာပဲ 'မက်(ခ်)တူးကား' ကို ဝယ်လိုက်နိုင်တယ်။ ကောင်းလိုက်တဲ့ကား။ သူကားနဲ့ ကျွန်တော်တို့ သူငယ်ချင်းတွေ ပုဂံကို ဘုရားဖူးထွက်ခဲ့ကြတယ်။

မကြာပါဘူး။ နောက် (၂)နှစ်လောက်နေတော့ 'မက်(ခ်)တူးကား'ကို ရောင်းလိုက်တယ်။ သိန်းထောင်ချီပေးရတဲ့ 'ပါရာဒိုကား'ကို ဒီကောင် ဝယ်လိုက်တယ်။ သူကလည်း စီးပွားအလွန်ဖြစ်တယ်။ သူ့သကြားလုပ်ငန်းကလည်း အောင်မြင်တယ်။ မြေအပေါင်ခံတာတွေကလည်း အဆင်ပြေတယ်။ ဒီတော့ ဒီကောင် ကားဝယ်နိုင်တာ မဆန်းဘူး။ သူ့'ပါရာဒိုကား'ကြီးနဲ့ ကျွန်တော်တို့ 'ကျိုက်ထီးရိုး'ကို သွားခဲ့ကြတယ်။ သူနဲ့ကျွန်တော် တစ်ယောက်တစ်လှည့်စီ မောင်းတယ်။ ကားပေါ်မှာ သူ့မိသားစု ကျွန်တော့်မိသားစုပါတယ်။

''ငါက 'လင်ခရူဆာ' စီးချင်တာကွ''

''မင်းက စီးနိုင်မှာပါကွာ''

''ကားဆိုတာ တန်ဖိုးကြီးရင် ကြီးသလောက် ဇိမ်ရှိတာ။ မောင်းရတာလည်း သက်သာတယ်။ စိတ်ပျော်ရွှင်စရာလည်း ကောင်းတယ်။ ငါက ကားကောင်းကောင်းနဲ့ ကမ္ဘာပတ်ပြီး မောင်းချင်တဲ့အကောင်''

သူ့စကားက အမှန်ပါပဲ။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကလေးကစားစရာတွေဝယ်ရင် ဒီကောင်က ကားမှကား။ ဒီအရွယ်ထိ ကားအရူး၊ရူးတဲ့အကောင်။

ဒီလိုနဲ့ သူဝယ်ချင်တဲ့၊ သူစီးချင်တဲ့ 'လင်ခရူဆာကား'ကို ဒီကောင် ဝယ်လိုက်နိုင်တယ်။ ကားက 'နို့နှစ်ရောင်'လေး ။ ကားပေါ်ကို တက်ပြီးထိုင်လိုက်ရတာကိုက ဘဝင်မြင့်သွားသလို ခံစားရတယ်။ 'လင်ခရူဆာကား'ရဲ့ အဆောင်အယောင်က ကြောက်စရာကောင်းလိုက်တာ။ သူဝယ်လာတဲ့ 'လင်ခရူဆာကား'ကို သူနဲ့ ကျွန်တော် တစ်လှည့်စီမောင်းပြီး တောင်ကြီးကို တက်ခဲ့ကြတယ်။

'လင်ခရူဆာ'ကြောင့် လူက အလိုလိုနေရင်း 'ဘဝင်မြင့်'သလို ခံစားလာရတယ်။ လမ်းပေါ်က လူတွေကို ကိုယ်နဲ့ အဆင့်အတန်းမတူသလိုလို ၊ အဆင့်မရှိတဲ့ လူတွေလိုလို မြင်နေမိတယ်။ အဆောင်အယောင်ဟာ လူကို ရူးသွပ်စေတာတော့ အမှန်ပဲ။ 'သန်းအေး'ကားကို ကျွန်တော်က 'ကပ်'ပြီး လိုက်ရတဲ့အကောင်။ ဒါတောင်မှ ဒီလောက်ဘဝင်မြင့်သေးရင် 'သန်းအေး'ဆိုတဲ့ ကျွန်တော့်သူငယ်ချင်း

ဘယ်လောက်များ ဘဝင်မြင့်လိုက်မလဲ။ စဉ်းစားကြည့်ပါတော့ဗျာ။

'လင်ခရူဆာကား'ဝယ်ပြီးလို့ လေးငါးလလောက်လည်း နေရော 'သန်းအေး' တစ်ယောက် သွေးတိုးရောဂါနဲ့ ဦးနှောက် သွေးကြောပြတ်ပြီး ဆုံးရှာတယ်။ ကျွန်တော် တော်တော်တုန်လှုပ်သွားတယ်။

သူ့ရဲ့ အသုဘက အရမ်းကို စည်ကားတယ်။ သူက မိတ်ဆွေများသူဆိုတော့ သူ့အသုဘမှာ အလုပ်သမားတွေကစလို့ သူ့ငယ်သူငယ်ချင်းတွေ၊ ငယ်ငယ်တုန်းက ဆရာတွေ၊ ဆရာမတွေ သူ့နာရေးကို လိုက်ပို့ကြတယ်။ 'သန်းအေး'ရဲ့မိန်းမက ငိုလိုက်တာ။ သူတို့မိသားစုဆိုတာ ကောင်းကင်ကြီး ပြိုမတတ် ခံစားကြရရှာတယ်။

□

အသုဘ ပို့တဲ့နေ့ကအကြောင်းကို ကျွန်တော် ပြောပြချင်တယ်။ 'သန်းအေး'အလောင်းကို 'ပြဟ္မစိုရ်ကား'ပေါ်မှာ တင်ထားတယ်။ သူ့မိသားစုက 'စူပါရှ(ဖ်)'ကားနဲ့။ 'သန်းအေး'အလောင်းကိုတင်ထားတဲ့ 'ပြဟ္မစိုရ်ကား'အနောက်က လိုက်လာတယ်။

'သန်းအေး' မိန်းမက ပြောတယ်။

''ကျွန်မယောကျ်ားက 'လင်ခရူဆာကား'ကို အရမ်းကြိုက်တာ။ ဒါပေမယ့် သူ့အလောင်းကို ဒီကားနဲ့ မပြင်ကြဘူး။ မတင်ကြဘူး။ လူတိုင်းစီးတဲ့ 'ပြဟ္မစိုရ်ကား' နဲ့ပဲတင်ရတယ်။ ပြင်ရတယ်။ တရားကျစရာ ကောင်းလိုက်တာရှင်။ ဒီတော့ သူ့ အသုဘမှာ သူ့သူငယ်ချင်းနဲ့ သူ့ဆရာတွေကို ဒီကားပေါ်မှာတင်ပြီး သူ့အသုဘကို လိုက်ပို့ပေးကြပါ။ 'ကိုဘုန်း' ရှင်က ဒီကားကို မောင်းပေးပါနော်''

'သန်းအေး'ရဲ့ 'လင်ခရူဆာ'ကားကို ကျွန်တော်က မောင်းတယ်။ ကျွန် တော်ရဲ့ဘေးမှာ ကျွန်တော်တို့ရဲ့ (၁၀)တန်းတုန်းက ငယ်ဆရာဖြစ်တဲ့ ဆရာ 'ဦးခင် မောင်ကြည်'ပါတယ်။ ကားနောက်ခန်းမှာတော့ 'သန်းအေး'ရဲ့ သူငယ်ချင်းတွေ ဖြစ်တဲ့ စီးပွားရေးသမားတွေ၊ သူဌေးပေါက်စတွေပါတယ်။

'သန်းအေး'ရဲ့ အသုဘပို့ရင်း ကားပေါ်မှာ ကျွန်တော်တို့ရဲ့ ငယ်ဆရာက ကျွန်တော်တို့အရွယ်မှာ သတိပြုသင့်တဲ့ လောကနေထိုင်နည်း 'ပုံပြင်လေးတစ်ပုဒ်' ပြောပြတယ်။

□

မင်းတို့လို အသက် (၄၀)ကျော် (၅၀)ကျော် စီးပွားရှာနေတဲ့ လူတွေ အတွက် သတိပြုသင့်တဲ့ ပုံပြင်လေးတစ်ပုဒ် ငါပြောပြမယ်။ ဒီပုံပြင်က ဟိန္ဒူကျမ်းရှ

ပုံပြင်တစ်ခုပဲ။

တစ်ခါတုန်းက…

အသက် (၄၀) ကျော် သူဌေးပေါက်စလေးတစ်ယောက် ရှိတယ်။ သူဟာ အလုပ် အရမ်းကြိုးစားတယ်။ စီးပွားရှာတယ်။ ပိုက်ဆံရှာတယ်။ မသုံးဘူး။ စုတယ်။ ဒီတော့ တဖြည်းဖြည်းနဲ့ ကြီးပွားလာတာပေါ့။ ဒီလိုနဲ့ တစ်နေ့မှာ ကုန်ကူးသွားရင်း လမ်းမှာ ဓားပြအတိုက်ခံရတယ်။ ဘယ်လောက်ထိမျှား သူ့ဥစ္စာကို မက်မောသလဲ ဆိုရင် ဓားပြတွေကို သူပိုင်တဲ့ပစ္စည်း မပေးချင်ဘူး။ ဓားပြတွေလက်က လွတ်အောင် ထွက်ပြေးတယ်။

ကံကောင်းတယ်လို့ ဆိုရမယ်။ ဓားပြတွေရဲ့လက်က လွတ်သွားတယ်။ ခြေဦးတည့်ရာပြေးရင်းနဲ့ ကျောက်ဂူကြီးတစ်ခုထဲကို ရောက်သွားတော့တယ်။ အဲ့ဒီ ကျောက်ဂူကြီးထဲမှာ သူဟာ လေးငါးရက်လောက် ပုန်းခိုနေရတယ်။ ဗိုက်ဆာလာတော့ ကျောက်ဂူကြီးထဲမှာရှိတဲ့ သစ်ဥ၊ သစ်ဖု၊ သစ်ရွက်တွေ ရှာစားပြီး အသက်ရှင်အောင် ကြိုးစားခဲ့ရတယ်။ ဂူထဲမှာ အစာရှာဖို့ သွားရင်းလာရင်းနဲ့ တစ်နေရာမှာ အိုးကြီး (၃)လုံး သွားတွေ့တယ်။

အဲ့ဒီအိုးကြီးတွေဟာ သောက်ရေအိုးကြီးကြီး အရွယ်လောက်ရှိတယ်။

ပထမအိုးကို ဖွင့်ကြည့်လိုက်တယ်။ အားလားလား ရွှေတုံးတွေ အပြည့်ပါတယ်။

ဒုတိယအိုးကို ဖွင့်ကြည့်ပြန်တယ်။ စိန်တွေ၊ နီလာတွေ၊ ပုလဲတွေ၊ ရတနာ တွေ အပြည့်ပါတယ်။

တတိယအိုးကို ဖွင့်ကြည့်တယ်။ ရွှေဒင်္ဂါးပြား နည်းနည်းလောက်ပဲပါတယ်။ အိုးရဲ့ 'ဖင်ကပ်'လောက်ပဲပါတယ်ပေါ့ကွာ။

ဒီအိုးကြီး (၃)လုံးကို သူ့အိမ်ကို သယ်တယ်။ လုံခြုံတဲ့နေရာမှာ ဖွက်ထား တယ်။ အဲ့ဒီအိုးသုံးလုံးထဲက တတိယအိုးဟာ ရွှေဒင်္ဂါးပြားတွေ 'ဖင်ကပ်'လောက်ပဲ ပါတာကို သူ မကျေနပ်ဘူး။ ဒီအိုးကို ရွှေဒင်္ဂါးပြားအပြည့် ဖြည့်မယ်ဆိုပြီး အလုပ်ကို အရင်ကထက် သုံးလေးဆကြိုးစားပြီး လုပ်တယ်။ ရတဲ့ငွေတွေကို ရွှေဒင်္ဂါးပြား လုပ်တယ်။ ပြီးတော့ အဲ့ဒီအိုးထဲကို ဖြည့်တယ်။

အသက် (၄၀)ကျော်လောက်ကနေပြီး ရွှေဒင်္ဂါးပြားဖြည့်လိုက်တာက အသက် (၆၀)ကျော်လာတယ်။ ရွှေဒင်္ဂါပြား အိုးတစ်ဝက်လောက်ရလာတယ်။ အဲ့ဒီလို စုရင်း၊ ဆောင်းရင်းနဲ့ ရှာတဲ့ငွေလည်း မသုံးရက်၊ ရှိတဲ့ငွေလည်း မသုံးရက်။ နေ့တိုင်း နေ့တိုင်း အလုပ်လုပ်တိုင်း ရွှေဒင်္ဂါးပြားစုဖို့ သူကြိုးစားတယ်။

လိုရင်း ပြောကြပါစို့ကွာ။ ရွှေဒဂၢါးပြားတွေ အိုးတစ်ဝက်လောက် ရောက်တဲ့ အချိန်မှာ ဒီသူဌေးလေး ဆုံးရှာတယ်။

ကဲ… ငါတို့ စဉ်းစားကြည့်ကြရအောင်။

ငါတို့ ဘာအတွက် အလုပ်လုပ်နေကြတာလဲ။

ငါတို့ ဘာမျှော်လင့်ချက်နဲ့ အလုပ်လုပ်နေကြတာလဲ။

ငါတို့ ဘာရည်ရွယ်ချက်နဲ့ ငွေရှာနေကြတာလဲ။

ငါတို့ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဒီငွေတွေကို စုဆောင်းနေကြတာလဲ။

မပြည့်သေးတဲ့ အိုးကို ပြည့်ဖို့ ဖြည့်ရင်း ဖြည့်ရင်းနဲ့ အသက်တွေကြီးလာတယ်။ အိုးကလည်း မပြည့်နိုင်ဘူး။ ဒီလိုနဲ့ သေသွားကြတယ်။ လူဖြစ်ရကျိုး မနပ်လိုက်တာ။

လူတွေဟာ အလုပ်လုပ်ကြတယ်။

ပိုက်ဆံရဖို့ အလုပ်လုပ်ကြတယ်။

ပိုက်ဆံလိုချင်လို့ အလုပ်လုပ်ကြတယ်။

အလုပ်ကို လုပ်ချင်လို့ လုပ်နေကြတာ မဟုတ်ဘူး။

ငွေလိုချင်လို့၊ ပိုက်ဆံလိုချင်လို့၊ အောင်မြင်မှု လိုချင်လို့၊ ကျော်ကြားချင်လို့ လုပ်နေကြတာ။ ဒါဆိုရင် အဓိပ္ပာယ်မဲ့တယ်ကွာ။

လူအစစ်ဆိုတာ အဓိပ္ပာယ်ရှိရှိ ရှင်သန်နေထိုင်ရတယ်။

ငွေရှာနိုင်တာ တစ်ခုတည်းနဲ့ လူတစ်ယောက်ကို တော်တယ်။ ကောင်းတယ်လို့ မဆုံးဖြတ်ရဘူး။ ရှာထားတဲ့ငွေတွေကို ဘယ်လိုသုံးသလဲ၊ ဘယ်နေရာမှာသုံးသလဲ၊ ဘယ်လို ရည်ရွယ်ချက်နဲ့ သုံးသလဲဆိုတာနဲ့ လူတစ်ယောက်ရဲ့ အရည်အချင်းကို တိုင်းတာရတယ်။

ငါတို့ ဒီ 'မြေကြီး'ကို အမြဲနင်းနေတယ်။

ဒီမြေကြီးနင်းခအတွက် လောကကောင်းကျိုး သယ်ပိုးသင့်တယ်။

ငါတို့ ဟောဒီ 'လေ'ကို အမြဲရှူနေတယ်။

လေရှူခအတွက် လူသားအကျိုး သယ်ပိုးသင့်တယ်။

ဒီမယ် မှတ်ထားကြ။

လက်ညှိုးညွှန်ရာ စေစားနိုင်တဲ့ ရှင်ဘုရင်ကြီးပဲ ဖြစ်ဖြစ်၊ သုံးမကုန်၊ ဖြုန်းမကုန်တဲ့ မဟာသူဌေးမင်းကြီးပဲ ဖြစ်ဖြစ်၊ အရာရာကို သိစွမ်းနိုင်တဲ့ မဟာပညာကျော်ကြီးပဲဖြစ်ဖြစ်၊ လူသားကောင်းကျိုး မသယ်ပိုးသေးသ၍ ဘုရားရှေ့မှာတော့ 'သုည'ပဲ။

ဒီတော့ ငါ့တပည့်တွေ။
မင်းတို့ဟာ အသက်က (၄၀)ကျော် (၅၀)ကျော်။
လောကအတွက် အကောင်းဆုံးတွေကို လုပ်နိုင်တဲ့အချိန်ကို ရောက်နေပြီ။
ဘုရားအရှေ့မှာ သူညမဖြစ်ကြစေနဲ့ကွာ။

□

ဆရာပြောတဲ့စကားကို နားထောင်ရင်း ကျွန်တော်ဟာ 'သန်းအေး'ရဲ့ 'လင်ခရူဆာ'ကားကို ဖြည်းဖြည်းနှေးနှေး မောင်းနေခဲ့တယ်။


ဟုတ်တယ်ဗျာ။ 'သန်းအေး'ရဲ့ ဖြစ်ရပ်ကို ကြည့်ပါဦး။ ရှာတယ်။ စုတယ်။ ပြီးတော့ သေတယ်။ သေတော့လည်း ရှာထားသမျှ၊ စုထားသမျှ အားလုံး ထားခဲ့ရတယ်။ ထားခဲ့တာတွေကို သူ့သားသမီးတွေ၊ သူ့ဆွေမျိုးတွေက အဓိပ္ပာယ်မဲ့ သုံးကြလိမ့်မယ်။ ဖြုန်းကြလိမ့်မယ်။ တွေးရင်းတွေးရင်းနဲ့ ကျွန်တော် ချွေးတွေ ပြန်လာတယ်။ 'လင်ခရူဆာ'ကားရဲ့ 'အဲယားကွန်း'ဟာ ကျွန်တော့်ရင်ထဲက ပူလောင်မှုကို ငြိမ်းသတ်မပေးနိုင်ဘူး။

ကျွန်တော်ဟာ လူတွေရှေ့မှာတော့ ဆရာတစ်ယောက်ပါ။ ကျောင်းသားမိဘတွေ လေးစားခံရတဲ့ လူတစ်ယောက်ပါ။ စာဖတ်သူတွေရဲ့ရှေ့မှာတော့ အသိအမှတ်ပြုခံနေရတဲ့ စာရေးသူတစ်ယောက်ပါ။

ဒါပေမယ့်…

ဘုရားရှေ့မှာတော့…။

*မန္တလေးတိုင်းမ်ဂျာနယ်*
*၂၀၀၉၊ အောက်တိုဘာ*


ပုံရိပ်

*Picture* နဲ့  *Image*

သဘောကို နားလည်ရဲ့လား။

*Picture* ဆိုတာ ဒီဓာတ်ပုံတွေကို ပြောတာ။

*Image* ဆိုတာ ရှင့်နှလုံးသားထဲမှာ ရှိနေတဲ့

စွဲလမ်းစိတ်ကို ပြောတာ။

*Picture* တွေကို မီးရှို့ဖျက်ဆီးလိုက်လို့

*Image* တွေက ပျောက်မသွားနိုင်ဘူးနော်။

# ပုံရိပ်

ကျွန်တော့်အိမ်ထောင်သက် အနှစ် (၂၀)ပြည့်တော့မယ်။

ဒီနေရာမှာ ကျွန်တော်ပြောချင်တာလေးတွေ ရှိနေတယ်။

လွန်ခဲ့တဲ့ ၁၉၈၉ မှာ သူနဲ့ကျွန်တော် အိမ်ထောင်ကျခဲ့ကြတယ်။ လက်မထပ်ခင် (၃)လလောက်အလိုမှာ သူနဲ့ကျွန်တော် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပွဲ၊ တွေ့ဆုံပွဲလေး လုပ်ခဲ့ရတယ်။ အိမ်ထောင်ဦးအတွက် ယုံကြည်မှု တည်ဆောက်ပွဲလေးပေါ့။

ရိုးရိုးသားသားပဲ ရေးပြပါရစေ။ ကျွန်တော်နဲ့ သူနဲ့က မန္တလေးတက္ကသိုလ် ဒုတိယနှစ် ကျောင်းသားကျောင်းသူဘဝမှာ တွေ့ခဲ့ကြတယ်။ ချစ်ရေးဆိုခဲ့တယ်။ ရည်းစားဖြစ်ခဲ့တယ်။ တတိယနှစ်ရောက်တော့ သူက 'ပျဉ်းမနား ရေဆင်း တက္ကသိုလ်'ကို စိုက်ပျိုးရေးသိပ္ပံဘာသာရပ်အတွက် ကျောင်းသွားပြီးတက်ရတယ်။ ကျွန်တော်က မန္တလေးတက္ကသိုလ်မှာ 'ဘူမိဗေဒသိပ္ပံ'ဘာသာရပ်နဲ့ ကျောင်းဆက်ပြီး တက်ခဲ့တယ်။ သူနဲ့ ကျွန်တော် ရည်းစားဖြစ်တယ်ဆိုပေမယ့် ကျွန်တော်က သူ့ကွယ်ရာမှာ ရည်းစားတွေ ထပ်ပြီးထားတယ်။ သူကတော့ မသိရှာဘူး။ ကျွန်တော်ထားဖူးတဲ့ ရည်းစားနာမည်တွေတော့ မပြောတော့ပါဘူး။ ပြင်ဦးလွင်ကလည်း ပါတယ်။ ကောလင်း၊ ဝန်းသို၊ မိုးညှင်းဘက်ကလည်း ပါတယ်။ မော်လမြိုင်ဘက်က လည်း ပါတယ်။ မန္တလေးသူ ညိုညိုချောချောတွေလည်းပါတယ်။ ဒါကြောင့် ကျွန်တော်က မိန်းမယူရတော့မယ်ဆိုတော့ ကျွန်တော့်အကြောင်းကို ရိုးရိုးသားသား ဝန်ခံထားချင်တယ်။ အိမ်ထောင်ကျပြီးမှ တက္ကသိုလ်ဇာတ်လမ်းအဟောင်းတွေကြောင့် အိမ်ထောင်ရေးမှာ အထိခိုက် မခံနိုင်ဘူး။

ပြောရဦးမယ်။ ကျွန်တော်က သီချင်းလည်း ရေးတယ်။ သီချင်းလည်းဆို တယ်။ အချစ်ကဗျာတွေလည်း ရေးတယ်။ ဘယ်သူငယ်ချင်းတွေပဲ ရည်းစား ထားထား ကျွန်တော်က သူတို့အတွက် အချစ်ကဗျာတွေ၊ ရည်းစားစာတွေကို ရေးပေးတတ်တယ်။ အပေါင်းအသင်းပေါတယ်။ ချစ်သူပေါတယ်။ ဒီကိစ္စကို ကျွန်တော်ယူမယ့် ကျွန်တော့်ဇနီးလောင်းက သိသင့်သလောက်တော့ သိထားတယ်။ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင် ဖွင့်ပြောမှ ကောင်းမယ်။

ဒီလိုနဲ့….

သူနဲ့ ကျွန်တော် ချိန်းတွေ့ဖြစ်ကြတယ်ပေါ့ဗျာ။ ဒီနေ့ခေတ်လူငယ်တွေကို ပြောရင်တော့ ယုံမယ်မထင်ဘူး။ ကျွန်တော်တို့ ချိန်းတွေ့တဲ့နေရာက အခုဆိုရင် တိုက်ကြီးတွေနဲ့ မြို့ကြီးတောင်ဖြစ်နေပြီ။ သိပ္ပံလမ်းရဲ့တောင်ဘက် စိုက်ပျိုးရေး လယ်ကွင်းထဲတွေက လက်ပံပင်အောက်မှာ ချိန်းတွေ့ကြတာပေါ့။

"နွယ်လေး၊ ဒါ ကိုယ် ထားခဲ့ဖူးတဲ့ ရည်းစားတွေရဲ့ ဓာတ်ပုံတွေပဲ။ သူက မိုးညွှန်းက၊ သူက ပြင်ဦးလွင်က၊ သူက မန္တလေးသူ၊ သူကတော့ မော်လမြိုင်က ရည်းစားဟောင်း။ မင်းကို ကိုယ် ချစ်တယ်။ ဒီတော့ အိမ်ထောင်ကျပြီးတဲ့နောက် ဒီရည်းစားကိစ္စတွေကြောင့် အိမ်ထောင်ရေးမှာ အနှောင့်အယှက် ဖြစ်မှာစိုးတယ်။ ဒါကြောင့် ကိုယ် မင်းကို ဝန်ခံတယ်"

"ဒါ အကုန်ပဲလား။ ဒီလိုပွင့်ပွင့်လင်းလင်းပြောတာ သဘောကျတယ်။ ကျောင်းသားဘဝဆိုတာ ရည်းစားရှိမှာပဲ။ အိမ်ထောင်ကျပြီးရင်တော့ ရည်းစား ထားလို့ မရတော့ဘူးနော်။ ဒီရည်းစားတွေရဲ့ ဓာတ်လမ်းကို ရှင်တကယ် ရပ်ပစ်ဖို့တော့ လိုတယ်။ ရှင့်ရဲ့ စိတ်ဓာတ်ကို ကျွန်မလေးစားတယ်"

"ကိုယ် ဒီဓာတ်ပုံတွေကို မီးရှို့ပြီး ဖျက်ဆီးပစ်လိုက်မယ်နော်"

"ဒါကတော့ ရှင့်သဘောပဲလေ။ ကျွန်မကလည်း ရှင့်ကို ပြောစရာရှိတယ်။ ကျွန်မလည်း ရှင့်လိုပဲ ကျွန်မကိုကြိုက်တဲ့ ယောက်ျားလေးတွေရှိတယ်။ အဲဒါ ရှင် သိအောင် ကြိုပြောထားမယ်။ ရည်းစားတော့ မဖြစ်ခဲ့ပါဘူး။ ဒါပေမယ့် 'အိစီကလီ' တော့ ဖြစ်ခဲ့တာပေါ့"

"ကိုယ် နားလည်မှုရှိပါတယ်။ အိမ်ထောင်တစ်ခု ထူထောင်တယ်ဆိုတာ နှစ် ယောက်ပေါင်းပြီး မိသားစုဘဝကြီးကို တည်ဆောက်ကြတာဆိုတော့ အိမ်ထောင်ရေး ပန္နက် မှန်ဖို့လိုမယ်။ သံသယဆိုတာ မကောင်းဘူး။ သူများပြောလို့ သိရတာထက် ကိုယ်တိုင်ပြောလို့ သိရတာက ပိုပြီး နှစ်သက်စရာကောင်းတယ်။ ကိုယ့်မှာလည်း

အားနည်းချက်တွေ ရှိပါတယ်။ ဒါပေမယ့် ရေရှည်လက်တွဲရမယ့် ဘဝခရီးမှာ ပွင့်လင်းခြင်း၊ ရိုးသားခြင်းတွေနဲ့ စိတ်သန့်သန့် နေထိုင်ချင်တယ်ကွာ။ ဒါကြောင့် ကိုယ့်အနေနဲ့ ဒီလိုဝန်ခံရတာပါ''

ကျွန်တော်က ကျွန်တော့်ရည်းစားဟောင်းတွေရဲ့ ဓာတ်ပုံတွေကို မြေပြင်ပေါ်ကို ချလိုက်တယ်။ ဓာတ်ပုံရဲ့နောက်ကျောမှာ အမှတ်တရရေးထားတဲ့ စာတွေ၊ ကဗျာတွေကို ကျွန်တော်က နောက်ဆုံးအနေနဲ့ ဖတ်နေမိတယ်။ မန္တလေးတောင်ပေါ်မှာ ရိုက်ခဲ့တဲ့ ဓာတ်ပုံတွေ၊ စစ်ကိုင်းတောင်ပေါ်မှာ အတူပျော်ခဲ့တဲ့ ဓာတ်ပုံတွေ၊ ကျောင်းရဲ့ မောင်မယ်သစ်လွင်ကြိုဆိုပွဲတုန်းက အတူတွဲရိုက်ထားတဲ့ ဓာတ်ပုံတွေ အဲ့ဒါတွေကို လွမ်းဆွတ်တဲ့အကြည့်နဲ့ ကြည့်နေမိတယ်။

''ရှင့်ကို ကျွန်မ မေးရဦးမယ်။ ဓာတ်ပုံတွေကို မီးရှို့တာတော့ ဟုတ်ပါပြီ။ ရှင့်စိတ်က ပြတ်သားနိုင်လို့လား။ စဉ်းစားဦးနော်။ အခုတောင် ဓာတ်ပုံတွေကို ကြည့်ပြီး အတိတ်ကို လွမ်းနေလိုက်တာ''

သူပြောတာကို ကျွန်တော်ကြားပါတယ်။ ဒါပေမယ့် ဒီဓာတ်ပုံတွေကို တကယ်တမ်း ဖျက်ဆီးပစ်ရမယ်ဆိုတော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲဗျာ။

''နောက်ဆုံးအနေနဲ့ ကြည့်တာပါကွာ။ ကိုယ်က ယောကျ်ားပါ။ ယောကျ်ားကောင်းတစ်ယောက် ဖြစ်ချင်တယ်။ ကွယ်ရာမှာ မဟုတ်တာ မလုပ်ချင်ဘူး။ မဟုတ်တာ လုပ်မယ်ဆိုရင်လည်း မင်းကို ပြောပြီးမှ လုပ်မယ့်သူပါ''

ကျွန်တော်က အဆင်သင့်ပါလာတဲ့ မီးခြစ်နဲ့ ဓာတ်ပုံတွေကို တစ်ပုံပြီး တစ်ပုံ မီးရှို့ပြီး ဖျက်ဆီးပစ်လိုက်တယ်။

''ဆုတောင်းမပြည့်တဲ့ အချစ်ဟောင်းတို့ရေ… ဒီနေ့ကစပြီး တို့ကို ဘဝ အသစ်တစ်ခု ထူထောင်ခွင့်ပေးပါတော့''

''ရှင့်အသံကြီးကလည်း ကြေကွဲနေလိုက်တာ''

ကျွန်တော်က ဓာတ်ပုံတွေကို မီးရှို့နေရင်းနဲ့ အတိတ်ကိုလွမ်းနေမိတယ်။ သွားခဲ့တဲ့နေရာတွေ၊ စားခဲ့တဲ့နေရာတွေ၊ အတူပျော်ခဲ့ရတဲ့နေရာတွေကို မျက်စိထဲမှာ ပြန်ပြီးမြင်ယောင်နေမိတယ်။ ချစ်သူကိုဘေးမှာထားပြီး ချစ်သူကို မေ့နေမိတယ်။ အဲ့ဒီအချိန်မှာ 'နှယ်လေး'က ပြောတယ်။

''ရှင့်ကိုပြောရဦးမယ်။ ရှင် Picture နဲ့ Image သဘောကို နားလည်ရဲ့လား။ Picture ဆိုတာ ဒီဓာတ်ပုံတွေကို ပြောတာ။ Image ဆိုတာ ရှင့်နှလုံးသားထဲမှာ ရှိနေတဲ့ စွဲလမ်းစိတ်ကို ပြောတာ။ Picture တွေကို မီးရှို့ဖျက်ဆီးလိုက်လို့

Image တွေက ပျောက်မသွားနိုင်ဘူးနော်။ ရှင်ကတော့ Picture တွေကို ဖျက်ဆီးလိုက်ရင် ပြီးသွားပြီလို့ ရှင်ထင်နေတာ။ ရှင်ထဲက Image တွေကို မီးရှို့လို့မှ မရဘဲ။ ဘယ်လောက်ပဲ Picture တွေကို မီးရှို့ပစ်ပစ်၊ Image တွေကတော့ နှလုံးသားထဲမှာ ရှိနေဦးမှာ မဟုတ်လား''

အခု အိမ်ထောင်သက် (၂၀)ရှိပါပြီ။ အဲဒီတုန်းက စကားတွေကို အခုကျွန်တော် ပြန်ပြီးတွေးနေမိတယ်။

ဟုတ်ပါတယ်ဗျာ။


ဘယ်သူမဆို ဓာတ်ပုံတွေကိုသာ မီးရှို့ဖျက်ဆီးပစ်လို့ ရချင်ရမယ်။

ပုံရိပ်တွေကို မီးရှို့လို့ မရနိုင်ဘူးနော်။

အခုတော့ ဓာတ်ပုံတွေ မရှိတော့ပါ။

ဒါပေမယ့် ပုံရိပ်တွေကတော့ ရင်ထဲမှာ...

*ရွှေမန္တလေးဂျာနယ်*
*၂၀၀၉၊ နိုဝင်ဘာ*


ပိတုန်း

❝

အပြောင်းအလဲလုပ်ဖို့သတ္တိရှိရမယ်။

ကြည်လင် နေတဲ့ ဒီမှန်ပြတင်းကို

အရင်ကလို ဖွင့်ထားတယ် အထင်နဲ့

ဖွတ်တိုးပြီး ဖွတ်ကြိုးစားတဲ့

ဝိတုန်းကလေးက တီရစ္ဆာန်မို့လို့ ခွင့်လွှတ်လို့ရတယ်။

ကျွန်တော်တို့က...

❞

# ပိတုန်း

တစ်နေ့တုန်းက ၈၁ လမ်းမှာရှိတဲ့ မင်းမဟာ လက်ဖက်ရည်ဆိုင်ကို ရောက်ခဲ့တယ်။ မနက်ပိုင်းဆိုတော့ လူစည်းကားနေတယ်။ လွန်ခဲ့တဲ့ (၁၀)နှစ် (၁၅)နှစ်ကျော်က တပည့်တွေနဲ့ တွေ့တယ်။ သူတို့နဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဖြစ်တယ်။ စကားပြောကြရင်းနဲ့ အိမ်ထောင်ရေး၊ စီးပွားရေးအကြောင်း ရောက်သွားတယ်။

တပည့်တစ်ယောက်က ပြောတယ်။ ဆိုင်ကယ်ပွဲစား လုပ်တယ်တဲ့။ အဆင်မပြေဘူး။ 'တရုတ်'ဆိုင်ကယ်တွေက အပြင်က ဆိုင်ကယ်တွေထက် ဈေးသက်သာတော့ သူတို့ အလုပ်မဖြစ်ဘူးလို့ပြောတယ်။ ဟိုတုန်းကဆိုရင် အဆင်ပြေတယ်။ ဆိုင်ကယ်တစ်စီးလောက်တည့်ရင် ငါးထောင်၊ တစ်သောင်းရတယ်။ တစ်နေ့ကို တစ်စီးလောက် အဆင်ပြေတယ်။ ဆိုင်ကယ်တွေ လိုင်စင်ချပေးတော့ ပိုက်ဆံလေးဘာလေး စုမိလောက်အောင်ထိ တွက်ခြေကိုက်ခဲ့တယ်။ အခုတော့ အဲဒီလို မဟုတ်တော့ဘူး။ ယောင်ယောင် ယောင်ယောင်နဲ့ ပွဲစားတန်းကိုသွားပြီး စကားပြော၊ လက်ဖက်ရည်သောက်၊ အိမ်ပြန်။ အဆင်မပြေတဲ့ရက်တွေက များပါတယ်။ ဒါပေမယ့် ဆိုင်ကယ်ပွဲစားပဲ လုပ်နေမြဲ လုပ်နေတယ်။

❐

နောက်တစ်ယောက်ကတော့ အိမ်ပွဲစား၊ မြေပွဲစားလုပ်တယ်တဲ့။ သူလည်း အတူတူပါပဲ။ တစ်လနေလို့ ပွဲတစ်ပွဲမတည့်ဘူး။ အိမ်ဝယ်နိုင်တဲ့၊ မြေဝယ်နိုင်တဲ့ လူတွေလည်း မရှိတော့ဘူး ထင်ပါတယ်။ ကိုင်ထားတဲ့ မြေတွေက အများကြီး။ အိမ်တွေက အများကြီး။ နေ့တိုင်းညတိုင်း စိတ်ကူးယဉ်ပြီး ဒီအလုပ်ကိုသာ

လုပ်နေရတယ်။ မြန်မာစကားမှာ ရှိတာယ်မဟုတ်လား။ 'မြေဝယ်မကျ'တဲ့။ မြေဝယ်ရင် ဘယ်တော့မှ မရှုံးဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ဟုတ်တာတော့ ဟုတ်ပါတယ်။ ကိုယ်က ငွေဖော်ချင်ပြီးဆိုရင် မလွယ်ဘူး။ ဈေးလျှော့ပြီး ထိုးရောင်းချင်တာတောင် ဝယ်လက်မရှိဘူး။ ဒီတော့… သူတို့မိသားစု အဆင်မပြေဘူး။ ပွဲတည့်နိုး တည့်နိုးနဲ့ အကြွေးတွေပဲ ထူလာတယ်။ ပူလာတယ်။ ဒါပေမယ့် သူကလည်း အိမ်ပွဲစား၊ မြေပွဲစား အလုပ်ကိုပဲ ကြိုးစားပမ်းစားလုပ်နေတယ်။

□

နောက်တစ်ယောက်က ဆေးကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တယ်တဲ့။ ရတဲ့ လခနဲ့ သွားရလာရတာ တွက်ကြည့်ရင် မကိုက်ဘူး။ ကုမ္ပဏီကပေးတဲ့ ဝတ်စုံလေးနဲ့ လူတွေကသာ အထင်ကြီးနေကြတာ။ အိတ်ထောင်ထဲမှာ လက်ဖက်ရည်ဖိုးတောင် မရှိဘူး။ သူငယ်ချင်းတွေ ကျွေးလို့မွေးလို့သာ ဒီလက်ဖက်ရည်ဆိုင် ရောက်လာတာတဲ့။ ဟိုတုန်းကဆိုရင် လမ်းကြောင်းတစ်ခုကိုသွားတိုင်း ကုမ္ပဏီက ထုတ်တဲ့ဆေးမှန်သမျှ အဆင်ပြေတယ်။ 'ငွေခံ'လို့ရတယ်။ အခုတော့ ငွေစာရင်းစာအုပ်တစ်အုပ်နဲ့ ခရီးပမ်းတာပဲ အဖတ်တင်တယ်တဲ့။ ဒီတော့ အရင်တုန်းကလည်း ဒီဘဝပဲ။ အခု လည်း ဒီဘဝပဲ။ ဒါပေမယ့် ဒီဆေးကုမ္ပဏီ အလုပ်မှာပဲ ဇွဲနဲ့ ဆက်ပြီး အလုပ် လုပ်နေတယ်တဲ့။

□

နောက်တစ်ယောက်အကြောင်း ပြောရဦးမယ်။ သူကတော့ စာသင်တဲ့ ကျူရှင်ဆရာလုပ်တယ်တဲ့။ ကျူရှင်ကျောင်းတွေကလည်း များလိုက်တာ။ ဟိုတုန်းကလို စာသင်ကြားရုံတစ်ခုနဲ့ ကျူရှင်ကို ရွေးချယ်တဲ့ခေတ် မဟုတ်တော့ဘူး။ နေ့ကလေးထိန်းကျောင်းလို တစ်နေကုန်၊ တစ်ညလုံးခေါ်ထားမှ မိဘက နှစ်သက်ကြ တယ်။ စာသင်ပေးရုံမကဘူး စာပါကူကျက်ပေးမှ မိဘတွေက ကြိုက်ကြတယ်။ နားလည်၊လည် မလည်၊လည်၊ သုံးလေးငါးခေါက်ရေးခိုင်းတာကို ပညာရေးလို့ ထင်ကြတဲ့ မိဘတွေများလာတယ်။ တုတ်နဲ့ရိုက်ရဲတာ၊ ရိုက်ရက်တာကို စည်းကမ်း ကောင်းတယ်လို့ယူဆတဲ့ ဆရာတွေ များလာတယ်။ စာကျက်ပြီး အလွတ်ရွတ်ဆို တတ်တာကို ကျောင်းသား တာဝန်လို့ ထင်လာတယ်။ ဒီတော့ စာပြတဲ့ ကျူရှင် လုပ်ငန်းဆိုတာ (၁၀)တန်းအောင်ပြီး သူတိုင်း၊ ဘွဲ့ရတဲ့သူတိုင်း လုပ်နိုင်တဲ့ အလုပ် တစ်ခု ဖြစ်လာတယ်။ ဗီးနိုင်းတွေ ခေတ်ထလာတော့ ကြော်ငြာဆိုတာ သိပ်မခက် တော့ဘူး။ ဒီတော့ သင်တန်းတတ်နိုင်တဲ့ ကျောင်းသားအရေအတွက်ရယ်၊ ကျူရှင်ရယ်

အချိုးချကြည့်ရင် ကျောင်းသားရဖို့ မလွယ်ဘူး။ သိပ်ပြီး အစဥ်အလာကြီးတဲ့ နာမည်ကြီးတဲ့ 'ကြီး'တွေကလွဲလို့ ဘယ်ကျူရှင်မှ ကျောင်းသား ဟုတ်တိပတ်တိ မရှိဘူး။ ဒီကြားထဲမှာ ကျွန်တော့်တပည့်က ကျူရှင်ဆရာ လုပ်တယ်တဲ့ဗျာ။ ကျူရှင်အခန်းငှားခက တစ်လကို (၂)သိန်းခွဲ (၃)သိန်း။ ကျောင်းသားက နှစ်ဆယ်၊ အစိတ်နဲ့ ဘယ်လိုမှ တွက်ခြေမကိုက်တဲ့အလုပ်ကို ကြိုးစားပမ်းစား လုပ်နေရှာတယ်။ သူကလည်း ညည်းရှာတယ်။

□

သူတို့အားလုံးကို ကျွန်တော်က ပိတုန်းလေးတစ်ကောင်အကြောင်း ပြောဖြစ်လိုက်တယ်။

ကျွန်တော်ရဲ့ အိပ်ခန်းထဲမှာ ပိတုန်းတစ်ကောင် ရောက်နေတယ်။

အဲ့ဒီပိတုန်းလေးက ပိတ်ထားတဲ့ မှန်ပြတင်းပေါက်ကို ဖွင့်ထားတယ်ထင်ပြီး အတင်းတိုးတယ်။ ပိတုန်းလေးက တိရစ္ဆာန်ဆိုတော့ အသိဉာဏ်မရှိဘူး။ မှန်ပြတင်းပေါက်က ကြည်လင်နေတာဆိုတော့ ဒီနေရာက အပြင်ကို ထွက်လို့ရမယ်လို့ ထင်နေတယ်။ အဲ့ဒီပိတုန်းလေးက ကြိုးစားပြီး မှန်ပြတင်းပေါက်ကို ဦးခေါင်းနဲ့ သွားသွား ဆောင့်တယ်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်။ အကြိမ်တစ်ရာ နှစ်ရာ သုံးရာမှာ သေပွဲဝင်သွားပါတော့တယ်။ အဲ့ဒီပိတုန်းလေးက ပြတင်းပေါက်ရဲ့ အောက်ညာဘက်ထောင့် မှန်တစ်ချပ် ကွဲနေတာကို မသိလို့ပါ။ အဲ့ဒီအပေါက်က ထွက်ရင် အသာကလေးနဲ့ အပြင်ကို ရောက်သွားနိုင်တယ်လေ။ လေရဲ့ ပူခြင်း၊ အေးခြင်းကို မတွက်ဆတတ်။ တွက်ဆဖို့လည်း မတွေးတောတတ်တဲ့ ပိတုန်းလေးဟာ ကြိုးစားခြင်းကသာလျှင် အောင်မြင်မှုရမယ်လို့ မိုက်မဲစွာ ယူဆထားတတ်တဲ့အတွက် နောက်ဆုံးမှာ အသက်ပါ ဆုံးရှုံးခဲ့ရတယ်။

အဲ့ဒီ ပိတုန်းလေးလို လူတွေ လောကကြီးမှာ အများကြီးရှိတယ်။

သူတို့ဟာ အလုပ်ကြိုးစားတဲ့ ပိတုန်းလေးတွေပါ။

ဘဝပြောင်းချင်ရင် ပါးစပ်ကပြောနေလို့ မဖြစ်ဘူး။ အပြုအမူပြောင်းရမယ်။ စိတ်ပြောင်းရမယ်။ အပြောင်းအလဲလုပ်ဖို့ သတ္တိရှိရမယ်။ ကြည်လင်နေတဲ့ ဒီမှန်ပြတင်းကို အရင်ကလို ဖွင့်ထားတယ် အထင်နဲ့ ဇွတ်တိုးပြီး ဇွတ်ကြိုးစားတဲ့ ပိတုန်းကလေးက တိရစ္ဆာန်မို့လို ခွင့်လွှတ်လို့ရတယ်။ ကျွန်တော်တို့က လူသားတွေပါ။ အသိဉာဏ်ရှိတယ်။ အပြောင်းအလဲကို သတ္တိရှိရှိ လုပ်ရဲရမယ်။ ထွက်ပေါက်ဆိုတာ တစ်နေရာမှာ အမြဲရှိတယ်။

အဲ့ဒီပိတုန်းလေးလို မဖြစ်နိုင်တဲ့ကိစ္စကိုပဲ ဇွတ်အတင်းတိုးပြီး လုပ်နေလို့ကတော့ သေပွဲဝင်ရုံသာပဲ ရှိတော့မှာပေါ့။

ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ပြတင်းတံခါးကို ဖွင့်ထားတယ်ထင်ပြီး ကြည်လင်နေတဲ့မှန်ကို ခေါင်းနဲ့ဝင်တိုးတတ်တဲ့ ပိတုန်းလိုလူတွေကလည်း အများကြီးပါပဲလေ။ နောက်ဆုံးတော့ အရှုံးနဲ့ ရင်ဆိုင်ကြရတာပဲ မဟုတ်လား။

ထွက်ပေါက်ကိုမရှာဘဲ ဇွတ်အတင်းတိုးနေကြတဲ့ ဉာဏ်ရည်နည်းတဲ့ ပိတုန်းလေးကို အတုယူသင့်တယ်။ ထွက်ပေါက်ကို စိတ်အေးအေးနဲ့ တွေ့အောင်ရှာ။ မြင်အောင်ကြည့်။

ရနိုင်သမျှ ထွက်ပေါက်ကနေပြီး လွတ်မြောက်အောင် ကြိုးစားကြပါစို့။

*မန္တလေးတိုင်းမ်ဂျာနယ်*
*၂၀၁၀၊ အောက်တိုဘာ*


ဒရိုင်ဘာ

ခရီးရှည်ကြီးကို သွားချင်တယ်ဆိုရင်...

မြန်မြန်ရောက်ဖို့ထက် မှန်မှန်မောင်းဖို့က

ပိုအရေးကြီးတယ်။

စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊

ပြုပြင်ထိန်းသိမ်းခြင်းတွေနဲ့

ဒရိုင်ဘာကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါ။

# ဒရိုင်ဘာ

မှတ်မှတ်ရရ အဲ့ဒီနေ့က မင်္ဂလာဆောင် (၅)ခုသွားရတယ်။

ကဗျာဆရာ 'မင်းနဒီခ'နဲ့ စာရေးဆရာ 'မိုသျှန်း'တို့ရဲ့ မင်္ဂလာဆောင်တဲ့နေ့ကပေါ့။ တိုက်တိုက်ဆိုင်ဆိုင် မင်္ဂလာဆောင်တွေကလည်း စည်ကားလိုက်တာ။ နှလုံးသားနဲ့ စီးပွားရေး အကျပ်အတည်းပြိုင်ကြတဲ့ပွဲမှာ နှလုံးသားက အနိုင်ယူသွားတဲ့နေ့လေးတစ်နေ့လို့ ပြောရမယ်ထင်တယ်။

ဖြစ်ချင်တော့ မင်္ဂလာဦးည ညှော်ခံပွဲ (၃)ခုက ဖိတ်ကြားထားပြန်တယ်။ အကုန် မသွားနိုင်ပါဘူး။ ညှော်ခံပွဲတစ်ခုကိုသာ ရောက်သွားနိုင်တယ်။ ညှော်ခံပွဲဆိုတော့ ပျော်ကြ၊ ပါးကြ၊ သောက်ကြ၊ စားကြနဲ့ပေါ့။ ဒီလိုနဲ့ မင်္ဂလာဦးသတို့သားနဲ့ သတို့သမီးက မင်္ဂလာဦးည ညှော်ခံစကားပြောပေးဖို့ ကျွန်တော့်ကို ဖိတ်ခေါ်ပါတယ်။ ပါးစပ်ထဲမှာ၊ စိတ်ထဲမှာ ထူးထူးခြားခြား တွေးတောထားတာ မရှိပါဘူး။ အဆင်ပြေသလို ပြောမယ်လို့ပဲ ဆုံးဖြတ်လိုက်တယ်။

"ဒီနေ့ကတော့ တကယ့်နေ့ပါပဲ။ တကယ်တော့ မင်္ဂလာဆောင်တယ်ဆိုတာ ကားတစ်စီး အပိုင်ရလိုက်တာနဲ့တူတယ်။ အိမ်ထောင်တစ်ခုမှာ လင်ယောကျ်ားက မော်တော်ကားနဲ့တူတယ်။ အိမ်ရှင်မက ဒရိုင်ဘာနဲ့တူတယ်။ ဒီကနေ့ညဟာ ဒရိုင်ဘာနဲ့ မော်တော်ကား တွေ့ဆုံတဲ့ညလေးပေါ့"

ညှော်ခံပွဲမှာ ရောက်နေတဲ့သူတွေက မိတ်ဆွေရင်းတွေဆိုတော့ တဝါးဝါးနဲ့ ရယ်မောကြပါတယ်။ သောက်ထားစားထားတဲ့ အရှိန်ကလည်း ရှိတာကိုး။

''တချို့ လင်ယောက်ျားတွေက လေးဘီးကားနဲ့တူတယ်။ ကားက စုတ်တယ်။ ဘော်ဒီက မကောင်းဘူး။ ဘရိတ်က မမိဘူး။ မိုးရွာရင် အလုပ်မဖြစ်ဘူး။ တချို့ လင်ယောက်ျားတွေကျတော့ ဆန်နီကားနဲ့တူတယ်။ တချို့ လင်ယောက်ျားတွေကတော့ လိုင်းကားနဲ့တူတယ်။ တချို့များကျတော့ မက်တူးကားနဲ့တူတယ်။ ပရာဒိုကားနဲ့ တူတယ်။ လင်ခရူဆာကားနဲ့တူတယ်။ မိန်းမတွေကတော့ အဲ့ဒီကားတွေရဲ့ ဒရိုင်ဘာတွေနဲ့ တူတယ်''

အဲ့ဒီအချိန်မှာ ညှော်ခံပွဲထဲက မိတ်ဆွေတစ်ယောက်က ထပြီးပြောတယ်။

''ကျုပ်က ကားပွဲစားနော်''

လူတွေအားလုံးက ရယ်လိုက်ကြပြန်တယ်။

''တချို့မိန်းမတွေက ကိုယ်ရတဲ့ယောက်ျားကို သူများရတဲ့ ယောက်ျားတွေနဲ့ နှိုင်းယှဉ်ပြီး ခံစားကြတယ်။ ငါ့ယောက်ျားက သူ့ယောက်ျားလောက် ဝင်ငွေမကောင်းဘူး။ သူတို့ယောက်ျားတွေကတော့ အဆင်ပြေလိုက်ကြတာ။ ငါ့ယောက်ျားကတော့ အသုံးကို မကျဘူး။ ဒီလိုတွေးတတ်ကြတယ်။ တကယ်တော့ အိမ်ရှင်မဆိုတာ ကားပိုင်ရှင်တွေပဲ။ ဒရိုင်ဘာတွေပဲ။ ကိုယ့်ဘဝနဲ့တန်တဲ့ 'ကား'တစ်စီးကို ကိုယ်ပိုင်ပြီးပဲ။ ကိုယ်ပိုင်ဆိုင်ရတဲ့ကားကို ဂရုတစိုက်မောင်းသင့်တယ်။ ကားအကောင်းကြီးကို ကြည့်ပြီး ကိုယ်မောင်းနေရတဲ့ကားကို အစုတ်ကြီးလို့ ထင်တတ်ကြတယ်''

လူတစ်ယောက်က ထပြောတယ်။

''ကျုပ်က ထော်လာဂျီဗျ''

''ကြုံလို့ ပြောပြရဦးမယ်။ ကျွန်တော့်ရဲ့ တပည့်မတစ်ယောက်က သူဌေးသားတစ်ယောက်နဲ့ ညားတယ်။ ဆိုလိုတာကတော့ လင်ခရူဆာကားရဲ့ ဒရိုင်ဘာဖြစ်တယ်ပေါ့ဗျာ။ ကားက သိပ်ကောင်းတာဆိုတော့ ဒရိုင်ဘာကလည်း 'လွှတ်' မောင်းတော့တာပေါ့။ ကားကိုလည်း ဂရုမစိုက်။ သတိထားပြီးတော့လည်း မမောင်းနှင်။ ဒီတော့ အိမ်ထောင်သက်ကလေး (၂)နှစ်အတွင်းမှာပဲ သူပိုင်တဲ့ လင်ခရူဆာကားကြီးက လူမှုရေး ချောက်ကမ်းပါးကြီးထဲ ကျသွားပါလေရော။ တကယ်တော့ ကားကောင်းကို ပိုင်တယ်ဆိုပြီး စိတ်ထင်တိုင်း၊ စိတ်ရှိတိုင်း ပွဲကြမ်းလိုက်တာ ဒရိုင်ဘာဘဝကို ခဏလေးပဲ ပိုင်ဆိုင်လိုက်ရတယ်။ နောက်တပည့်မတစ်ယောက် ရှိသေးတယ်။ သူကတော့ ဆိုင်ကယ်ဝပ်ရှော့က ကောင်လေးတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ အိမ်ထောင်ကျပြီးတဲ့နောက် ဆိုင်ကယ်ဝပ်ရှော့ ခွဲထောင်လိုက်တယ်။ ကောင်လေး

ကလည်း ကြိုးစားတယ်။ ကောင်မလေးကလည်း စုဆောင်းတယ်။ အိမ်ထောင်သက် (၁၀)နှစ်အတွင်းမှာပဲ အိုးပိုင်အိမ်ပိုင်လေး ဖြစ်လာတယ်။ သူတို့အိမ်ထောင်ရေးက ဘာနဲ့ တူသလဲဆိုတော့ ကောင်လေးက ဆန်နီကားနဲ့ တူတယ်။ ကောင်မလေးက အဲဒီ ဆန်နီကားကို မြတ်မြတ်နိုးနိုး၊ စနစ်တကျ မောင်းနှင်နိုင်တဲ့ ဒရိုင်ဘာနဲ့တူတယ်။ ဒရိုင်ဘာက ထိန်းသိမ်းမှု ကျွမ်းကျင်တော့ သူတို့ရဲ့ အိမ်ထောင်ရေးခရီးဟာ ဖြည်းဖြည်း နေးနေးနဲ့ အဝေးကြီးထိ မောင်းနှင်လို့ရခဲ့တာပေါ့''

ညစ့်ခံပွဲကိုလာတဲ့ မိတ်ဆွေတွေအားလုံးက ငြိမ်ပြီးနားထောင်နေကြတယ်။

''ဒီနေ့ညဟာ မော်တော်ကားနဲ့ ဒရိုင်ဘာ ထာဝရပေါင်းသင်းကြရတဲ့ ပထမ မင်္ဂလာညလေးပါ။ မော်တော်ကားကြည့်ရတာတော့ လင်ခရူဆာ မဖြစ်နိုင်ဘူး။ ပရာဒိုလည်း မဖြစ်နိုင်ဘူး။ ကောင်လေးရဲ့အလုပ်အကိုင်က ကျူရှင်ဆရာဆိုတော့ ဆန်နီကားလို့ ပြောလို့ရမယ်ထင်တယ်။ ဒရိုင်ဘာကောင်မလေးက သေသေချာချာ ကိုင်တွယ်တတ်ဖို့တော့လိုမယ်။ ဒီဆန်နီကား ကြည့်ရတာလည်း အင်ဂျင်က ကျပြီး ပတ်တီးတွေနဲ့ သံချေးကိုက်နေတဲ့ ဘော်ဒီကြီးနဲ့ တူတယ်''


ညစ့်ခံပွဲမှာရှိတဲ့ လူတွေအားလုံး တဝါးဝါးနဲ့ ရယ်လိုက်ကြတယ်။

''ကဲ ဒီတော့ ဒရိုင်ဘာနဲ့တူတဲ့ အိမ်ရှင်မရေ ဘော်ဒီဆွေးပြီး သံချေးလိုက် နေတဲ့ အင်ဂျင်မကောင်းတဲ့ကားကြီးကို ဂရုတစိုက် ထိန်းသိမ်းပါမှ အိမ်ထောင်ရေးခရီး ရှည်ကြီးကို ဖြတ်သန်းနိုင်လိမ့်မယ်နော်။ ကိုယ်ပိုင်တဲ့ ကိုယ်မောင်းနေရတဲ့ ကားကို အခြားကားတွေနဲ့ နှိုင်းယှဉ်ပြီး လုမမောင်းမိစေနဲ့နော်။ ကိုယ့်ကားကိုလည်း အထင် မသေးမိစေနဲ့။ သူ့ကားလောက်မမြန်လို့လည်း ကိုယ့်ကားကို အပြစ်မတင်မိစေနဲ့။ အင်ဂျင်မကောင်းတဲ့ကားကို ဖြေးဖြေးမှန်မှန်မောင်းဖို့တော့လိုမယ်။ ဘဝဆိုတဲ့ ပြေးလမ်း ရှည်ကြီးပေါ်မှာ မေတ္တာတရားဆိုတဲ့ ကျွမ်းကျင်မှုနဲ့ ကိုယ်ပိုင်တဲ့ကားကို ပြုပြင်သင့်တာ ပြုပြင်ပေးရမယ်။ အစားထိုးသင့်တာ အစားထိုးပေးရမယ်။ နေ့နေ့ညည ဂရုစိုက်ရ မယ်။ ခရီးရှည်ကြီးကို သွားချင်တယ်ဆိုရင် မြန်မြန်ရောက်ဖို့ထက် မှန်မှန်မောင်းဖို့က ပိုအရေးကြီးတယ်။ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတွေနဲ့ ဒရိုင်ဘာကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါ။ ဪ... ပြောရဦးမယ်။ ကိုယ်ပိုင်တဲ့ကားကို ပစ်မထားနဲ့နော်။ ကိုယ့်ကားကို တခြားဒရိုင်ဘာ တက်မောင်း သွားဦးမယ်''

အားလုံးက တဝါးဝါးနဲ့ ပွဲကျသွားကြတယ်။

ည (၁၀)နာရီကျော်လောက်မှာ ပွဲသိမ်းကြတယ်။
ပွဲသိမ်းမှ အိမ်ကို ပြန်ခဲ့တယ်။
အိမ်ရောက်တော့… ကျွန်တော့်ရဲ့ဒရိုင်ဘာ အိမ်ရှင်မက ပြောတယ်။
"ရှင် မူးရင် စကားမများနဲ့။ စကားများချင်ရင် မမူးနဲ့"တဲ့။

*ရွှေမန္တလေးဂျာနယ်*
၂၀၀၉၊ ဒီဇင်ဘာ


ငြင်

# ခြင်

"ဖြန်း…"

ကဲကွာ ကဲကွာ။ ဟောဒီခြင်ကောင် တော်တော်ဆိုးတယ်။ မနက်မိုးလင်းမှ အိပ်ရာထဲမှာ ဇိမ်နဲ့ မှိန်းမယ်လို့ စိတ်ကူးထားပါတယ်။ 'နားဝ'မှာ တဝီဝီနဲ့။ အိပ်လို့ကို မရဘူး။

"ဖြန်း… ဖြန်း"

ဟော့ ခြင်ကောင်။ မင်းလွန်လွန်းလာပြီနော်။ ငါ့ကိုများ ဘာမှတ်နေလဲ။ ဒီမယ် ငါ့စိတ်တွေ ဒေါသထွက်နေပြီ။ ဒီခြင်ထောင်ထဲမှာ မင်းက လာပြီး ကျူးကျော်စော်ကားနေတာလား။ တွေ့ကြသေးတာပေါ့ကွာ။ ကဲကွာ… ကဲကွာ။

"ဖြန်း… ဖြန်း… ဖြန်း…"

တော်တော်လည်တဲ့ 'ခြင်စုတ်'ပဲ။ ဒီမှာ ကောင်းကောင်းအိပ်လို့မရဘူး။ ငါရဲ့ လက်ဖဝါးတွေလည်း နီရဲလာပြီ။ ဘယ်အပေါက်က ဝင်လာတဲ့ ခြင်လဲကွာ။ ဟုတ်ပါပြီ။ ကျုပ်မိန်းမ အိပ်ရာအထ၊ ခြင်ထောင်အမ မှာ ဝင်လာတဲ့ 'ခြင်လည်'ပဲ ဖြစ်ရမယ်။ ကျုပ်မိန်းမက မနက်တိုင်း ဆွမ်းထချက်တယ်။ ဒီအတွက် လေးနာရီခွဲလောက်ဆို အိပ်ရာထတတ်တယ်။ အဲ့ဒီအချိန်မှာ အလစ်ချောင်းပြီး ဝင်လာတဲ့ 'ခြင်လည်'ပဲ ဖြစ်မယ်။ ကျုပ်သွေးကို စုပ်လို့အားမရဘူး။ ကျုပ်ရဲ့ နားဝမှာ တဝီဝီနဲ့။ ဒီခြင်တော့ အသေသတ်မှ ဖြစ်မယ်။

"ဖြန်း… ဖြန်း… ဖြန်း… ဖြန်း… ဖြန်း… ဖြန်း…"

"ကဲကွာ… ကဲကွာ… ကဲကွာ…"

ခြင်ထောင်ထဲမှာ ကျွန်တော်နဲ့ ခြင်ပြဿနာဖြစ်နေတယ်။ ခြင်ကို ကျွန်တော်က စကားတွေ ပြောနေတယ်။

ဟော့ ခြင်ကောင် မင်းဒီခြင်ထောင်ထဲက ပြေးမလွတ်ပါဘူး။

မင်းက ခြင်၊ ငါကလူ၊ မင်း သေကို သေရမယ်။

အဲ့ဒီအချိန်မှာ ဘုရားဝတ်တက်ပြီး အိပ်ခန်းထဲကို ဝင်လာတဲ့ ကျွန်တော့်ရဲ့ ချစ်ဇနီးက ဒီလိုပြောပါတော့တယ်။

''ယောကျ်ားရေ တဖြန်းဖြန်းနဲ့ ခြင်ရိုက်နေတာ။ ရှင့်ကြည့်ရတာ ရှင့်ကိုရှင် လက်ဝှေ့သမား 'ရွှေရုပ်'များ အောက်မေ့နေလား။ ခြင်ကလည်း 'ဝမ်ချိုင်း' မဟုတ်ဘူးနော်။ ခြင်ထောင်ကလည်း 'ကြိုးဝိုင်း'မဟုတ်ဘူးရှင့်။ သည်းကြီးမည်းကြီးနဲ့ ခြင်ရိုက်နေလိုက်တာများ မနက်အစောကြီး အကုသိုလ်များလိုက်တာ။ သူများတွေ မင်္ဂလာယူနေတဲ့အချိန်မှာ ရှင်က ခြင်သတ်ဖို့ စိတ်ကူးနေတယ်ပေါ့။ သူများတွေက ဘုရားရှေ့မှာ၊ ရှင်က ခြင်တစ်ကောင်ရဲ့ ရှေ့မှာ မရှက်ဘူးလား''

''မင်း ဘာသိလို့လဲ။ အိပ်လို့ကို မရဘူး။ တဝီဝီနဲ့။ ဒါကြောင့် ရိုက်နေတာဟော့''

''ယောကျ်ားကလည်းတော်… ခြင်က အသိဉာဏ်မရှိတဲ့ တိရစ္ဆာန်ပါ။ ရှင်က လူလေ။ အခုတော့ အသိဉာဏ်မရှိတဲ့ခြင်နဲ့ ရန်ဖြစ်နေတဲ့ ရှင်ဟာ ခြင်လိုပဲ အသိဉာဏ်မရှိလို့ပဲပေါ့''

''ဘာပဲဖြစ်ဖြစ် ဒီခြင်ကောင် ငါ့ကို စော်ကားတယ်။ ငါ့ကို အိပ်လို့မရအောင် လုပ်တယ်။ ငါ့သွေးကို စုပ်တယ်။ ဒီခြင်ကို သတ်ရမှဖြစ်မယ်''

''ခက်ပြီးပဲ ယောကျ်ားရယ်။ ရှင့်အသိဉာဏ်ထဲမှာ အဝိဇ္ဇာတွေ ဖုံးနေပါလား။ အမှန်အမှား၊ အကောင်းအဆိုးကိုတောင် မခွဲနိုင်တော့ဘူးနော်။ ဒီခြင်တစ်ကောင်ကို သတ်လိုက်ရလို့ ရှင်က ရွှေခါးပတ်ရမှာလား။ ချန်ပီယံလိဂ်ဖလား ရမှာလား။ ရှင့်ပြဿနာ ဖြေရှင်းနည်း မှားနေတယ် ''

ကျွန်တော်က အဲ့ဒီအချိန်မှာ ခြင်ရိုက်တဲ့ လျှပ်စစ်ဘက်တန်ကို သွားယူလိုက်တယ်။

''ဒီမယ် မိန်းမ လျှာမရှည်နဲ့။ ဟောဒီ လျှပ်စစ်ဘက်တန်နဲ့ ဟောဒီခြင်ကို သတ်ပစ်မယ်သိလား''

''ပြောမရပါလား ယောကျ်ားရယ်။ လူဖြစ်ပြီး အသိဉာဏ်နည်းလိုက်တာ။ ရှင်… ပြဿနာဖြေရှင်းနည်း ပိုမှားလာပြီ။ ကျွန်မပြောမယ်။ သည်းခံပြီးနားထောင်''

"နားမထောင်ဘူးကွာ။ မင်း ဘာသိလို့လဲ။ ငါက တစ်နေ့ကုန် အလုပ်လုပ်ရတယ်။ ညဆိုလည်း (၁၂)နာရီလောက်မှ အိပ်ရတယ်။ ဒီလိုမနက်ပိုင်းလေးမှ ခိမ်ယူပြီး အားမွေးမယ်လို့ စိတ်ကူးထားတာ။ အိပ်နေတာ။ ဒီခြင်ကောင်က ငါ့ကို စော်ကားတယ်"

"ခြင်ကတော့ ရှင့်ကို မစော်ကားပါဘူးရှင်။ ခြင်က ခြင်အလုပ်ကို ခြင်လုပ်နေတာ၊ ကိုက်တာ၊ သွေးစုပ်တာ ခြင်တစ်ကောင်ရဲ့ အလုပ်ပဲလေ"

"အေး… ခြင်ကလည်း ခြင်အလုပ်လုပ်သလို ငါကလည်း လူဆိုတော့ လူအလုပ်ကို လုပ်ရမှာပဲ"

"လူအလုပ်ဆိုတာ ခြင်သတ်တဲ့အလုပ်ကို ခေါ်တာလား ယောက်ျားရယ်"

"လျှာမရှည်နဲ့ကွာ။ ဒီခြင်ကို သတ်ရမှ ဖြစ်မယ်"

"တော်တော်ခေါင်းမာတဲ့ ယောက်ျားပဲ။ ကဲ ကြည့်။ ရှင်နဲ့ ခြင်ပြဿနာကို ကျွန်မ ဖြေရှင်းပြမယ်။ လောကကြီးက အကျယ်ကြီးပါ ယောက်ျားရယ်။ ခြင်ထောင်ထဲဝင်နေတဲ့ ဟောဒီခြင်ကို သတ်ပစ်စရာ မလိုပါဘူး။ ဟောဒီလို ခြင်ထောင်လေးကို မ ပြီး ခြင်ထောင်ကို တင်လိုက်ရုံနဲ့ ခြင်လည်း သူ့လမ်း သူသွား။ ရှင်လည်း ရှင့်အလုပ် ရှင်လုပ်တော့။ မျက်နှာသစ်တော့ ရေချိုးတော့။ ပြီးရင် ထမင်းစားမယ်။ ကော်ဖီသောက်မယ်။ ဟုတ်ပြီလား"

ကျွန်တော် မနက်အစောကြီး ရေချိုးရင်း စဉ်းစားမိတယ်။

ခြင်ထောင်ထဲ ရောက်နေတဲ့ ခြင်လိုလူတွေနဲ့ ကျွန်တော်လည်း တွေ့ဖူးတယ်။ ခင်ဗျားတို့လည်း တွေ့ဖူးကြမှာပဲ။

တစ်ခါတစ်ရံ အဲ့ဒီခြင်ကို အလွယ်တကူနဲ့ ရှောင်လွဲလို့ ရနိုင်လျက်နဲ့ ကျွန်တော်တို့ စိတ်တွေက ငါကွဆိုတဲ့ မာနက ဝင်လာတယ်။ ဒီတော့ သေးသေးလေး ပြီးရမယ့်ပြဿနာဟာ လူသိရှင်ကြား ဖြစ်ကုန်တော့တာပဲ။

တစ်ခါတစ်ရံတော့ အဲ့ဒီခြင်ကို သတ်ရမှကျေနပ်မယ်ဆိုတဲ့ ဒေါသက လူကို ဝင်ပြီးပူးကပ်လာပြန်တယ်။ ဒီတော့ အဲ့ဒီခြင်သေဖို့အတွက် နည်းမျိုးစုံသုံးရတော့တာပဲ။ အဲ့ဒီခြင် သေ၊ မသေတော့ မသိဘူး။ အဲ့ဒီခြင်ကို သတ်ဖို့ကြိုးစားနေရတဲ့ ကျွန်တော့်မှာ ချက်ချင်းပူလောင်မိတာတော့ သတိထားမိတယ်။

တစ်ခါတစ်ရံကျပြန်တော့ ကိုယ်ကသူ့အတွက် ခြင်ကောင်တစ်ကောင် ဖြစ်နေသလို သူကလည်း ကိုယ့်အတွက် ခြင်ကောင်တစ်ကောင် ဖြစ်နေတတ်ပြန်တယ်။

ဘာပဲဖြစ်ဖြစ်ဗျာ။ ပြီးသင့်တဲ့ကိစ္စကို ပြီးကြတာ အားလုံးအတွက် ငြိမ်းချမ်းပါတယ်။

ဟုတ်ပါတယ်။

လောကကြီးက အကျယ်ကြီးပဲ။


သူလည်း သူ့လမ်း သူသွား။ သူ့အလုပ်သူလုပ်။

ကိုယ်လည်း ကိုယ့်လမ်းကိုယ်လျှောက်။ ကိုယ့်အလုပ် ကိုယ်လုပ်ကြရင် မကောင်းဘူးလားဗျာ။

အခုတော့ ပြဿနာဖြစ်တယ်ဆိုတာ ထိပ်တိုက် ရင်ဆိုင်ချင်တဲ့ စိတ်တွေရယ်၊ အမှိုက်ပွာယ်မဲ့တဲ့ ဒေါသတွေရယ်၊ ကိုယ့်တန်ဖိုးကို ကိုယ်မမြင်တဲ့ အသိဉာဏ်ရယ်၊ တစ်ဖက်သားအပေါ် အပြစ်မြင်တတ်တဲ့ စိတ်တွေကြောင့် ဖြစ်နေရတာပါလား။

ကိုယ့်အနားမှာရှိနေတဲ့ ခြင်တစ်ကောင်ကို ဘယ်လိုသဘောထားမလဲဆိုတာ မေးပါရစေဗျာ။ အဲ့ဒီခြင်တစ်ကောင်ပေါ်မှာထားတဲ့ ကိုယ့်ရဲ့သဘောထားဟာ ကိုယ့်ရဲ့ ဘဝတန်ဖိုးဆိုတာကိုလည်း မမေ့စေချင်ဘူးနော်။

*ရွှေမန္တလေးဂျာနယ်*
*၂၀၁၀၊ ဖွန်*


ဘူမ

ဘယ်လောက်ဆိုမှ

အရှုံး တောင့်တယ်လို့ သတ်မှတ်မှာလဲ။

ဘယ်လောက် အတိုင်းအတာထိ

ပိုင်ဆိုင်မှုဟာ အရှုံး တောင့်တာလဲ။

စဉ်းစားစရာတွေတော့ အများကြီးရှိတယ်။

# အုမ

အဲ့ဒီညက တော်တော်ကြီးမိုးချုပ်မှ အိမ်ကို ပြန်ခဲ့ရသည်။

မန္တလေးကို ဆရာဝန်သူငယ်ချင်းလင်မယား လာပြီးလည်ကြသည်။ သူတို့က ရန်ကုန်မှာ အခြေချ နေထိုင်သည်။ အထူးကု ဆရာဝန်ကြီးများဖြစ်ကြသည်။ သူတို့၏ ဖခင်နာရေးကို လာကြခြင်းဖြစ်သည်။ သူတို့၏ ဖခင်သည် သားသမီးများနှင့် အတူမနေပါ။ နောက်အိမ်ထောင်နှင့် အတူနေခြင်းဖြစ်သည်။ နာရေးကိစ္စပြီးတော့ ကျွန်တော့်သူငယ်ချင်း တည်းခိုသည့် ဟိုတယ်မန္တလေးမှာ သူတို့ကို သွားပြီးတွေ့သည်။ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဖြစ်ကြသည်။ ငယ်သူငယ်ချင်းတွေအကြောင်း မေးဖြစ်ကြသည်။ ဘယ်သူကတော့ ဘယ်လို။ ဘယ်သူကတော့ ဘယ်မှာ။ ဘယ်သူကတော့ ဘာဖြစ်နေပြီ။ အစရှိသဖြင့် ပြောဖြစ်ကြသည်။

စကားအရှိန်ရလာတော့ တရားဓမ္မအကြောင်း ရောက်သွားကြသည်။ ကျွန်တော်တို့အသက်တွေက (၅၀)ဝန်းကျင်တွေဆိုတော့ နောက်ဆုံးမှာ ဒီစကားကိုပဲ ပြောဖြစ်ကြသည်။

စကားပြောရင်းနဲ့ စကားရည်လုပွဲတစ်ခုလို ဖြစ်လာခဲ့သည်။

သူက ပြောသည်။

''လူဆိုတာ အုမတောင့်မှ သီလစောင့်နိုင်မှာကွ သိလား''

ကျွန်တော်က ပြန်ပြောသည်။

''ဟိုတုန်းကတော့ ဒီစကားကို ငါလက်ခံပါတယ်။ အခုတော့ ငါလက်မခံဘူး သူငယ်ချင်း''

''ဟော့ကောင် လက်ခံသင့်တယ်ကွ။ အူမ မတောင့်ဘဲ ဘယ်လိုလုပ်ပြီး သီလစောင့်လို့ရနိုင်မှာလဲကွ။ မင်းပဲ စဉ်းစားကြည့်။ တိုးတက်နေတဲ့ လူ့အဖွဲ့အစည်းတိုင်းမှာ အူမ တောင့်တင်းတဲ့သူ ဦးဆောင်မှ သီလတောင့်တင်းတဲ့ လူ့အဖွဲ့အစည်း ဖြစ်နိုင်တာကွ''

''ငါကတော့ မင်းစကားကို မငြင်းပါဘူး။ ဒါပေမယ့် လက်မခံဘူး''

''ငါရောက်ဖူးတဲ့တိုင်းပြည်တွေမှာ လူတွေက စည်းကမ်းရှိကြတယ်။ လူနေမှု အဆင့်အတန်းတွေ မြင့်မားကြတယ်။ သန့်ရှင်းကြတယ်။ တစ်ကိုယ်ရည် တာဝန်ယူမှု၊ တာဝန်သိမှုတွေ ရှိကြတယ်။ အဲ့ဒါဟာ အူမတောင့်တင်းတဲ့ လူ့အဖွဲ့အစည်း ဖြစ်နေလို့ပဲကွ''

ကျွန်တော်က သူပြောသမျှကို ငြိမ်ပြီး နားထောင်ပေးနေလိုက်သည်။

''စည်းကမ်းရှိဖို့အတွက် လုံလောက်တဲ့ ဝင်ငွေရှိဖို့လိုတယ်။ စိတ်ဓာတ်ဖြူစင်ဖို့အတွက် စားဝတ်နေရေး ပြည့်စုံနေဖို့ လိုတယ်။ ဒီလိုပဲ။ တောင့်တင်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုဖြစ်ဖို့အတွက် တောင့်တင်းတဲ့ဝင်ငွေ ရှိဖို့လိုတယ်။ တောင့်တင်းတဲ့ လူ့အဖွဲ့အစည်းရှိမှသာ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ အားကစားရေး အားလုံး တောင့်တင်းမှာကွ''

''ငါကတော့ မင်းပြောသမျှကို လက်မခံနိုင်ဘူးမောင်။ ငြင်းတော့ မငြင်းပါဘူး''

''မင်းဘာသိလို့လဲ။ ငါဆေးပညာရပ်ကို နိုင်ငံခြားမှာသွားပြီး သင်ယူခဲ့တယ်။ သူတို့တစ်တွေ စည်းကမ်းရှိတာ၊ ကြိုးစားတာ၊ အဆင့်အတန်းရှိတဲ့စိတ် ဖြစ်ပေါ်စေတာဟာ တောင့်တင်းတဲ့ဝင်ငွေက အဓိကကျတယ်ကွ။ ငါကတော့ ကိုယ်တွေ့ပဲ''

ကျွန်တော့်သူငယ်ချင်းက အထူးကုဆရာဝန်ဖြစ်သောကြောင့် အလွန်ကို ချမ်းသာပါသည်။

အချိန်နဲ့အမျှ ဝင်ငွေရှိသူဆိုတော့ သူက သူ့ဘဝဖြတ်သန်းမှုနဲ့ ပြောဆိုနေခြင်း ဖြစ်သည်။ (၁၀)နှစ်မှ (၁)ခါလောက်သာ တွေ့ကြရသည့်အတွက် စကားတွေက ပြောလို့မကုန်ပါ။ ငယ်ငယ်တုန်းက အတိုင်းပဲ။ သူနဲ့ ကျွန်တော် ငြင်းခုံနေမိသည်။

''စင်တင်တေးဂီတတို့၊ ကာရာအိုကေဆိုင်တို့မှာ တွေ့ကြုံနေရတဲ့ အမျိုးသမီးငယ်တွေရဲ့ ဖြစ်ရပ်တွေဟာ အူမ မတောင့်တင်းလို့ ဖြစ်နေရတဲ့ကိစ္စကွ။ အူမ တောင့်တင်းရင် ဒီလိုဖြစ်စရာ အကြောင်းမရှိဘူး။ ဒီလိုပဲ ဘယ်နေရာမှာမဆို ဝင်ငွေနဲ့ လူ့အဖွဲ့အစည်းဟာ အချိုးညီနေဖို့ လိုတယ်ကွ''

ကျွန်တော်က နာရီကို ငုံ့ကြည့်လိုက်သည်။

ည (၁၁)နာရီကျော်နေပြီ။ သူက ကျွန်တော့်ကို မပြန်စေချင်သေးသည့် ပုံစံဖြင့် လှမ်းကြည့်သည်။

''ဟော့ကောင် မောင်ဘုန်း။ မင်းအယူအဆကိုလည်း ပြောဦးလေ။ မင်းက အတွေးကောင်းတဲ့ကောင်ဆိုတော့ ငါ့ကို မင်းပြောစရာရှိမှာတော့ သေချာတယ်''

''ငါက မပြောချင်ဘူး။ မင်းကို မေးခွန်းတိုတွေပဲ မေးမယ်။ မင်းစဉ်းစား ပြီးတော့ဖြေ။ ငါကတော့ မင်းလို နိုင်ငံခြားမှာ အကြာကြီး မနေဖူးဘူး။ နိုင်ငံခြား အတွေ့အကြုံလည်း မင်းလို မရှိဘူး။ ငါပြောတဲ့စကားကို မင်းက လက်ခံပေးဖို့ မဟုတ်ဘူး။ စဉ်းစားပေးဖို့။ ငါပြောမယ်။ ငါမေးမယ်''

''မောင်ဘုန်း စကားကြော မရှည်နဲ့ကွာ။ မေးတော့''

''ကဲ… ငါမေးခွန်းစမေးမယ်။ မင်းသေသေချာချာဖြေ။ ငါက ဘာလူမျိုးလဲ''

''မင်းက မြန်မာလေကွာ''

''မင်းကရော။ ဘာလူမျိုးလဲ''

''ငါကလည်း မြန်မာပဲလေကွာ''

''ဟုတ်ပြီ။ ဒါဆိုရင် ဆက်မေးမယ်။ ငါ ဘယ်ဘာသာကို ယုံကြည် ကိုးကွယ်သလဲ''

''ဗုဒ္ဓဘာသာလေကွာ''

''မင်းကရော ဘယ်ဘာသာကို ယုံကြည်ကိုးကွယ်သလဲ''

''ငါကလည်း ဗုဒ္ဓဘာသာပဲလေကွာ''

''အေး ဟုတ်ပြီ။ ဒါဆိုရင် ဆက်ပြီးမေးမယ်။ တို့ဗုဒ္ဓဘာသာဝင်တွေရဲ့ ကျင့်စဉ်သိက္ခာက ဘာလဲ''

''ငါမဖြေတတ်ဘူးကွ''

''မင်းသိပါတယ်။ စဉ်းစားကြည့်ပါဦး''

''မောင်ဘုန်း ဒီတစ်ခါ မင်းပြောကွာ''

''သီလ၊ သမာဓိ၊ ပညာလေ''

''အေး ငါသိတယ်''

''တို့ဗုဒ္ဓဘာသာဝင်တွေရဲ့ ကျင့်စဉ်သိက္ခာမှာ သီလဆိုတာ လူတစ်ယောက် ဘဝရဲ့ အခြေခံအုတ်မြစ်ကွ။ အဲ့ဒီ အခြေခံအုတ်မြစ်ပေါ်မှာ သမာဓိနန်းတော်နဲ့ ပညာဆိုတဲ့ မြို့ရိုးကို တည်ဆောက်ရတာကွ။ ငါဆက်မေးမယ်။ မင်းပြောတဲ့စကားရဲ့ ခေါင်းစဉ်က ဘာလဲ''

''အူမ တောင့်မှ သီလစောင့်မယ်ဆိုတဲ့စကားကို ငါငြင်းတယ်။ ဒါပေမယ့် တို့တစ်တွေဟာ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်တဲ့အတွက် အူမ,တောင့်သည် ဖြစ်စေ၊ အူမ, မတောင့်သည်ဖြစ်စေ သီလကိုတော့ စောင့်ထိန်းရမယ်လို့ ငါကတော့ ယုံကြည်တယ်။ သီလစောင့်မှ အူမတောင့်တယ်လို့ ငါက ခံယူတာ။ ကဲ ငါမေးမယ်''

''ဘာလဲကွ''

''လူတွေက အူမ, မတောင့်လို့ သီလ မစောင့်ကြဘူးတဲ့''

''ဟုတ်တယ်လေ''

''ငါတို့ပတ်ဝန်းကျင်ကို ကြည့်စမ်းပါ။ အူမ, တောင့်ကြတော့ရော သီလကို စောင့်ကြလို့လား သူငယ်ချင်းရာ''

''ဟော...''

*ရွှေမန္တလေးဂျာနယ်*
*၂၀၁၀၊ နိုဝင်ဘာ*

တောင့်တယ် မတောင့်ဘူးလို့ ဘယ်လိုသတ်မှတ်မလဲ။ မင်း စဉ်းစားကြည့်''

ဒီအချိန်တွင် ကျွန်တော့်သူငယ်ချင်းက မျက်တောင်မခတ်ဘဲ နားထောင်နေသည်။

''ငါ မေးမယ်။ အူမ မတောင့်လို့ သီလမစောင့်ကြဘူးဆိုတဲ့ စကားရဲ့ ပြောင်းပြန်ကို မင်းပြောကြည့်စမ်း''

ကျွန်တော့်သူငယ်ချင်းက ချက်ချင်းပြန်ဖြေတယ်။

''အူမ,တောင့်ရင် သီလစောင့်မယ်ပေါ့ကွ''


''ကဲ ငါမေးမယ်။ မင်းမဖြေနဲ့။ ဒီမေးခွန်းကို မေးပြီးရင် ငါလည်း အိမ်ပြန်တော့မယ်။ (၁၁)နာရီခွဲနေပြီကွ။ ငါ့မေးခွန်းရဲ့ အဖြေကို မင်းက စဉ်းစားပေးရုံပါပဲ။ မှန်တယ် မှားတယ်ဆိုတာကိုတော့ နောက်တစ်ခါတွေ့မှ ပြောကြတာပေါ့''

ကျွန်တော့်က မတ်တတ်ထပြီး ပုဆိုးကို ပြင်ဝတ်လိုက်သည်။ လွယ်အိတ်ကို ကောက်ယူလိုက်သည်။ ပြန်ဖို့ ဟန်ပြင်လိုက်သည်။

''ဟေ့ကောင် မောင်ဘုန်း မင်းက ပြန်တော့မလို့လား''

''အေးပေါ့ကွ။ ဒါပေမယ့် ငါမေးတဲ့မေးခွန်းကို မင်းတွေးကြည့်။ စဉ်းစားကြည့်''

''မင်းတော်တော် ဈေးကိုင်တဲ့အကောင်ပဲ။ ဘာများ မေးမှာမို့လို့လဲ''



သွေးကိုက်ခံရသူများ

အဲ့ဒီကောင်မလေး နေကောင်းဖို့လိုတယ်။

ကျန်းမာနေဖို့လိုတယ်။

ဘာမှမဖြစ်ဖို့လိုတယ်။

သူနေမကောင်းရင်

ငါလည်း နေမကောင်းဖြစ်မှာ သေချာတယ်။

သူသေရင် ငါလည်း သေမှာပဲ။

# သွေးကိုက်ခံရသူများ

ကျွန်တော့်ဦးလေးတစ်ယောက် ခွေးကိုက်ခံရဖူးတယ်။ ဦးလေးကို ခွေးကိုက်ခံရတာကြောင့် ကျွန်တော် အလုပ်ရှုပ်ခဲ့ရဖူးတယ်။ ဦးလေးက အဲ့ဒီခွေးကို စောင့်ကြည့်နိုင်းတယ်။ တစ်နေ့ကို (၄)ခါလောက် ကျွန်တော်က သွားကြည့်ပေးရတယ်။ ဘာကြောင့်ကြည့်ခိုင်းမှန်းလည်း ကျွန်တော် မသိဘူး။ ကျွန်တော်က ကလေးဆိုတော့ ကြည့်ဆိုရင် ကြည့်လိုက်တာပါပဲ။ ဦးလေးက ပြောတယ်။

"အဲ့ဒီခွေးရူးရင် ငါလည်း ရူးပြီ။ အဲ့ဒီခွေး မရူးရင် ငါလည်း မရူးဘူး"

ဦးလေးပြောတဲ့စကားကို ကျွန်တော် နားမလည်ပါဘူး။ ခွေးကိုက်ခံရတဲ့ကိစ္စပဲဗျာ။ ဒီလောက်ပုံကြီးချဲ့ရသလားလို့ ကျွန်တော် တွေးခဲ့ဖူးတယ်။ အသက်ကြီးမှ ခွေးကို ဘာကြောင့် စောင့်ကြည့်နိုင်းတယ်ဆိုတာ ကျွန်တော် သဘောပေါက်လာပါတယ်။

ဒီလိုပဲ ကျွန်တော်အသက် (၅၀)နားနီးမှ ငယ်ငယ်တုန်းကလို စောင့်ကြည့်ရတဲ့ကိစ္စတစ်ခု ဖြစ်လာခဲ့တယ်။ ဖြစ်စဉ်က ဒီလိုပါ။

ကျွန်တော့်မှာ သူငယ်ချင်းလူပျိုကြီးတစ်ယောက်ရှိတယ်။ သူက ရိုးတယ်။ အေးတယ်။ ရှင်းရှင်းလင်းလင်းနေတယ်။ ပုတီးစိပ်တယ်။ တရားသမားတစ်ယောက်ဆိုပါတော့ဗျာ။ သူက ကျွန်တော့်လိုပဲ စာသင်ဆရာတစ်ယောက်ပါ။ စကားလည်းနည်းတယ်။ ရိုးလွန်း အေးလွန်းလို့ကို လူပျိုကြီးဖြစ်နေရတာ။ သူက လူကိုတွေ့ရင် ယှဲယှဲလေးပဲ ပြုံးပြတတ်တယ်။ သူ့ရင်ထဲမှာ ဘာတွေ ခံစားနေရသလဲဆိုတာ သိဖို့ တော်တော်ခက်တယ်။ တစ်နေ့မှာတော့ ကျွန်တော့်ဆီကို သူ ရောက်လာတယ်။

''မင်းကို ငါ အကူအညီတောင်းစရာရှိလို့''

''ဘာများလဲ သူငယ်ချင်း။ ငွေရေးကြေးရေးလား။ ကျန်းမာရေးလား။ လူမှုရေးလား''

''တစ်ခုမှ မဟုတ်ဘူးကွ''

''ပြောလေကွာ။ ဒါဆိုရင် အချစ်ရေးလား၊ အိမ်ထောင်ရေးလား''

''ဒါလည်းမဟုတ်ဘူးကွ''

''ပြောမှာသာပြောကွာ''

''လူတစ်ယောက်ကို စောင့်ကြည့်နိုင်းမလို့''

''မင်းဟာက ဘယ်လိုကြီးလဲကွ။ ငါတော့ မကြားဖူးပါဘူး''

''လျှာမရှည်နဲ့ကွာ။ ငါကြည့်နိုင်းတဲ့လူကို မင်း စောင့်ကြည့်ပေးရမယ်။ သူ နေကောင်းသလား။ သူနေမကောင်းဘူးလားဆိုတာ ငါ့ကို ပြောရမယ်''

''မင်းကိစ္စက တစ်မျိုးပဲနော်''

''အေး သူချောင်းဆိုးသလား။ ချောင်းမဆိုးဘူးလား။ သူဘယ်အချိန် ဆေးခန်းသွားသလဲ။ ဘာကိစ္စနဲ့ ဆေးခန်းသွားတာလဲ။ သူဖျားနာနေရင်ရော ဘယ်နှစ်ရက်လောက်အထိ ဖျားသလဲ။ စောင့်ကြည့်ပြီး ငါ့ကို ပြောရမယ်''

''ငါ တစ်ခါမှ ဒီအလုပ်မလုပ်ဖူးဘူး သူငယ်ချင်း''

''ပြီးတော့ ငါပြောဦးမယ်။ သူ့အိမ်မှာ ဘယ်သူတွေ ဝင်တတ်သလဲ။ ထွက်တတ်သလဲ။ ဘယ်အရွယ်တွေလဲ။ ပိန်ပိန်လား။ ဝဝလား။ ဘယ်လိုလူမျိုးတွေနဲ့သူ သွားတတ်၊ လာတတ်သလဲ။ အဲ့ဒါတွေကိုလည်း မင်းအစီရင်ခံရမယ်''

''မင်းက ငါ့ကိုများ ဘာမှတ်နေလို့လဲ။ ကဲ ပြောစမ်းပါဦး။ မင်း စောင့်ကြည့်စေချင်တဲ့သူက ဘယ်သူလဲ။ ဘယ်မှာနေလဲ။ ဘာလုပ်သလဲ။ ယောက်ျားလား။ မိန်းမလား။ အသက်အရွယ် ဘယ်လောက်လဲ။ ငါ့ကိုပြောစမ်းပါ''

အဲ့ဒီအချိန်မှာ ကျွန်တော့်သူငယ်ချင်းဟာ တစ်နေရာရာကို တွေဝေပြီး စိုက်ကြည့်နေတယ်။

''ဟောကောင် ငါမေးတာကို ဖြေဦးလေ''

''ငါ မပြောရဲဘူးကွာ''

''မင်းဟာကြီးက ဘယ်လိုလဲကွ။ မင်းပဲ ငါ့ကို လာပြီးအကူအညီတောင်းတယ်။ တာဝန်တွေကလည်း တစ်ပုံကြီးပဲ။ သူငယ်ချင်းဆိုတော့ ငါကူညီနိုင်ရင် ကူညီရမှာပေါ့။ မင်းအကူအညီတောင်းမှတော့ ငါလုပ်ပေးနိုင်တဲ့ကိစ္စပဲဖြစ်ရမယ်။

ဒီတော့ မင်းစကားကို မင်း ဆုံးအောင်ပြော''

''ငါ ဘယ်လိုပြောရမလဲမသိဘူးကွ''

''ပါးစပ်နဲ့ပြောပေါ့ကွ။ မင်းရူးများနေလား''

''အေး ဟုတ်တယ်။ ငါရူးချင်နေတယ်။ (၂)လလောက်ရှိပြီ ငါရူးနေတာ။ ငါ ကင်းကင်းရှင်းရှင်းနေတယ်ဆိုတာ မင်းလည်း သိပါတယ်။ ငါ ဘယ်လို ပြောရမလဲကွာ''

''ပြောမှ ဖြစ်မယ့်ကိစ္စဆိုရင် ပြောလိုက်သူငယ်ချင်း''

''ဟိုလိုကွာ။ အင်း...''

''ဆက်ပြောပါသူငယ်ချင်းရာ မင်းဘာဖြစ်နေတာလဲ''

''ဒီလိုကွ။ ငါ့အတွက် ကောင်မလေးတစ်ယောက်ကို စောင့်ကြည့်ပေးရမယ်။ သူနဲ့ငါက မီးရောင်မှိန်မှိန်စားသောက်ဆိုင်မှာ တွေ့ခဲ့တယ်။ လိုရင်းပြောရရင်တော့ သူနဲ့ငါ (၂)ကြိမ်လောက် ဟိုဒင်းဟိုဥစ္စာဖြစ်ခဲ့တယ်။ အဲ့ဒီကောင်မလေး နေကောင်းဖို့ လိုတယ်။ ကျန်းမာနေဖို့လိုတယ်။ ဘာမှမဖြစ်ဖို့ လိုတယ်။ သူနေမကောင်းရင် ငါလည်း နေမကောင်းဖြစ်မှာ သေချာတယ်။ သူသေရင် ငါလည်း သေမှာပဲ။ မင်း သဘောပေါက် ပါတယ်နော်''

''သြော်... ဒါလား။ ငါသဘောပေါက်ပြီ။ မင်းက ဟိုဟာ မသုံးဘူးလား''

''ငါကလည်း အတွေ့အကြုံမရှိတော့ ခြေတုန်လက်တုန်နဲ့ လုပ်မိလုပ်ရာ လုပ်လိုက်မိတယ်ကွ''

''မင်းတော်တော်မိုက်တာပဲ''

''ပြောလည်း ခံရရုံပဲ။ အခုဆိုရင် ငါ့မှာ စားလည်း ဒီစိတ်။ အိပ်လည်း ဒီစိတ်။ တွေ့လည်း မတွေ့ချင်ဘူး။ တွေ့လည်း တွေ့ချင်တယ်''

''ဒါဆိုရင် မင်း ရူးနေတာ သေချာပြီ''

''ရူးသွားတာမှ တော်ဦးမယ် သူငယ်ချင်းရာ။ အခုဟာက လူက မရူးဘဲ နှလုံးသားက ရူးနေတာကွ''

''အမှန်တော့ နှလုံးသားရူးနေတာ မဟုတ်နိုင်ဘူးနော်။ မင်းရဲ့ အသွေး အသားတွေ ရူးနေတာ''

ကျွန်တော့်သူငယ်ချင်း လူပျိုသိုးကြီးဟာ ဇက်ကြီးကျိုးပြီး စိတ်ဓာတ်ကျနေပါ တော့တယ်။ ဘာစကားမှ ပြန်မပြောနိုင်ဘူး။ သူ့စိတ်ဖိစီးမှု လျော့ကျစေဖို့ ကျွန်တော့် ဦးလေး ခွေးကိုက်ခံရဖူးတဲ့အကြောင်းကို ကျွန်တော်က စီကာပတ်ကုံး ပြောပြလိုက်

ပါတယ်။

အဲဒီအခါ သူက ဒီလိုညည်းတွားပြန်တယ်။

''ခွေးကိုက်ခံရတာ တော်သေးတယ်ကွ။ အခုဟာက သွေးကိုက်ခံရတာဟှ''

''သွေးပဲကိုက်ကိုက်၊ ခွေးပဲကိုက်ကိုက် မင်းအတွက် ငါ စောင့်ကြည့်ပေးပါမယ်။ သူနေတဲ့နေရာနဲ့ လိပ်စာကိုသာ ငါ့ကို ပြောပါ။ စိတ်ချပါကွာ''

စာဖတ်သူရော…

ရွှေမန်းလေးဂျာနယ်
၂၀၁၀၊ ဇူလိုင်


မီးပိုဘေးက လူတွေ

"ထင်းတွေ၊ မီးခြစ်တွေ၊
စားစရာတွေ၊ ထင်းရှူးဆီကိုယ်စီနဲ့
ဘာကြောင့်များ အအေးမိပြီး
သေဆုံးသွားကြရတာလဲနော်" လို့
တွေးတောရင်း အလောင်း (၆)လောင်းကို
သယ်သွားကြပါတော့တယ်။

# မီးဖိုဘေးက လူတွေ

ကျွန်တော့်အသွားလည်းဆုံးရော ကျွန်တော့်အမေတို့ မောင်နှမတစ်တွေ စိတ်ဝမ်းတွေ ကွဲကုန်ကြတော့တယ်။

တစ်သက်လုံး လူမသိအောင်သိမ်းထားတဲ့ အမုန်းတရားတွေ၊ အာဃာတတွေ၊ မာနတွေ၊ အတ္တတွေ လောင်မြိုက်ပြီး အသက်ကြီးမှ တစ်ယောက်ကိုတစ်ယောက် မခေါ်နိုင်မပြောနိုင် ဖြစ်ကုန်ကြတော့တယ်။ အသွားပိုင်ခဲ့တဲ့ မန္တလေးမြို့ရဲ့ ပုလဲငွေရောင်အရပ်မှာရှိတဲ့ မြေနဲ့ အိမ်ကိုလည်း ဈေးပေါပေါပဲပဲနဲ့ ရောင်းပစ်လိုက်ကြတယ်။ အမွေမြန်မြန်ရဖို့လိုတယ်လေ။ ဒီဖြစ်ရပ်ကို ကြည့်ပြီး ကျွန်တော်ဖတ်ဖူးတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို ပြောပြချင်လာတယ်။

ကျွန်တော်တို့ပတ်ဝန်းကျင်မှာ အာဃာတကြောင့် မျှော်လင့်မထားတဲ့ ဆုံးရှုံးမှုတွေ ကြုံတွေ့ရတတ်တယ်။ ကျွန်တော်တို့ မိသားစုတစ်စုထဲမှာတင်မဟုတ်ပါ။ ကျွန်တော်တို့လို မိသားစုတွေအတွက် စဉ်းစားစရာကောင်းတဲ့ တွေးယူရင် တွေးယူနိုင်သလောက် အတွေးအားပါတဲ့ ဇာတ်လမ်းလေးပါ။

□

တစ်ခါက…

တစ်နှစ်မှာ (၁၀)လလောက် ရေခဲနေတတ်တဲ့ ဒေသက တောမကျ၊ မြို့မကျ ရွာလေးတစ်ခုမှာပေါ့။

ဆောင်းတွင်းရောက်လာတယ်။ နှင်းတွေကလည်း ကျလိုက်တာ။ ရေခဲမှတ်အောက်ကို အနုတ် (၁၀)ဒီဂရီလောက်အထိ ရောက်နေပြီ။ ဒီဒေသဟာ သုံးနှစ်ကို

တစ်ကြိမ်လောက် နှင်းမုန်တိုင်းတွေ တိုက်ခိုက်တတ်တယ်။ နှင်းမုန်တိုင်းတွေကျပြီဆိုရင် ရေခဲတောင်တွေ ပြိုတယ်။ အိုးအိမ်တွေ ပျက်စီးတယ်။ ဒါကြောင့် ဒီဒေသကလူတွေဟာ နှင်းမုန်တိုင်းကျပြီဆိုရင် သူတို့ဝတ်နေကျ လောင်းကုတ်အင်္ကျီအရှည်ကြီးကို ဝတ်တယ်။ အဲ့ဒီအင်္ကျီအရှည်ကြီးထဲမှာ ထင်းရှူးဆီအခဲတစ်ခုရယ်၊ မီးခြစ်တစ်လုံးရယ်၊ ထင်းသုံး လေးငါးချောင်းရယ်၊ အသားခြောက် (၅၀)ကျပ်သားလောက်ရယ်ထည့်ပြီး နီးစပ်ရာ တောထဲက ဂူတွေထဲမှာ နှင်းမုန်တိုင်း ခိုကြရတယ်။ နှင်းမုန်တိုင်းကလည်း တစ်ရက်နှစ်ရက်လောက်သာ တိုက်ခတ်တတ်တယ်။

ဒီလိုနဲ့. . .

ဆောင်းတစ်ညမှာ နှင်းမုန်တိုင်းတွေ ရုတ်ခြည်းဆိုသလို ကျလာပါတော့တယ်။ အဲ့ဒီရွာကလေးထဲက လူတွေဟာ ကျောက်ဂူတွေရှိရာဆီကို ပြေးကြတယ်။ မုန်တိုင်းခိုကြတယ်။

လူ (၆)ယောက်ဟာ မှောင်မည်းနေတဲ့ ကျောက်ဂူကြီးတစ်ခုတည်းကို ရောက်သွားကြတယ်။ လူတစ်ယောက်ဟာ ကိုယ့်ဆီမှာပါတဲ့ မီးခြစ်နဲ့ ထင်းရှူးဆီကို သုံးပြီး မီးဖိုလိုက်တယ်။ အသားခြောက်ကို ကင်လိုက်တယ်။ မီးဖိုရဲ့ဘေးမှာ အသားခြောက်ကိုစားပြီး လောင်းကုတ်ကြီးကို ခေါင်းမှာခြုံလို့ အိပ်ငိုက်နေပါတော့တယ်။ အဲ့ဒီလူဖိုထားတဲ့ မီးပုံကိုလည်းမြင်ရော ကျန်တဲ့လူတွေဟာ မီးရောင်ရှိရာကို ရောက်လာတယ်။ ထင်းတွေထည့်လိုက်တယ်။ အသားခြောက်ကို ကင်လိုက်တယ်။ စားကြတယ်။ ပြီးတော့ မီးဖိုဘေးမှာပဲ အိပ်ငိုက်နေကြတယ်။

နှင်းမုန်တိုင်းဒဏ်က လွတ်အောင် ပြေးလာကြရတာဆိုတော့ တစ်ယောက်ကို တစ်ယောက် မကြည့်အားကြဘူး။ မောမောပန်းပန်းနဲ့ မီးဖိုထဲကို ထင်းတစ်ချောင်းစီ ထည့်ပြီး နှင်းမုန်တိုင်းအစဲကို စောင့်နေကြတယ်။

ဆောင်းကလည်း အေးလိုက်တာ။ အရိုးကွဲမတတ်ပဲ။ အပြင်မှာလည်း မုန်တိုင်းသံတွေက ဆူညံလို့။ ထင်းထည့်ထားတဲ့ မီးဖိုဟာ တဖြည်းဖြည်းနဲ့ မီးအားနည်းလာတယ်။ မီးညွန့်ကလေးဟာ တုန်တုန်ယင်ယင်နဲ့ အားပျော့သွားတယ်။ မီးဖိုထဲကို ထင်းထပ်ထည့်ဖို့ လိုလာပြီ။

သိပ်အေးတော့ လူတစ်ယောက်က နိုးလာတယ်။ လောင်းကုတ်အင်္ကျီ အရှည်ကြီးထဲကို နှိုက်လိုက်တယ်။ ထင်းတစ်ချောင်းထည့်တော့မယ်ပေါ့။ အဲ့ဒီအချိန်မှာ သူနဲ့ မျက်နှာချင်းဆိုင် လူတစ်ယောက်ကလည်း သူ့လိုပဲ သိပ်အေးတော့ နိုးလာတာပေါ့။

မီးဖိုရဲ့ မီးရောင်ပျပျအောက်မှာ တစ်ယောက်မျက်နှာကို **တစ်ယောက် မြင်**လိုက်ရတယ်။

တစ်ယောက်က သူတို့ရွာမှာ လူတိုင်းကို ငွေတိုးချေးစားတဲ့ **စီးပွားရေးသမား၊** ပိုက်ဆံရှိ သူဌေး။ တစ်ယောက်က သူ့ထံမှာ မြေပေါင်၊ အိမ်ပေါင်ပြီး၊ **မြေဆုံး၊** အိမ်ဆုံးထားတဲ့လူ၊ ငွေမရှိတဲ့ သူဆင်းရဲသား။ ငွေတိုးချေးစားတဲ့ စီးပွားရေးသမားက စိတ်ထဲမှာ ဒီလိုတွေးလိုက်တယ်။ 'ဟင်း ဒီဆင်းရဲသား အစုတ်ပလုပ်နဲ့ ဒီမီးဖိုဘေးမှာ အတူလာပြီး နေရတယ်လို့ကွာ။ တောက်… ငါ့နှယ်။ ဒီကောင် မျက်နှာကြည့်ရတာ ကျက်သရေ ယုတ်လိုက်တာ။ တော်ပြီ။ ငါထဲက ထင်းကို မီးဖိုထဲမထည့်ဘူး။ ငါ့ထင်းထည့်ရင် ဒီကောင် နွေးထွေးသွားမှာ။ တော်ပြီ ထင်းမထည့်တော့ဘူး' အဲ့ဒီလိုလည်း ဆုံးဖြတ်ပြီးရော မီးဖိုကို ကျောပေးလိုက်တယ်။ ပြီးတော့ ဆက်ပြီး အိပ်ငိုက်နေလိုက်တယ်။ မြေဆုံး၊ အိမ်ဆုံး ထားတဲ့သူကလည်း စိတ်ထဲမှာ ဒီလိုပြောနေတယ်။ 'ဒီလိုအမြတ်ကြီးစားတဲ့ အတ္တသမားနဲ့ မီးတစ်ဖိုထဲမှာ အတူတူလာပြီး မီးလှုံရတာ ငါ့နှယ် ကံဆိုးလိုက်တာ။ ငါတို့ဘိုးဘွားတွေ ပိုင်ခဲ့တဲ့ မြေနဲ့ အိမ်ကို အတိုးတွေ မတရားယူပြီး သိမ်းထားတဲ့အကောင်။ ငါဒီမီးဖိုထဲကို ထင်းထည့်လိုက်ရင်…။ တော်ပြီ ငါ့အိတ်ထဲက ထင်းကို မီးဖိုထဲမထည့်တော့ဘူး'လို့ တွေးပြီး မီးဖိုကို ကျောပေးနေလိုက်တယ်။

ဒီလိုနဲ့… နောက်ထပ်လူတစ်ယောက် နိုးလာပြန်တယ်။ ဆောင်းက တအားအေးတာကိုး။ ထင်းထည့်မယ်လို့ အလုပ်၊ သူ့မျက်နှာချင်းဆိုင်က လူလည်း သူလိုပဲ နိုးလာတယ်။ တစ်ယောက်က အလုပ်ရှင်။ တစ်ယောက်က အလုပ်သမား။

အလုပ်ရှင်က တွေးတယ်။ 'အလကား အလုပ်မလုပ်ဘဲ ငွေကို အလကား လိုချင်နေတဲ့အကောင်နဲ့မှ မီးတစ်ဖိုထဲမှာ အတူတူ ရှိနေရတယ်လို့ကွာ'

အလုပ်သမားကလည်း တွေးတယ်။ 'ငါတို့ လုပ်အားတွေကို ခေါင်းပုံဖြတ်ပြီး ကြီးပွားနေတဲ့ အကောင်နဲ့ ဒီနေရာမှာ လာပြီးဆုံရတယ်လို့။ တော်ပြီ ငါ့အိတ်ထဲက ထင်းကို မီးဖိုထဲမထည့်တော့ဘူး'။ နှစ်ယောက်စလုံးဟာ မီးဖိုကို ကျောပေးလိုက်ကြတယ်။ ဆက်ပြီး အိပ်ငိုက်နေတော့တယ်။

မီးဖိုထဲမှာ မီးကနည်းသထက် နည်းလာပြီ။ အပြင်မှာလည်း နှင်းမှုန်တိုင်းတွေက တဝုန်းဝုန်းနဲ့။ အေးလိုက်တာလည်း လွန်ရော။ အဲ့ဒီအချိန်မှာ ကျန်တဲ့လူနှစ်ယောက် နိုးလာတယ်။ ထင်ထည့်မယ်လို့ လုပ်တယ်။ မီးရောင်မှိန်မှိန်အောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် မြင်လိုက်ရပြန်တယ်။ နှစ်ယောက်လုံးရဲ့ စိတ်ထဲမှာ

ဒီလိုတွေးမိကြတယ်။ ‘ငါ့နယ်နော် ဒီလိုဘာသာမတူတဲ့ မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ သူနဲ့မှ မျက်နှာချင်းဆိုင် လာတွေ့ရတယ်လို့’။ သူတို့နှစ်ယောက်ဟာ ကိုးကွယ်ယုံကြည်မှုချင်း မတူကြဘူး။ ကိုယ့်အိတ်ထဲမှာပါတဲ့ ထင်းတွေကို ပြန်ပြီးသိမ်းလိုက်ကြတယ်။ မီးဖိုကို ကျောပေးလိုက်ကြတယ်။

နောက်တစ်နေ့မနက်မှာ ကယ်ဆယ်ရေးအဖွဲ့တွေ ဒီဂူထဲကို ရောက်လာတယ်။ မီးမရှိတော့တဲ့ ပြာပုံဘေးမှာ အေးခဲပြီး သေဆုံးနေတဲ့ အလောင်း (၆)လောင်းကို သူတို့တွေ့ရတယ်။ သူတို့အလောင်းကို စစ်ဆေးကြည့်တော့ လောင်းကုတ်အင်္ကျီထဲမှာ ထင်းကိုယ်စီနဲ့၊ မီးခြစ်ကိုယ်စီနဲ့၊ ထင်းရှူးဆီကိုယ်စီနဲ့။ စားစရာကိုယ်စီနဲ့ပေါ့။

“ထင်းတွေ၊ မီးခြစ်တွေ၊ စားစရာတွေ၊ ထင်းရှူးဆီကိုယ်စီနဲ့ ဘာကြောင့်များ အအေးမိပြီး သေဆုံးသွားကြရတာလဲနော်”လို့ တွေးတောရင်း အလောင်း (၆) လောင်းကို သယ်သွားကြပါတော့တယ်။

□

ဒီဖြစ်ရပ်ထဲက လူ (၆)ယောက်ဟာ ကျွန်တော်တို့ မိသားစုပါ။ နောက်ဆုံးတော့ အားလုံး ဆုံးရှုံးကြရတာပါပဲ။

ကျွန်တော်တို့ပတ်ဝန်းကျင်မှာလည်း မီးဖိုးဘေးက လူတွေလို အာဃာတအဆိပ်ကိုသောက်ပြီး သေဖို့ကြိုးစားနေကြတဲ့သူတွေ အများကြီးပါပဲ။ တစ်ခါတလေ ကျွန်တော်လည်း ပါတယ်။

မီးဖိုဘေးက လူတွေလို မင်းဘယ်သူလဲ၊ ငါဘယ်သူလဲ၊ မင်းဘာလဲ၊ ငါဘာလဲ ဆိုတဲ့ အတ္တစိတ်တွေ အတတ်နိုင်ဆုံး ပယ်နိုင်ကြရင် သိပ်ကောင်းမှာပဲဗျာ။

*မန္တလေးနေ့စဉ်သတင်းစာ*
*၂၀၁၀၊ ဖေဖော်ဝါရီ*

"လက်ညှိုးညွှန်ရာ စေစားနိုင်တဲ့
ရှင်ဘုရင်ကြီးပဲ ဖြစ်ဖြစ်၊
သုံးမကုန်၊ ဖြုန်းမကုန်တဲ့
မဟာသူဌေးမင်းကြီးပဲ ဖြစ်ဖြစ်၊
အရာရာကို သိစွမ်းနိုင်တဲ့
မဟာပညာကျော်ကြီးပဲ ဖြစ်ဖြစ်၊
လူသားကောင်းကျိုး မသယ်ပိုးသေးသ၍
ဘုရားရှေ့မှာတော့ 'သုည' ပဲ"။

